စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# စိုက်ပျိုးစီးပွားသတင်းလွှာ

(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ)

အပတ်စဉ်သတင်းလွှာ အမှတ်စဉ် - ၃၀ မှ ၃၄ /၂၀၂၂ ထိအား စုစည်းတင်ပြပါသည်။

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃၀ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၄) ရက်

| ၄-၈-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၅၀.၀ |
| ယူရို | ၁၈၈၄.၃ |
| စင်္ကာပူဒေါ်လာ | ၁၃၄၀.၉ |
| စတာလင်ပေါင် | ၂၂၅၀.၆ |
| ဂျပန်ယန်း (၁၀၀) | ၁၃၇၇.၄ |
| တရုတ်ယွမ် | ၂၇၃.၈၁ |
| ဟောင်ကောင်ဒေါ်လာ | ၂၃၅.၆၈ |
| အိန္ဒိယရူပီး | ၂၃.၂၅၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၁.၁၉ |
| မလေးရှားရင်းဂစ် | ၄၁၄.၉၈ |
| ဖိလစ်ပိုင်ပီဆို | ၃၃.၂၂၆ |
| ထိုင်းဘတ် | ၅၁.၃၁၀ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၀၆၀ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**
  - မြန်မာနိုင်ငံတွင် ဆန်အမျိုးအစားအားလုံးနီးပါး ဈေးနှုန်းမြင့်တက်လျက်ရှိ
  - တရုတ်ပြည်တွင်း ပဲပုပ်ဈေးကွက်တိုးတက်ရေးအတွက် မျက်နှာသာပေး သောပံ့ပိုးမှုများ ပြုလုပ်နေ
  - ထိုင်းနိုင်ငံပင်ရင်းဖြစ်သည့် သကြားအပေါ် တန်ပြန်စုပုံခွန်ကောက်ခံနေသည့် ဗီယက်နမ်နိုင်ငံ
  - အင်ဒိုနီးရှားနိုင်ငံတွင် ဟင်းချက်ဆီဈေးနှုန်းများ ဆက်လက်ကျဆင်းနေ
  - Biofach အော်ဂဲနစ်ပြပွဲတွင် မြန်မာလက်ဖက်နှင့် လက်ဖက်ခြောက်ထုတ်ကုန်များ ပါဝင်ပြသခြင်း
  - တရုတ်ပြည်တွင်း ပဲပုတ်ဈေးကွက် ဇူလိုင်လတွင်အားပျော့
  - တရုတ်ပြည်တွင်း ယူရီးယားဈေးနှုန်းများသည် ဇူလိုင် ၂၅ ရက်တွင် ၃ ဒသမ ၆၃ ရာခိုင်နှုန်း ကျဆင်းခဲ့
- **အထွေထွေသတင်းများ**
  - တရုတ်နိုင်ငံကို RCEP မည်မျှအကျိုးပြုကြောင်း ၂၀၂၂ ခုနှစ် ကနဦးတွေ့ရှိချက်များ
  - ပထမလအနည်းငယ်အတွင်း RCEP အကောင်အထည်ဖော်မှု အကျဉ်းချုပ်

## မြန်မာနိုင်ငံတွင် ဆန်အမျိုးအစားအားလုံးနီးပါး ဈေးနှုန်းမြင့်တက်လျက်ရှိ

ရန်ကုန်မြို့၊ ဝါးတန်းဈေးကွက်တွင် ဆန်အမျိုးအစား အားလုံးနီးပါး၏ ဈေးနှုန်းများမြင့်တက်လျက်ရှိကာ အချို့ဆန်အမျိုးအစားများမှာ တစ်အိတ် ကျပ် ၁ သောင်းခန့်ထိပင် မြင့်တက်လာသည်ဟု သိရပါသည်။

ဆန်များအနက် ‌တောင်ပျံဖျာပုံ(သစ်) ဈေးက အများဆုံးမြင့်တက်နေခြင်းဖြစ်ပြီး ၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် တစ်အိတ်(၁.၅ တင်း) လျှင် ၅၅၀၀၀-၅၈၀၀၀ ကျပ်ကြား ရှိရာမှ ဩဂုတ်လ ၁ ရက်နေ့၌ ၆၅၀၀၀-၆၇၀၀၀ ကျပ်အထိ မြင့်တက်လာခြင်း ဖြစ်ပါသည်။

အလားတူပင် တောင်ပျံမော်ကျွန်း(သစ်) အမျိုးအစားမှာလည်း သိသိသာသာ ဈေးတက်နေပြီး၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် တစ်အိတ်(၁.၅ တင်း) လျှင် ၅၁၀၀၀-၅၃၀၀၀ ကျပ်ကြားရှိရာမှ ဩဂုတ်လ ၁ ရက်နေ့၌ ၆၀၀၀၀-၆၁၀၀၀ ကျပ်အထိ ဖြစ်လာပါသည်။ ထို့အတူ ရွှေဘိုပေါ်ဆန်း(သစ်) ဆန်၊ ဖျာပုံပေါ်ဆန်းမွှေးနှင့် ဒေးဒရဲပေါ်ဆန်းမွှေးများမှာလည်း ဈေးနှုန်းမြင့်တက်လာပါသည်။

ဆန်ကြမ်းဈေးနှုန်းမှာ ဆန်ချောကဲ့သို့ များစွာတက်လာခြင်းမရှိသေးကြောင်းနှင့် ရန်ကုန်မြို့နယ်များအတွင်း ဆန်ချောလက်လီဈေးများက ပိုမိုမြင့်မားကြောင်း လေ့လာသိရှိရပါသည်။ ဩဂုတ်လ ၁ ရက်နေ့၌ ရန်ကုန်ဝါးတန်းဈေးကွက်တွင် ဖြစ်ပေါ်ခဲ့သော ဆန်တစ်အိတ် (၁.၅ တင်း) ဈေးနှုန်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

| | |
|---|---|
| ဆန် (ဖျာပုံပေါ်ဆန်းမွှေး) | - ၅၆၀၀၀ မှ ၆၀၀၀၀ ကျပ် |
| ဆန်(ဒေးဒရဲပေါ်ဆန်းမွှေး) | - ၅၅၀၀၀ မှ ၆၀၀၀၀ ကျပ် |
| ဆန်(မြောင်းမြပုသိမ်ပေါ်ဆန်းမွှေး) | - ၅၈၀၀၀ မှ ၆၁၀၀၀ ကျပ် |
| ဆန်(ပေါ်ဆန်းနယ်စုံသစ်) | - ၅၅၀၀၀ မှ ၅၇၀၀၀ ကျပ် |
| ဆန်(ဧည့်မထ) | - ၃၂၀၀၀ မှ ၃၃၀၀၀ ကျပ် |
| ဆန်(ငစိန်)(သစ်) | - ၃၃၀၀၀ မှ ၃၅၀၀၀ ကျပ် |
| ဆန်(မြီးဒုံး)(သစ်) | - ၄၅၀၀၀ မှ ၄၆၀၀၀ ကျပ် |
| ဆန်(ရွှေဘိုပေါ်ဆန်း) (သစ်) | - ၇၃၀၀၀ မှ ၈၇၀၀၀ ကျပ် |
| ဆန်(ဧည့်မထ ၂၅%)(သစ်) | - ၃၀၅၀၀ မှ ၃၁၀၀၀ ကျပ် |
| ဆန်(ရက် ၉၀ သစ်ရှယ်) | - ၃၈၅၀၀ မှ ၄၀၀၀၀ ကျပ် |

Agribusiness & Trade

| | |
|---|---|
| ဆန်(သီးထပ်) | – ၃၁၅၀၀၀ မှ ၃၃၀၀၀၀ ကျပ် |
| ကြားပျံ့ရှယ်(သစ်) | – ၅၈၀၀၀၀ မှ ၆၆၀၀၀၀ ကျပ် |
| ပေါ်ဆန်းရှယ် | – ၅၆၀၀၀၀ မှ ၆၀၀၀၀၀ ကျပ် |
| တောင်ပျံ့(ဖျာပုံ)(သစ်) | – ၆၅၀၀၀၀ မှ ၆၇၀၀၀၀ ကျပ် |
| ပေါ်ကျွဲ(ဖျာပုံ)(သစ်) | – ၄၃၀၀၀၀ မှ ၄၅၀၀၀၀ ကျပ် |
| တောင်ပျံ့(မော်ကျွန်း)(သစ်) | – ၆၀၀၀၀၀ မှ ၆၁၀၀၀၀ ကျပ် |
| ပေါ်ကျွဲ(မော်ကျွန်း) | – ၄၂၀၀၀၀ မှ ၄၄၀၀၀၀ ကျပ် |

ရင်းမြစ်၊ greenwaymyanmar.com
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

……………………………………………………………………

## တရုတ်ပြည်တွင်း ပဲပုပ်ဈေးကွက်တိုးတက်ရေးအတွက် မျက်နှာသာပေးသော ပံ့ပိုးမှုများ ပြုလုပ်နေ

SunSirs မှ စောင့်ကြည့်ထိန်းကျောင်းသည့်အချက်အလက်များအရ တရုတ်ပြည်တွင်း ပဲပုပ်ဈေးကွက်မှာ ဩဂုတ်လအစောပိုင်းတွင် အခြေအနေတိုးတက်လာခဲ့ပြီး၊ ဈေးနှုန်းအနည်းငယ်မြင့်တက်လာကာ တစ်တန်လျှင် ၆,၂၀၀ ယွမ်ခန့်အထိ ရှိလာပါသည်။ ဇူလိုင်လ အစပိုင်းတွင် ပြည်တွင်းပဲပုပ်ပေါက်ဈေးမှာ တစ်တန်လျှင် ၆,၁၆၄ ယွမ်ဖြစ်ခဲ့ပါသည်။ ဩဂုတ်လ ၂ ရက်နေ့တွင် မူပျမ်းမျှဈေးမှာ တစ်တန်လျှင်၆,၁၆၀ ရှိခဲ့ပြီး တစ်ရက်တည်းတွင် ၀ကျဆင်းခဲ့ကာ၊ % ၀၆.၀ % ၁၃. မြင့်တက်ခဲ့သည်ကို တွေ့ရပါသည်။

တရုတ်နိုင်ငံတော်အရန်သိုလှောင်ထားရှိမည့် ပဲပုပ်လေလံ အရောင်းအဝယ်မှာ တိုးတက်လာပြီး ပြည်တွင်းပဲပုပ်ဈေးလည်း တိုးတက်လာကြောင်း သိရသည်။

ဇူလိုင်လတွင် တရုတ်ပြည်တွင်းပဲပုပ် ရောင်းဝယ်မှုများ အားနည်းခဲ့ပြီး ပြည်တွင်းအရံသိုလှောင်မှု၏ လေလံတင်ရောင်းချမှုနှုန်းမှာ ကျဆင်းခဲ့ကာ၊ ဈေးကွက်မှာလည်း အကျဘက်၌ ဆက်လက်ရှိခဲ့သည်။

ဩဂုတ်လမှစတင်၍ ပြည်တွင်းပဲပုပ်ဈေးကွက် ပြန်လည်ကောင်းမွန်လာပြီး အမျိုးသားအရန်သိုလှောင်ရေး ပဲပုပ်လေလံ အရောင်းအဝယ်မှာ ပိုမိုကောင်းမွန်လာရာ ပြည်တွင်းပဲပုပ်ဈေးကွက်မြင့်တက်မှုကို အထောက်အကူဖြစ်စေပါသည်။

ဩဂုတ် ၂ ရက်က COFCO Oil Co., Ltd. ၏ အမျိုးသားအရန် ပဲပုပ်လေလံ နှစ်လမ်းသွားလေလံရောင်းဝယ်ရေး အစီအစဉ်တွင် ပဲပုပ်တန်ချိန် ၅၆,၀၆၄ ရောင်းချခဲ့ပြီး၊ ယင်းအနက် တန်ချိန် ၈,၂၃၀ အား Baiquan အရန်ကောက်ပဲသီးနှံ ဗဟိုဌာနအောက်ရှိ သိုလှောင်ရုံမှ တိုက်ရိုက်လေလံတင်ရောင်းချခဲ့ကာ၊ ၄၇,၈၃၄ တန်ကို Beian အရန်ကောက်ပဲသီးနှံ ဗဟိုဌာနအောက်ရှိ ဂိုဒေါင်မှ တိုက်ရိုက်လေလံတင်ခဲ့ပြီး အားလုံးကိုရောင်းချခဲ့ရပါသည်။ SunSirs မှ စိုက်ပျိုးရေးထွက်ကုန်များလေ့လာဆန်းစစ်သူက နိုင်ငံတော်အရန် သိုလှောင်ရေး ပဲပုပ်လေလံ အရောင်းအဝယ်တိုးတက်လာသောကြောင့်၊ ပဲပုပ်ဈေးကွက်၏ ဆိုးရွားသည့် အခြေအနေ ပြီးဆုံးသွားပြီဟု ယုံကြည်နေပြီး၊ အနာဂတ်တွင် တရုတ်ပြည်တွင်း ပဲပုပ်ဈေးနှုန်းသည် မြင့်မားသောအဆင့်တွင် ဆက်လက်လည်ပတ်နေဦးမည်ဟု သုံးသပ်ထားပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

..........................................................................

## ထိုင်းနိုင်ငံပင်ရင်းဖြစ်သည့် သကြားအပေါ် တန်ပြန်စုပုံခွန်ကောက်ခံနေသည့် ဗီယက်နမ်နိုင်ငံ

ဗီယက်နမ်နိုင်ငံသည် အာဆီယံ ၅ နိုင်ငံမှတစ်ဆင့် တင်သွင်းသော ထိုင်းနိုင်ငံ ပင်ရင်းဖြစ်သည့် သကြားများအပေါ် တန်ပြန်စုပုံခွန် (anti-dumping) နှင့် အခွန်ရှောင်တိမ်းမှု ပြုလုပ်ခြင်းအပေါ် အခွန်ရှောင်တိမ်းမှုအတွက် တန်ပြန်ကောက်ခံခွန် (anti-circumvention) တို့ စည်းကြပ်ရန်ဆုံးဖြတ်ချက်ကို ချမှတ်လိုက်ပါသည်။

တနင်္လာနေ့တွင် ၎င်းကိစ္စအပေါ် အပြီးသတ်စီရင်ချက်ချခဲ့ပြီး ဩဂုတ်လ ၉ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်အထိ အခွန် ၄၇.၆၄ ရာခိုင်နှုန်း ကောက်ခံသွားမည်ဟု သိရပါသည်။ ၎င်းကိစ္စရပ်မှာ ဗီယက်နမ်ပြည်တွင်းလုပ်ငန်းများက လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့မှ တင်သွင်းလာသော သကြားထွက်ကုန်များမှာ ၎င်းနိုင်ငံများမှ ပင်ရင်း

Agribusiness & Trade

အဖြစ် ထုတ်လုပ်ခြင်းမဟုတ်ကြောင်း တိုင်ကြားပြီးနောက် ယခင်နှစ် စက်တင်ဘာလအတွင်း စုံစမ်းစစ်ဆေးမှု စတင်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ၂၀၂၁ ခုနှစ်၊ ဇွန်လအတွင်း ဗီယက်နမ်နိုင်ငံမှ သကြား တင်သွင်းမှုမှာ တန်ချိန် ၅၂၇,၂၀၀ သို့ မြင့်တက်ခဲ့ကာ၊ ယခင်နှစ်ကထက် ငါးဆမြင့်တက်လာခဲ့ ကြောင်း ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

သို့သော် ထိုင်းနိုင်ငံမှ တင်သွင်းမှုမှာမူ အလားတူကာလတွင် ၃၈ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ၊ ၎င်းကာလမှာ ဗီယက်နမ်နိုင်ငံဘက်မှ ထိုင်းသကြားများအပေါ် အစုလိုက်အပုံလိုက် ဖြစ်ပေါ်စေ ခြင်းနှင့် ထောက်ပံ့ကြေးပေးခြင်းအတွက် စုံစမ်းခဲ့သည့်ကာလ ဖြစ်ပါသည်။

"စုံစမ်းတွေ့ရှိချက်များအရ သကြားတင်သွင်းမှု ရုတ်တရက် ခုန်တက်သွားခြင်းက သကြား လုပ်ငန်းတွင် အထက်ဖော်ပြပါ ၅ နိုင်ငံကိုဖြတ်၍ ထိုင်းနိုင်ငံထုတ်သကြား၏ ကုန်သွယ်ရေးကု စားမှုများပြုလုပ်ထားခြင်းကို အထောက်အထားပြသည့် လက္ခဏာများ တွေ့ရှိကြောင်း"ကုန်သွယ် ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ဇွန်လတွင် ဗီယက်နမ်သည် ထိုင်းနိုင်ငံမှ သကြားထွက်ကုန်အချို့အပေါ် ၅ နှစ် တာအတွက် တန်ပြန်စုပုံခွန် ၄၇.၆၄ ရာခိုင်နှုန်း ကောက်ခံထားပါသည်။ ဗီယက်နမ် ပြည်တွင်း သကြားလုပ်ငန်းတွင် အခက်အခဲဖြစ်ပေါ်မှုများကြောင့် ဗီယက်နမ် လယ်သမား ၃,၃၀၀ ခန့် အလုပ်လက်မဲ့ဖြစ်ခဲ့ပြီး၊ လယ်ယာလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၆၃,၂၂၅ ကို ထိခိုက်ခဲ့ ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

Source: vnexpress

ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

.....................................................................................

## အင်ဒိုနီးရှားနိုင်ငံတွင် ဟင်းချက်ဆီဈေးနှုန်းများ ဆက်လက်ကျဆင်းနေ

အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သော ၃-၄ လခန့်က ဟင်းချက်ဆီ (၂) လီတာလျှင် IDR ၅၇,၀၀၀ (အမေရိကန်ဒေါ်လာ ၃.၈၂ ဒေါ်လာခန့်)အထိ စံချိန်တင်မြင့်တက်ခဲ့ပါသည်။ ထိုအချိန် တွင်အင်ဒိုနီးရှားအစိုးရက ဟင်းချက်ဆီဈေးနှုန်းကို ထိန်းချုပ်မည့် ဈေးကွက်ယန္တရားကိုထုတ် ပြန်ခဲ့ပါသည်။

CNBC Indonesia ၏ လေ့လာစောင့်ကြည့်မှုအရ Bekasi ဧရိယာရှိ ဆိုင်များတွင် စားသုံးဆီအမြောက်အများ ဈေးနှုန်းသည် လွန်ခဲ့သည့် ၂ လကဖြစ်ပေါ်ခဲ့သည့်ဈေးနှုန်း တစ်ကီလိုလျှင် IDR ၁၇,၀၀၀ မှ ယခု IDR ၁၅,၀၀၀ သို့ ကျဆင်းသွားသည်ဟု သိရပါသည်။ ထို့အပြင် ယခုအခါ စားသုံးဆီအမြောက်အများကို တံဆိပ်အမည်မပါရှိဘဲ တစ်လီတာ ပုလင်းများဖြင့် တစ်ပုလင်းလျှင် IDR ၁၄,၀၀၀ ဖြင့် ဝယ်ယူရရှိနေပြီဖြစ်ပါသည်။ တစ်ချိန်တည်း တွင် အင်ဒိုနီးရှားအစိုးရ၏ လက်ရှိရည်မှန်းချက်မှာ လက်လီတစ်လီတာလျှင် IDR ၁၄,၀၀၀ သို့မဟုတ် ဟင်းချက်ဆီအများဈေးနှုန်းအတွက် တစ်ကီလိုလျှင် IDR ၁ ၅,၅၀၀ ဖြစ်ပါသည်။

ထိုအချိန်တွင် Bimoli အမှတ်တံဆိပ် ဟင်းချက်ဆီဈေးနှုန်းမှာ တစ်လီတာလျှင် IDR ၂၄,၀၀၀ ဖြစ်သည်။ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ဈေးကွက်နှင့် အခြေခံလိုအပ်ချက်များ စောင့်ကြည့်ရေးစနစ် (Kemendag) က ဟင်းချက်ဆီအမျိုးအစားအားလုံး၏ နိုင်ငံတစ်ဝှမ်း ပျမ်းမျှဈေးနှုန်းများ ကျဆင်းသွားကြောင်းနှင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဟင်းချက်ဆီဈေးနှုန်း ကျဆင်းသွားကြောင်း သိရပါသည်။

ဇူလိုင်လ၂၉ ရက်နှင့် နှိုင်းယှဉ်ပါက ဩဂုတ်လ ၁ ရက်နေ့တွင် အများအပြား ရောင်းချသည့် ဟင်းချက်ဆီ တစ်လီတာလျှင် IDR ၁၀၀ လျော့နည်း၍ IDR ၁၄,၃၀၀ သို့ ကျဆင်းခဲ့ပြီး၊ ရိုးရိုးထုပ်ပိုးမှု တစ်လီတာလျှင် IDR ၁၈,၉၀၀ ဈေး ရှိခဲ့ပါက၊ ပရီမီယံ ထုပ်ပိုးထားသော ဟင်းချက်ဆီ တစ်လီတာလျှင် IDR ၂၀၀ ကျဆင်း၍ IDR ၂၃,၂၀၀ ရှိခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ခေတ်မီလက်လီရောင်းချမှုတွင် ဟင်းချက်ဆီဈေးနှုန်းများ ကျဆင်းသွားခြင်းအပြင် ပရိုမိုးရှင်းလျှော့ဈေးများပါ ကျဆင်းလာခဲ့သည်။ ဥပမာအားဖြင့် Allo Bank အသုံးပြုသူများက ဟင်းချက်ဆီ IDR ၅ သိန်းဖိုး ဟင်းချက်ဆီဝယ်ယူပါက အထူးလျှော့ဈေး ၁၀ % + ၅ % ရရှိနိုင်မည်ဟု ကြော်ငြာခြင်းမျိုး ဖြစ်ပါသည်။

အင်ဒိုနီးရှား စားအုန်းဆီအသင်း (GAPKI) ၏ အထွေထွေ ဥက္ကဋ္ဌ ဂျိုကို ဆူပရီယိုနိုကမူ အင်ဒိုနီးရှားနိုင်ငံတွင် ဟင်းချက်ဆီ လီတာ၂.၅ သန်းကို ထိခိုက်လွယ်သော အုပ်စုများအတွက် အခြေခံလိုအပ်သဖြင့် ၎င်းပမာဏအပေါ်တွင်သာ အစိုးရက အာရုံစိုက်သင့်ကြောင်း၊ ကျန်ဝယ်လိုအားကို ထိန်းချုပ်ခြင်းထက် ဈေးကွက်ယန္တရားအရ လည်ပတ်စေရန် ထားရှိသင့်ကြောင်း အကြံပြုပြောကြားထားသည်ဟု သိရပါသည်။

ရင်းမြစ်၊ CNBC Indonesia

ဒေါက်တာရွှေစင်ကို

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

Agribusiness & Trade

## Biofach အော်ဂဲနစ်ပြပွဲတွင် မြန်မာလက်ဖက်နှင့် လက်ဖက်ခြောက်ထုတ်ကုန်များ ပါဝင်ပြသခြင်း

ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့တွင် ကမ္ဘာ့ထိပ်တန်းအော်ဂဲနစ်ထုတ်ကုန်ပြပွဲကြီးဖြစ်သည့် Biofach Organic ပြပွဲကို ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၆ ရက်မှ ၂၉ ရက်နေ့အထိ (၄) ရက်တိုင် Messe Nuremberg တွင် ပြပွဲတွင် ကိုယ်တိုင်လာရောက် ခင်းကျင်းပြသခြင်းနှင့် ဒစ်ဂျစ်တယ်အွန်လိုင်းဖြင့်ပြသခြင်း ပုံစံနှစ်မျိုးဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ ပြပွဲတွင် အော်ဂဲနစ် စားသောက်ကုန်များအပြင် Organic Non-food များဖြစ်သည့် အိမ်သုံးပစ္စည်း၊ အလှကုန်၊ အထည်၊ ဆေးဝါး၊ အပင်နှင့်မျိုးစေ့များ အစရှိသည်တို့ကို နိုင်ငံများစွာမှ အော်ဂဲနစ်ကုမ္ပဏီများက လာရောက်ပြသကြပါသည်။ ထို့အပြင် ပြပွဲတွင် အော်ဂဲနစ်ထုတ်ကုန်ဆိုင်ရာ ဆွေးနွေးပွဲဖိုရမ်များ၊ Congress များ၊ ကျွမ်းကျင်ပညာရှင်များ၏ ဟောပြောပို့ချချက်များ၊ Exhibitor များ၏ တင်ဆက်ပြသမှုများဖြင့် နေ့စဉ်ကျင်းပဆောင်ရွက်ခဲ့ပါသည်။ ပြပွဲလက်မှတ်ဝယ်ယူသူများသည် on site ပြပွဲအပြင် အွန်လိုင်းပြသမှု နှစ်မျိုးလုံးကို ကြည့်ရှုလေ့လာခွင့် ရရှိကြပါသည်။ ပြပွဲမတိုင်မီနှင့်ပြပွဲကာလများအတွင်း ဒစ်ဂျစ်တယ်အွန်လိုင်း စနစ်ဖြင့် Exhibitor နှင့် Visitor များအကြား ချိတ်ဆက်ဆောင်ရွက်မှု၊ တွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားပါသည်။

ပြပွဲတွင် Organic Africa Pavilion နှင့် BioTrade Asia Pavilion နှစ်ခုကို တစ်ခုတည်းအဖြစ် ပေါင်းစည်းထားသည့် Pavilion(Hall 3A-320) ၌ အာရှဒေသမှ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ ကုမ္ပဏီများက Biotrade Asia Pavilion တွင်ပါဝင်ပြသကြပါသည်။ Pavilion Organizer အဖြစ် Profound Advisors in development (နယ်သာလန်) က တာဝန်ယူဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံမှ ဂျာမနီနိုင်ငံသို့ အော်ဂဲနစ် လက်ဖက်ခြောက်များ ထုတ်လုပ်တင်ပို့နေသည့် မောရှမ်းကုမ္ပဏီက ကိုယ်တိုင်လာရောက် ပြသပါသည်။ Yatha Waddi ကုမ္ပဏီ (Paline လက်ဖက်) က ဒစ်ဂျစ်တယ် အွန်လိုင်းဖြင့် ပါဝင်ပြသ၍ ထုတ်ကုန်များ ခင်းကျင်းပြသမှုကိုလည်း ဆောင်ရွက်ထားရှိကာ မြန်မာနိုင်ငံရှိ Helvetas အဖွဲ့အစည်းမှ တာဝန်ရှိသူများက ပြသရှင်းလင်းမှုပြုလုပ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ ဦးကာဝ လက်ဖက်ကုမ္ပဏီမှ ကိုယ်စားလှယ်(၁) ဦးက Visitor အဖြစ်လိုက်ပါ၍ ပြပွဲလေ့လာမှုများနှင့် အတွေ့အကြုံများကို ရယူဆောင်ရွက်ပါသည်။ စုစုပေါင်း မြန်မာနိုင်ငံမှ (၅)ဦး လာရောက်ခဲ့ပြီး အဆိုပါကုမ္ပဏီများ ပါဝင်ပြသမှုနှင့် လေ့လာမှုအတွက် မြန်မာနိုင်ငံရှိ Helvetas အဖွဲ့အစည်း၏ Bio Trade စီမံကိန်းက စရိတ်မျှခံ ပံ့ပိုးပေးခြင်းဖြစ်ပါသည်။

ပြပွဲကာလအတွင်း မောရှမ်းကုမ္ပဏီ အနေဖြင့် ဂျာမနီနှင့်ပိုလန်နိုင်ငံ အဝယ်တော်ကုမ္ပဏီများနှင့် မြန်မာအော်ဂဲနစ်လက်ဖက်ခြောက်များ တင်ပို့ရောင်းချနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှု

Agribusiness & Trade

များပြုလုပ်နိုင်ခဲ့ကာ ဆက်လက်ဆွေးနွေးညှိနှိုင်းသွားရန်ရှိပါသည်။ မောရှမ်းကုမ္ပဏီသည် လက်ရှိတွင် ဂျာမန် ကုမ္ပဏီများဖြစ်သည့် Chardoနှင့် Tee Gschwendner ကုမ္ပဏီများသို့ မြန်မာအော်ဂဲနစ်လက်ဖက်ခြောက်များ တင်ပို့လျှက်ရှိပြီး အီးယူဈေးကွက် ပိုမိုရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။ Yatha Waddi ကုမ္ပဏီ၏ ပလိုင်းအော်ဂဲနစ်လက်ဖက်ကိုလည်း စိတ်ဝင်စားသူများပြားကာ အထူးသဖြင့် လက်ဖက်အနှစ်တွင် သီဟိုစေ့အမှုန့်၊ ဗန်ဒါစေ့အမှုန့်နှင့် သံလွင်ဆီတို့ ထပ်မံရောစပ်၍ ဘီစကစ်မုန့်ချပ်၊ ပေါင်မုန့်တို့ဖြင့် မိတ်ဆက်စားသုံးမှုပုံစံကို နှစ်သက်ကြကြောင်း တွေ့ရှိရပါသည်။

ပြပွဲမတိုင်မီနှင့် ပြပွဲပြီးနောက် ခရီးစဉ်များအတွင်း မြန်မာအဖွဲ့သည် လက်ရှိ ဂျာမန်အဝယ်တော် ကုမ္ပဏီများဖြစ်သည့် Chardo နှင့် Tee Gschwendner ကုမ္ပဏီရုံးချုပ်များ တည်ရှိရာ ဘရီမင်မြို့ (Bremen)နှင့် ဘွန်းမြို့(Bonn) များသို့ သွားရောက်တွေ့ဆုံဆွေးနွေးမှုနှင့် ထုတ်လုပ်မှုနေရာဒေသများအား လေ့လာမှုများ၊ လယ်သမားအထောက်အကူပြုအစီအစဉ်များနှင့် ထုတ်ကုန် အရည်အသွေးပိုင်းဆိုင်ရာ ဆောင်ရွက်သင့်သည်များအတွက် Helvetas အဖွဲ့အစည်း ပါဝင်၍ ဆွေးနွေးမှုများ၊ Business matching များကိုလည်း ပြုလုပ်ခဲ့ကြပါသည်။ စီးပွားရေးသံမှူးအနေဖြင့် မြန်မာကိုယ်စားလှယ် အဖွဲ့မလာရောက်မီ လိုအပ်သည့်ဗီဇာများရရှိရေး၊ လာရောက်သည့်ကာလအတွင်း တည်းခိုမှုနှင့် Logistics ပိုင်း စီစဉ်ဆောင်ရွက်မှုများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဂျာမနီနိုင်ငံ အပါအဝင် အီးယူအဖွဲ့ဝင်နိုင်ငံများရှိ Tea companies များသို့ မြန်မာကုမ္ပဏီများ ပါဝင်ပြသမှုကို ဆက်သွယ်အကြောင်းကြားခြင်းများ၊ ပြပွဲကာလအတွင်း ဇူလိုင်လ(၂၉) ရက်နေ့တွင် နူရင်ဘတ်မြို့ရှိ ပြပွဲသို့ သွားရောက်၍ လိုအပ်သည်များပံ့ပိုးဆောင်ရွက်ပေးခြင်း၊ မြန်မာထုတ်ကုန်များ ဈေးကွက် ချိတ်ဆက်နိုင်မှုအခြေအနေအား လေ့လာခြင်း၊ Helvetas ရုံးချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

Biofach Organic ပြပွဲကို ၁၉၉ဝ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂ဝ၂၂ ခုနှစ် ပြပွဲသို့ နိုင်ငံပေါင်း (၉၄) နိုင်ငံမှ လာရောက်ပြသသူ **(Exhibitors)** ပေါင်း (၂၂၇၆) ဦးရှိခဲ့ပါသည်။ လာရောက်ကြည့်ရှုလေ့လာသူများ **(Trade visitors)** အနေဖြင့် နိုင်ငံပေါင်း (၁၃၇)နိုင်ငံမှ (၂၄ဝဝဝ) ဦးရှိခဲ့ပါသည်။ ၂ဝ၂၃ ခုနှစ်အတွက် Biofach Organic ပြပွဲကို (၁၄.၂.၂ဝ၂၃) မှ (၁၇.၂.၂ဝ၂၃) ရက်နေ့အထိ ကျင်းပရန် စီစဉ်ထားရှိပါသည်။

Source: https://www.biofach.de/en

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး

ဘာလင်

Agribusiness & Trade

## တရုတ်ပြည်တွင်း ပဲပုတ်စျေးကွက် ဇူလိုင်လတွင်အားပျော့

၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် တရုတ်ပြည်တွင်းပဲပုပ်စျေးကွက်သည် တစ်တန်လျှင် ၆,၁၀၀ ယွမ်ခန့်သာရှိသော စျေးကွက်အတွင်း အတက်အကျအနည်းငယ်ဖြင့် အားနည်းပြီး တည်ငြိမ်ခဲ့ကြောင်း ယခုလအစတွင် ပြည်တွင်းပေါက်စျေးမှာ တစ်တန်လျှင် ၆,၁၆၄ ယွမ်ဖြစ်ကြောင်း ဇူလိုင် ၂၆ ရက်တွင် ပြည်တွင်းစျေးကွက် ပျမ်းမျှစျေးသည် တစ်တန်လျှင် ၆,၁၂၅ ယွမ်ဖြစ်ပြီး ၀.၁၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း SunSirs ၏ စောင့်ကြည့်လေ့လာသည့် အချက်အလက်အရ ဖော်ပြထားပါသည်။

၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ယင်းထွက်ကုန်များ ဝယ်လိုအား ဆက်လက်ကျဆင်းလာကာ ပြည်တွင်းစျေးကွက်မှာ အားပျော့ပြီး ပဲပုပ်အသစ်များ ကြီးထွားလာချိန်၌ ပဲပုပ်ဟောင်းရောင်းလိုအား လျော့ကျလာကာ နိုင်ငံပိုင် လေလံစျေးကွက်တွင် အရောင်းအဝယ် ကျဆင်းပြီး ပြည်တွင်းပဲပုပ်စျေးကွက်မှာ ဆက်လက်တည်ငြိမ်လျက်ရှိကြောင်း ဇူလိုင်လလယ်တွင် နိုင်ငံတော်အရန် လေလံရောင်းချမှုနှုန်းမှာ အလွန်နည်းပြီး အရောင်းအဝယ်သမားများက စျေးကွက်အတွင်းသို့ ဝင်ရောက်ရန် သတိထားခဲ့ကြကြောင်း ပြည်တွင်းစျေးကွက်မှာ သိသိသာသာကျဆင်းသွားပြီး ပဲစျေးကွက်မှာ ပျော့ပြောင်း၍ ခန့်မှန်းရန် ခက်ခဲနေကြောင်း ယခုလကုန်တွင် ပြည်တွင်းစျေးအပြောင်းအလဲနည်းသဖြင့် ကုန်သည်များ တင်ပို့ရောင်းချကြကြောင်း အတက်အကျအနည်းငယ်သာရှိကြောင်း ယင်းထွက်ကုန်များ ဝယ်လိုအားမှာ အပြောင်းအလဲနည်းနေပြီး terminal ဝယ်လိုအားတိုးတက်လာရန် ခက်ခဲကြောင်းနှင့် ပြည်တွင်းစျေးကွက်သည် အနာဂတ်တွင် အားနည်းနေဦးမည်ဟု SunSirs ၏ စိုက်ပျိုးရေးထွက်ကုန် လေ့လာဆန်းစစ်သူက သုံးသပ်ထားပါသည်။

ရင်းမြစ် SunSirs: Domestic Soybean Market Was Weak in July
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

……………………………………………………………

## တရုတ်ပြည်တွင်း ယူရီးယားစျေးနှုန်းများသည် ဇူလိုင် ၂၅ ရက်တွင် ၃ ဒသမ ၆၃ ရာခိုင်နှုန်း ကျဆင်းခဲ့

၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၅ ရက်နေ့တွင် ပြည်တွင်း၌ ယူရီးယားတစ်တန်လျှင် ၂,၅၂၂ ယွမ်စျေးဖြင့် အနည်းငယ်လျော့ကျကာ ယမန်နှစ် အလားတူကာလ ဇူလိုင် ၂၂ ရက် စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ၉၅ ယွမ် (၉.၂၈ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း ထုတ်လုပ်မှုအထက်ပိုင်း upstream ကုန်ကျစရိတ် ပံ့ပိုးမှုမှာ ယေဘုယျသာဖြစ်၍ ထုတ်လုပ်မှု အောက်ပိုင်း down

stream တွင် စိုက်ပျိုးရေးဝယ်လိုအား အားနည်းလာပြီး စက်မှုလိုအပ်ချက်အတွက်ဖြည့်ဆည်းမှု မှာမလုံလောက်ကြောင်း ယူရီးယားထုတ်လုပ်သူများ၏ အရောင်းဖိအားသည် တိုးမြင့်လာပြီး အော်ဒါများကို ဆွဲဆောင်ရန် ဈေးနှုန်းလျှော့ချခဲ့ကြောင်း အချို့သောထုတ်လုပ်သူများက စက်ရုံ၏ အစိတ်အပိုင်းများ ပြန်လည်ပြင်ဆင်ပြီး ဖြစ်သော်လည်း နေ့စဉ်ယူရီးယား အထွက်နှုန်းမှာတန်ချိန် ၁၄၇,၀၀၀ ခန့်အထိ ကျဆင်းသွားဖွယ် ရှိနေကြောင်းနှင့် ပြည်တွင်းယူရီးယားဈေးကွက် ပေါက်ဈေးမှာ ပျမ်းမျှဈေး တစ်တန်လျှင် ၂,၅၂၀ ယွမ် ဝန်းကျင်ဖြင့် အနိမ့်ဆုံးအဆင့်တွင် စုစည်းနိုင်မည်ဟု မျှော်လင့်ရကြောင်း ဖော်ပြထားပါသည်။

ရင်းမြစ် [SunSirs: Domestic Urea Prices Fell 3.63% on July 25]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

## တရုတ်နိုင်ငံကို RCEP မည်မျှအကျိုးပြုကြောင်း ၂၀၂၂ ခုနှစ် ကနဦးတွေ့ရှိချက်များ

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) သည် ဇန်နဝါရီ ၁ ရက်၊ ၂၀၂၂ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့ကြောင်း ၂၀၂၂ ခုနှစ် ပထမသုံးလပတ်မှ အချက်အလက်များအရ တရုတ်နိုင်ငံသည် အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ တစ်နှစ်ထက်တစ်နှစ် ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးလာကာ ယွမ် ၂ ဒသမ ၈၆ ထရီလျံ (အမေရိကန်ဒေါ်လာ ၄၄၈ ဒသမ ၆ ဘီလီယံ) ပမာဏရှိကြောင်း RCEP သည် ဒေသတွင်း ပိုမိုကြီးမားသောဈေးကွက်ဝင်ရောက်ခွင့်ကို လုံခြုံစေရန် အတွက် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုအလားအလာကို ပိုမိုအသုံးချနိုင်စေရန် ခွင့်ပြုပေးကြောင်း အဓိကအကျိုးခံစားခွင့် ရသူများတွင် စက်ပိုင်းဆိုင်ရာနှင့် လျှပ်စစ်ထုတ်ကုန်အပိုင်းများ၊ အီး-ကူးသန်းရောင်းဝယ်ရေး e-commerce လုပ်ငန်းနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) တို့ ပါဝင်သည်။

RCEP ဆိုသည်မှာ ကမ္ဘာ့လူဦးရေနှင့် GDP ၏ သုံးပုံတစ်ပုံခန့်ကို လွှမ်းခြုံထားပြီး ယနေ့အထိ ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်ကို ကိုယ်စားပြုသည်။ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ဩစတြေးလျနှင့် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့ လက်မှတ်ရေးထိုးထားသည့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကုန်သွယ်ရေး သဘောတူစာချုပ်သည် ၂၀၂၂ ခုနှစ်အစတွင် အသက်ဝင်ခဲ့သည်။ RCEP သည် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုပြုလုပ်သည့် ကုန်ပစ္စည်းများ၏ အနည်းဆုံး ၉၀ ရာခိုင်နှုန်းအပေါ် အခွန်စည်းကြပ်မှု ဖယ်ရှားရန်

ရည်မှန်းထားပြီး အနှစ်၂၀ အတွင်း အကျိုးဝင်မည်ဖြစ်ကြောင်း လွတ်လပ်သောကုန်သွယ်မှုကို မြှင့်တင်ခြင်း၊ စက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များကို အားဖြည့်ပေးခြင်း၊ အခွန်စည်းကြပ်မှုများ ဖယ်ရှားပေးခြင်း၊ ကပ်ရောဂါဘေးမှ ဒေသတွင်းစီးပွားရေး ပြန်လည်နာလန်ထူလာစေရန် ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း RCEP အောက်တွင် တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံနှင့် သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် လွတ်လပ်စွာကုန်သွယ်မှု ဆက်ဆံရေးကို ထူထောင်ခဲ့ပြီး နှစ်နိုင်ငံကြား စီးပွားရေးပေါင်းစည်းမှုနှင့် ကုန်သွယ်မှုဆက်ဆံရေး ကို မြှင့်တင်ရန်မျှော်လင့်သည့် လှုပ်ရှားမှုတစ်ခု ဖြစ်သည်။

RCEP သည် တရုတ်နိုင်ငံအတွက်သာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အလွန် အရေးပါသောအချက်ဖြစ်သည်။ အဆိုပါ စာချုပ်သည် တရုတ်နိုင်ငံအတွက် ကြီးမားသောသွင်း ကုန်-ပို့ကုန် အခွင့်အလမ်းများကို ယူဆောင်လာကာ တရုတ်နိုင်ငံ၏ နှိုင်းယှဉ်အားသာချက်များရှိ သည့် ပို့ကုန်များချဲ့ထွင်ရန် စီးပွားရေးလုပ်ငန်းများကို အားပေးကာ အဓိကနည်းပညာများ၊ အစိတ် အပိုင်းများနှင့် ကုန်ကြမ်းများကို တင်သွင်းမှု တိုးမြင့်လာစေပါသည်။ ၎င်းသည် အာရှ-ပစိဖိတ် နိုင်ငံများနှင့်မဟာဗျူဟာအရ တရုတ်နိုင်ငံနှင့် ပိုမိုတည်ငြိမ်ပြီး ခိုင်မာသော ချိတ်ဆက်မှုကို ပံ့ပိုး ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်Entry into Force (EIF) ဖြစ်စေရန် ပြည်တွင်းလုပ်ထုံး လုပ်နည်းများ ဆောင်ရွက်ပြီးစီးကြောင်း အသိပေးအကြောင်းကြားစာ (Instrument of Ratification-IoR) ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ (၁၂-၅-၂၀၂၁) ရက်နေ့တွင် FERD ဌာနက အာဆီယံအတွင်း ရေးမှူးချုပ်ရုံးသို့ ပေးပို့ပြီးဖြစ်သည်ဟု သိရှိရပါသည်။ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုသဘောတူစာချုပ်သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား (၁-၅-၂၀၂၂) ရက် နေ့မှစတင်၍ အသက်ဝင်ပြီဖြစ်ပါသည်။ RCEP အဖွဲ့ဝင်နိုင်ငံများသည် စာချုပ်အာဏာအသက် ဝင်သည့်အချိန်တွင် ကုန်စည်လိုင်းအားလုံး၏ ၆၅% ကို အကောက်ခွန် ကင်းလွတ်ခွင့်ပြုရမည် ဖြစ်သော်လည်း မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့သည် ၃၀% သာ ကင်းလွတ်ခွင့်ပေးရ မည်ဖြစ်ပါသည်။ စာချုပ်အာဏာအသက်ဝင်ပြီး (၁၀) နှစ်အကြာတွင် ကျန်အဖွဲ့ဝင်နိုင်ငံများက ကုန်စည်လိုင်း စုစုပေါင်း၏ ၈၀% ကို အခွန် ကင်းလွတ်ခွင့်ပြုရမည်ဖြစ်သော်လည်း မြန်မာနိုင်ငံက (၁၅) နှစ် အကြာတွင်မှ အခွန် ကင်းလွတ်ခွင့်ပြုရမည်ဖြစ်ပါသည်။

(စီးပွား-ကူးသန်း-မြန်မာ)

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

Agribusiness & Trade

## ပထမလအနည်းငယ်အတွင်း RCEP အကောင်အထည်ဖော်မှု အကျဉ်းချုပ်

၂၀၂၂ ခုနှစ်သည် RCEP ၏အစဖြစ်ကြောင်း ကူးစက်ရောဂါဖြစ်ပွားနေသော်လည်း RCEP နိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုသည် တရုတ်နိုင်ငံ၏ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှုတန်ဖိုး၏ ၃၀.၄ ရာခိုင်နှုန်းဖြစ်ပြီး ယွမ် ၂.၈၆ ထရီလီယံ (ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၄၄၈.၆ ဘီလီယံ) ရှိကြောင်း အကောက်ခွန် အထွေထွေအုပ်ချုပ်ရေး (GAC) မှ ကိန်းဂဏန်းအရ သိရကြောင်း အာဆီယံသည် တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်လာကြောင်း တရုတ်နှင့် RCEP အဖွဲ့ဝင်များအကြား ပို့ကုန်နှင့် သွင်းကုန်များသည် တဖြည်းဖြည်းတိုးပွားလာပြီး အမေရိကန်ဒေါ်လာ ၂၀၃ ဘီလီယံ (ယွမ် ၁.၃၈ ထရီလီယံ) နှင့် အမေရိကန်ဒေါ်လာ ၂၁၈ ဘီလီယံ (ယွမ် ၁.၄၈ ထရီလျံ) အသီးသီး မြင့်တက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၁.၁ ရာခိုင်နှုန်းနှင့် ၃.၂ ရာခိုင်နှုန်း တိုးလာခဲ့သည်။

အထက်ပါကိန်းဂဏန်းများကို အသေးစိတ်စိတ်ဖြာကြည့်မည်ဆိုပါက စက်ပိုင်းဆိုင်ရာနှင့် လျှပ်စစ်ထုတ်ကုန်များနှင့် လုပ်သားအထူးပြုထုတ်ကုန်များသည် ပို့ကုန်များ လွှမ်းမိုးခဲ့ပြီး ၅၂.၁ ရာခိုင်နှုန်းနှင့် ၁၇.၈ ရာခိုင်နှုန်း အသီးသီးရှိပါကြောင်း စက်ပိုင်းဆိုင်ရာနှင့် လျှပ်စစ်ပစ္စည်းများ၊ သတ္တုရိုင်းနှင့် သတ္တုရိုင်းသဲနှင့် စိုက်ပျိုးရေးထွက်ကုန်များ တင်သွင်းမှုမှာ ၄၈ ဒသမ ၅ ရာခိုင်နှုန်း၊ ၉ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၆ ရာခိုင်နှုန်း အသီးသီးရှိပါကြောင်း အာဆီယံနိုင်ငံများမှ လယ်ယာထွက်ကုန် အမေရိကန်ဒေါ်လာ ၆.၇၉ ဘီလီယံ (ယွမ် ၄၆.၀၂ ဘီလီယံ) တင်သွင်းခဲ့ပြီး၊ တစ်နှစ်ထက်တစ်နှစ် တင်သွင်းမှု ၁၄.၁ ရာခိုင်နှုန်းတိုးကာ တရုတ်နိုင်ငံ၏ လယ်ယာထွက်ကုန် စုစုပေါင်းတန်ဖိုး၏ ၁၃.၇ ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။

တရုတ်နိုင်ငံ၏ အကောက်ခွန်စာရင်းဇယားများအရ RCEP အဖွဲ့ဝင်ဖြစ်မှု၏ အကျိုးဆက်ကြောင့် ပထမသုံးလပတ်တွင် တရုတ်စီးပွားရေးလုပ်ငန်းများသည် ယွမ် ၆.၇ ဘီလီယံတန်ဖိုးရှိသော သွင်းကုန်များမှ ယွမ် ၁၃၀ သန်းနှင့် ယွမ် ၃၇.၁ ဘီလီယံတန်ဖိုးရှိ ပို့ကုန်များတွင် ယွမ် ၂၅၀ သန်းကို ဦးစားပေးအကောက်ခွန်ဖြင့် သွင်းကုန်များတွင် မျှတသော အကျိုးအမြတ်ရရှိခဲ့ကြောင်း အကောက်ခွန်စာရင်းဇယားများက ဖော်ပြသည်။

တရုတ်နိုင်ငံသည် ပြည်တွင်းကုမ္ပဏီများအား RCEP လက်မှတ် ၁၀၉,၀၀၀ ထုတ်ပေးခဲ့ပြီး ကုန်ပစ္စည်းတင်ပို့သည့်အခါတွင် အကောက်ခွန်လျှော့ချခြင်းမှ အခွင့်ကောင်းယူရန် တွန်းအားပေးခဲ့သည်။

အခြားအဖွဲ့ဝင် ၁၄ နိုင်ငံအနက် တောင်ကိုရီးယားသည် တရုတ်၏အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်ကြောင်း နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် ပထမသုံးလပတ်တွင် အမေရိကန်ဒေါ်လာ

၉၀.၃ ဘီလီယံအထိ တစ်နှစ်ထက်တစ်နှစ် ၁၄.၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း RCEP မှတစ်ဆင့် တရုတ်နိုင်ငံနှင့် ပထမဆုံးအကြိမ် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည့် ဂျပန်နိုင်ငံသည် ဒုတိယနေရာတွင်ရှိပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၉ ဒသမ ၆ ဘီလျံရှိပြီး တစ်နှစ်ထက်တစ်နှစ် ၃ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုသည် ပထမသုံးလပတ်တွင် အမေရိကန်ဒေါ်လာ ၂၁၂ ဒသမ ၂ ဘီလီယံအထိရှိပြီး ၁၀ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ကုန်သွယ်မှုအကြီးမားဆုံးတိုးတက်မှုမှာ ကမ္ဘောဒီးယားနိုင်ငံနှင့်ဖြစ်ပြီး ၃၉ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ကာ ယင်းနောက်တွင်အင်ဒိုနီးရှားက ၃၁ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းသိရှိရပါသည်။

**RCEP က တရုတ်နိုင်ငံအတွက် ရေရှည်မှာ ဘာကိုဆိုလိုတာလဲ ?**

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် တရုတ်နိုင်ငံသည် ကုန်သွယ်မှုသဘောတူစာချုပ်၏ အရည်အသွေးမြင့် အကောင်အထည်ဖော်မှုကိုမြှင့်တင်ရန် လမ်းညွှန်ချက်အသစ်ကို မိတ်ဆက်ခဲ့ကြောင်း အရည်အသွေးမြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရန် ပြင်းထန်သော ပြိုင်ဆိုင်မှုနှင့်အတူ ဒေသဆိုင်ရာ ပိုမိုပွင့်လင်းသော ဒေသတွင်းဈေးကွက်သို့ လိုက်လျောညီထွေဖြစ်အောင် အစိုးရများ၊ စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို လမ်းညွှန်ရန်ရည်ရွယ်ပါကြောင်း သဘောတူညီချက်၏ စီးပွားရေးလွတ်လပ်ခွင့်အပေါ် အလေးပေးမှုသည် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် အဆင့်မြင့်ဖွင့်လှစ်မှုမှတစ်ဆင့် ပိုမိုနက်ရှိုင်းသော ပြုပြင် ပြောင်းလဲမှုများပြုလုပ်ရန် တရုတ်နိုင်ငံကို တွန်းအားပေးနိုင်ပါသည်။

အဆိုပါသဘောတူညီချက်သည် နိုင်ငံခြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တည်ငြိမ်စေရန်၊ စက်မှုအဆင့်မြှင့်တင်ရေးကို မြှင့်တင်ရန်နှင့် နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသောထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အကောင်းဆုံးဖြစ်အောင် တွန်းအားပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

**စည်းကြပ်ခွန်များ ဖြည်းညှင်းစွာ ဖယ်ရှားခြင်းဆိုသည်မှာ**

ဒေသသည် အမျိုးမျိုးသော ထုတ်လုပ်မှုသွင်းအားစုများ လွတ်လပ်စွာစီးဆင်းမှုနှင့်အတူ ကြီးမားစုစည်းသော ဈေးကွက်ဆီသို့ ရွေ့လျားနေခြင်းကို ဆိုလိုပါကြောင်း ဤဖွဲ့စည်းမှုသည် နှိုင်းယှဉ်အားသာချက်များ၊ ကုန်စည်ဖလှယ်မှု၊ နည်းပညာနှင့် အရင်းအနှီးဖလှယ်ခြင်းတို့ကို အကျိုးပြုသည့်အပြင် ဒေသတွင်းနေလူများ၏ နယ်စပ်ဖြတ်ကျော်ရွေ့ပြောင်းမှုအပေါ် အခြေခံ၍ ဒေသတွင်းထောက်ပံ့မှုနှင့် တန်ဖိုးကွင်းဆက်များကို ပြန်လည်ဖွဲ့စည်းမည်ဖြစ်ကြောင်း ဒေသတွင်း လည်ပတ်မှုကလည်း ပို၍အဆင်ပြေစေပြီး ပြိုင်ဆိုင်မှုများလည်း ရှိမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ပြီးပြည့်

စုံသော စက်မှုလုပ်ငန်းကွင်းဆက်များနှင့် နည်းပညာဆိုင်ရာ ခွန်အားများသည် ၎င်း (တရုတ်နိုင်ငံ) ၏ "နှစ်ထပ်လည်ပတ်မှု" တွင် အခြားနိုင်ငံများကို ပေါင်းစည်းမည်ဖြစ်ကြောင်း အခွန်စည်းကြပ်မှု မရှိဘဲ နှိုင်းယှဉ်ပြိုင်နိုင်မှု၏ အကျိုးသက်ရောက်မှုသည် ကြီးမားလာဖွယ်ရှိပါသည်။

**တရုတ်ငွေကြေး(ယွမ်)ဖြင့်ပေးချေမှု** အခန်းကဏ္ဍသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပံ့ပိုးရန်နှင့် အဆင့်မြင့်စက်မှုကွင်းဆက်နှင့် ထုတ်လုပ်မှုပရောဂျက်များတွင် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန်အတွက် RCEP အောက်တွင် ကြီးမားသော နိုင်ငံတကာ အသွင်ကူးပြောင်းရေး အလားအလာကိုလည်း တွေ့မြင်ရပါကြောင်း နယ်စပ်ဖြတ်ကျော် တရုတ်ငွေကြေး(ယွမ်)ပေးချေမှုဖြင့် လက်ရှိ ဘုံကုန်သွယ်မှု ငွေကြေးဖြစ်သော အမေရိကန်ဒေါ်လာကို အစားထိုးခြင်းဖြင့် ဒေသတွင်းကုန်သွယ်မှု၏ စွမ်းဆောင်ရည်ကို ပိုမိုတိုးတက်စေပါသည်။

နောက်ဆုံးအနေဖြင့် Belt and Road Initiative (BRI) နှင့်အတူ RCEP နှင့် တရုတ်နိုင်ငံ၏ ပူးပေါင်းပါဝင်မှုသည် အခြေခံအဆောက်အအုံချိတ်ဆက်မှုဖန်တီးခြင်းဖြင့် ဒေသတွင်းစီးပွားရေးတိုးတက်မှုနှင့် သာယာဝပြောရေးကို မြှင့်တင်ရန်ဖြစ်ပါကြောင်း ပထမသုံးလပတ်တွင် တရုတ်စီးပွားရေးလုပ်ငန်းများသည် BRI နိုင်ငံများသို့ ငွေကြေး မဟုတ်သော တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ပြီး ယင်းပမာဏမှာ ယွမ် ၂၀.၀၈ ဘီလီယံဖြစ်ပြီး စုစုပေါင်းပြည်ပရင်းနှီးမြှုပ်နှံမှု၏ ၂၀ ရာခိုင်နှုန်းအထိ ပထမအကြိမ်အဖြစ် ပါဝင်ခဲ့ပါကြောင်း ရင်းနှီးမြှုပ်နှံမှုများမှာ အဓိကအားဖြင့် စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နှင့် အခြားအာဆီယံနိုင်ငံများတွင် ဖြစ်ကြောင်း သိရှိရပါသည်။

## RCEP အောက်တွင် စောင့်ကြည့်ရမယ့် လမ်းကြောင်းတွေက ဘာတွေလဲ?

**(က) E-commerce** –RCEP ၏အခန်း(၁၂)သည် e-commerce ကို မြှင့်တင်ရန်နှင့် ၎င်းအတွက် အထောက်အကူဖြစ်စေသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် မူဝါဒဆိုင်ရာပတ်ဝန်းကျင်ကို ဖန်တီးရန်ရည်ရွယ်ကြောင်း ရည်မှန်းချက်မှာ သွင်းကုန်နှင့် ပို့ကုန်ကုန်ကျစရိတ်ကို လျှော့ချရန်နှင့် ဒေသတွင်းရှိ စက်မှုနှင့် တန်ဖိုးကွင်းဆက်များကို ပိုမိုကောင်းမွန်စွာ ပေါင်းစည်းရန်ဖြစ်ကြောင်း နိုင်ငံခြားကုန်သွယ်မှုပုံစံသစ်ဖြစ်သော နယ်စပ်ဖြတ်ကျော် e-commerce သည် တရုတ်နိုင်ငံ၏ သွင်းကုန်နှင့် ပို့ကုန်များ တည်ငြိမ်စေရန်အတွက် အရေးကြီးသော မောင်းနှင်အားတစ်ခု ဖြစ်လာခဲ့ပါကြောင်း ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံ၏ နယ်စပ်ဖြတ်ကျော် e-commerce ၏ သွင်းကုန်နှင့် တင်ပို့မှု ပမာဏသည် ယွမ် ၁.၉၈ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၁၁.၅ ဘီလီယံ) ရှိပြီး ၁၅ ရာခိုင်နှုန်း တိုးမြင့်ကာ e-commerce တင်ပို့မှုမှာ ယွမ် ၁.၄၄ ထရီလီယံ ရှိကာ နှစ်စဉ် ရာခိုင်နှုန်း ၂၄.၅ တိုးလာပါကြောင်း ဒစ်ဂျစ်တယ်စီးပွားရေး၏ အရှိန်အဟုန်ဖြင့် ကြီးထွားလာခြင်း

ကြောင့် ဆိုက်ဘာလုံခြုံရေး၊ တစ်ဦးချင်းကိုယ်ရေးကိုယ်တာနှင့် အမျိုးသားလုံခြုံရေးနှင့် သက်ဆိုင်မှုကို အခန်း ၁၂ တွင် အများအတွက် ဖော်ပြထားပါကြောင်း အခန်း ၁၂ ၏ အထူး ထင်ရှားသော ရှုထောင့်နှစ်ခုမှာ ကန့်သတ်ထားသော ကွန်ပျူတာ အဆောက်အအုံများနှင့် ဒေတာများအတွက် လိုအပ်ချက်များကို တားမြစ်သည့်အချက်များ ဖြစ်ပါကြောင်း RCEP လက်မှတ်ရေးထိုးထားသည့် တရုတ်နိုင်ငံအနေဖြင့် ယင်း အချက်အလက်များနှင့်ပတ်သက်၍ ကာလရှည်ကြာစွာလွတ်လပ်စွာ ရပ်တည်မှုမှ ခွဲထွက်ရန် မူအရပထမဆုံး ကတိကဝတ်ပြုခဲ့ပါကြောင်း ဖော်ပြထားပါသည်။

**(ခ) အသေးစားနှင့် အလတ်စားလုပ်ငန်းမှ ဆောင်ရွက်သူများအား မြှင့်တင်ပေးရန်** –RCEP သည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များတွင် ပါဝင်ရန် SMEs များအတွက် အရေးကြီးသော အခွင့်အလမ်းများ ပံ့ပိုးပေးခြင်းဖြင့် SME များ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း စာချုပ်သည် ဒေသတွင်း ထောက်ပံ့မှုကွင်းဆက်စီမံခန့်ခွဲမှုကို လွယ်ကူချောမွေ့စေရန်၊ ဒေသတွင်း အရင်းအမြစ်ရွေးချယ်ခွင့်များ တိုးမြင့်လာစေရန်၊ လုပ်ငန်းများအတွက် ငွေပေးငွေယူ ကုန်ကျစရိတ်များကို လျှော့ချရန်နှင့် SME လုပ်ငန်းများကို ဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအဖြစ် ပေါင်းစည်းရန် "ဒေသတွင်း ပင်ရင်း" စည်းမျဉ်း rule of “origin in the region” ကို လက်ခံကျင့်သုံးမည်ဖြစ်ပါသည်။

ရင်းမြစ်များ (၁) စီးပွား–ကူးသန်း(မြန်မာ)

(၂) https://www.china-briefing.com/news/how-has-the-rcep-benefitted-china-findings-from-the-initial-months-of-operation-2022/

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

……………………………………………………………………………………………

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန


# စိုက်ပျိုးစီးပွားသတင်းလွှာ


အမှတ်စဉ် ( ၃၁/ ၂၀၂၂)　　　　　　　　　　　　၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၁) ရက်


| ၁၁-၈-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၁၆၉.၄ |
| စင်္ကာပူဒေါ်လာ | ၁၅၃၃.၅ |
| စတာလင်ပေါင် | ၂၅၆၆.၂ |
| ဂျပန်ယန်း (၁၀၀) | ၁၅၈၃.၃ |
| တရုတ်ယွမ် | ၃၁၁.၅၉ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၆၅ |
| အိန္ဒိယရူပီး | ၂၆.၃၇၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၁.၃၈ |
| မလေးရှား ရင်းဂစ် | ၄၇၂.၄၄ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၈၈၈ |
| ထိုင်းဘတ် | ၅၉.၆၄၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၉၇၆၃ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- ➢ ယခုနှစ် ဇွန်လကုန်၌ အင်ဒိုနီးရှားနိုင်ငံတွင် ဆန်လက်ကျန် တန်ချိန် ၉.၇၁ သန်း ရှိခဲ့
- ➢ ဩဂုတ်လ ၁၀ ရက်နေ့၌ တရုတ်ပြည်တွင်း ယူရီးယားဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့
- ➢ ဩဂုတ်လဆန်းပိုင်း၌ တရုတ်နိုင်ငံ ပဲပုပ်အစာဈေးကွက် မြင့်တက်လာ
- ➢ ဇူလိုင်လအတွင်း တရုတ်နိုင်ငံသို့ ပါကစ္စတန်မှ ဆန်တင်ပို့မှု ၁၀ ရာခိုင်နှုန်း နီးပါးတိုးလာ
- ➢ ဆန်ဈေးနှုန်းများ ကြီးမြင့်နေသော်လည်း ပုဂ္ဂလိကဆန်တင်သွင်းမှု ပြုလုပ်သွားဖွယ်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ
- ➢ ယခုနှစ် ပထမ ၇ လအတွင်း အမေရိကန်ဒေါ်လာ ၈၉ သန်းတန်ဖိုးရှိ ဆန်များကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ
- ➢ ထိုင်းနိုင်ငံ၏ ကောက်ပဲသီးနှံ သတင်း
- ➢ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် (၂)သိန်း တင်ပို့မည့် အင်ဒိုနီးရှားနိုင်ငံ
- ➢ ယူကရိန်းမှ ကောက်ပဲသီးနှံ ပြန်လည်တင်ပို့မှုများပြုလုပ်ရန် ကြိုးစားလာ
- ➢ ဩဂုတ်လ (၂) ရက်နေ့၌ အမေရိကန်ပြည်ထောင်စုရှိ ကောက်ပဲသီးနှံဈေးနှုန်းများ ကျဆင်းခဲ့
- ➢ ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့မှု စံချိန်တင်မြင့်တက်ခဲ့

- တရုတ်ပြည်တွင်း စားအုန်းဆီဈေးကွက် ဆက်လက်ကျဆင်းနေ
- ဩဂုတ် ၄ ရက်တွင် တရုတ် ပြည်တွင်း ယူရီးယားဈေးနှုန်းများသည် ၀.၃၃ ရာခိုင်နှုန်း မြင့်တက်ခဲ့
- အင်ဒိုနီးရှားမှ စားအုန်းဆီရောင်းလိုအား တိုးမြှင့်မည့် အလားအလာကြောင့် ဩဂုတ်လ (၄)ရက်နေ့တွင် ကမ္ဘာ့စားအုန်းဆီဈေးနှုန်း ကျဆင်းခဲ့

**▪ အထွေထွေသတင်းများ**

- နိုင်ငံအများအပြား၌ ဂဏန်းနှစ်လုံး ငွေကြေးဖောင်းပွမှုကို ကြုံတွေ့နေရဟု
- ကမ္ဘာ့ဘဏ်က ထုတ်ဖော်ပြောကြား
- ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရပ်ဝန်းနှင့် ပိုးလမ်းမ ထူးခြားသတင်းများ
- စီးပွားရေးအခြေအနေအပေါ် စိုးရိမ်ပူပန်မှုများကြောင့် တရုတ်နိုင်ငံ၏ BRI ရင်းနှီးမြှုပ်နှံမှုများ နှေးကွေးလာ
- ဩဂုတ် ၉ ရက်နေ့တွင် တရုတ်နိုင်ငံ ရှန်တုန်းရေနံချက်စက်ရုံရှိ ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်းများ မြင့်တက်ခဲ့
- ဂျာမနီနိုင်ငံတွင်ပို့ကုန်ဝင်ငွေ ပြန်လည်မြင့်တက်လာခြင်း
- Biofach 2023 အော်ဂဲနစ်ပြပွဲ ကျင်းပမည့်အစီအစဉ်
- Fruit Logistica ပြပွဲ ကျင်းပမည့်အစီအစဉ်
- Ambiente ကုန်စည်ပြပွဲ ကျင်းပမည့်အစီအစဉ်
- Anuga–Food and Beverage ပြပွဲကျင်းပမည့်အစီအစဉ်

## ယခုနှစ် ဇွန်လကုန်၌ အင်ဒိုနီးရှားနိုင်ငံတွင် ဆန်လက်ကျန် တန်ချိန် ၉.၇၁ သန်းရှိခဲ့

ယခုနှစ်အတွင်း အင်ဒိုနီးရှား စိုက်ပျိုးရေးဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအေဂျင်စီ (BPS) တို့ပူးပေါင်း၍ နိုင်ငံ၏ ဆန်စပါးလက်ကျန်စစ်တမ်းကို ပြည်နယ် ၃၄ ခုရှိ ခရိုင်/ မြို့ငယ် ၄၉ဝ တွင် ပြုလုပ်ခဲ့ပါသည်။ အလားတူစစ်တမ်းကို ၂၀၁၅ ခုနှစ်က ပြုလုပ်ခဲ့ပါသည်။ ယခုပြုလုပ်သည့် စစ်တမ်းအရ အင်ဒိုနီးရှားနိုင်ငံတွင် ယခုနှစ်၊ ဇွန်လကုန်၌ ဆန်လက်ကျန် ၉.၇၁ သန်း ရှိနေကြောင်း၊ ၆၇.၉၄ ရာခိုင်နှုန်းမှာ အိမ်ထောင်စုများ၏ လက်ဝယ်၌ရှိပြီး၊ ၁၁.၄ဝ ရာခိုင်နှုန်းမှာ Bulog တွင်ရှိကာ၊ ဆန်စက်များတွင် ၇.၁၅ ရာခိုင်နှုန်းနှင့် ကုန်သည်များထံတွင် ၁ဝ.၆၇ ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရပါသည်။ ဆန်လက်ကျန်များအနက် တန်ချိန် ၃.၄၁ သန်းကို စပါးအနေဖြင့် သိမ်းဆည်းထားကြပြီး၊ တန်ချိန် ၆.၂၄ သန်းကို GKP နှင့် GKG မှ ဆန်အဖြစ်ပြောင်းလဲ၍ သိမ်းဆည်းထားခြင်း ဖြစ်ပါသည်။

နိုင်ငံ၏ ဆန်လက်ကျန်အနေအထားအပေါ် အထောက်အထားဖြင့် သိရှိထားခြင်းအားဖြင့် နိုင်ငံတော်၏ ဖြန့်ဖြူးမှုနှင့် အနေအထားကို ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ စားနပ်ရိက္ခာသီးနှံ ညွှန်ကြားရေးမှူးချုပ် ဆူဝမ်ဒီက မှတ်ချက်ပြုပြောကြားပါသည်။

ရင်းမြစ်၊ www.cnbcindonesia.com

ဒေါက်တာရွှေစင်ကို

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

…………………………………………………………………………

## ဩဂုတ်လ ၁ဝ ရက်နေ့၌ တရုတ်ပြည်တွင်း ယူရီးယားဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့

ဩဂုတ်လ (၁ဝ) ရက်နေ့တွင် တရုတ်ပြည်တွင်း ယူရီးယားဈေးနှုန်းမှာ တစ်တန်လျှင် ၂,၃၁၂ ယွမ် ဖြစ်ခဲ့ပြီး၊ ဩဂုတ်လ ၉ ရက်နေ့နှင့် နှိုင်းယှဉ်လျှင် ၁.၇ဝ ရာခိုင်နှုန်းကျဆင်းသွားကာ တစ်တန်လျှင် ယွမ် ၄ဝ နှင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ၁၇.၄၃ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

ယူရီးယားကုန်ကြမ်းထုတ်လုပ်သည့်ဘက်မှ ကုန်ကျစရိတ်များမှာ ယေဘုယျအခြေအနေ၌သာ ရှိနေပြီး၊ ကုန်ချောထုတ်လုပ်သည့် လယ်ယာစိုက်ပျိုးရေးဘက်မှ ဝယ်လိုအားမှာ အများဆုံးဝယ်ယူ

ချိန်ကို ကျော်လွန်သွားပြီဖြစ်၍ စက်မှုကုန်ထုတ်လုပ်မှုဘက်မှသာ အဓိကဖြစ်နေပါသည်။ ဒြပ်ပေါင်းဓာတ်မြေသြဇာစက်ရုံများမှာ ဘေးထွက်ဝယ်လိုအားအပေါ် အဓိကဖြစ်နေပါသည်။ အချို့ထုတ်လုပ်သူများက စက်ရုံများကို အလုံးစုံပြုပြင်ထိန်းသိမ်းမှုများပြုလုပ်နေသဖြင့် နေ့စဉ်အထွက်နှုန်းမှာ တန်ချိန် ၁၅၀,၀၀၀ ခန့် ရှိပါသည်။

လတ်တလောအခြေအနေတွင် တရုတ်ပြည်တွင်းယူရီးယားဈေးကွက်ပေါက်ဈေးမှာ အနိမ့်ဆုံးပျမ်းမျှဈေးနှုန်းဖြစ်သည့် တစ်တန်လျှင် ၂,၃၅၀ ယွမ်ဝန်းကျင်၌ တည်ရှိနေနိုင်ကြောင်း ခန့်မှန်းရရှိပါသည်။

ရင်းမြစ်၊ SunSirs

ဒေါက်တာရွှေစင်ကို

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

.........................................................................

## ဩဂုတ်လဆန်းပိုင်း၌ တရုတ်နိုင်ငံ ပဲပုပ်အစာဈေးကွက် မြင့်တက်လာ

SunSirs ၏ စောင့်ကြည့်လေ့လာသည့် အချက်အလက်များအရ ဩဂုတ် ၄ ရက်မှစတင်၍ အမေရိကန် ပဲပုပ်အစာကို နိုင်ငံခြားဈေးကွက်က ပံ့ပိုးပေးလျက်ရှိပြီး ပဲပုပ်အစာဈေးလည်း ပြန်လည်ကောင်းလာခဲ့သည်ဟု သိရပါသည်။ ဩဂုတ်လ (၄) ရက်နေ့တွင် ပဲပုပ်ပျမ်းမျှဈေးမှာ တစ်တန်လျှင် ၄,၂၀၂ ယွမ်ဖြစ်ခဲ့ပြီး၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် တစ်တန်လျှင် ၄,၂၉၆ ယွမ်ဖြစ်ခဲ့ရာ ၂.၂၄ ရာခိုင်နှုန်း တိုးလာခဲ့သည်ကို တွေ့ရပါသည်။

ဩဂုတ်လ ၄ ရက်နေ့မှစတင်၍ အမေရိကန်ပဲပုပ်များဘက်မှ လှုပ်ခပ်မှုကြောင့် ဈေးနှုန်းအထက်သို့ ပြန်လည်တက်လာခြင်း ဖြစ်ပါသည်။ အမေရိကန်မှ ပဲပုပ်တင်ပို့မှု မြင့်တက်နေသော်လည်း တိုးတက်မှုနှုန်း ကျဆင်းနေသဖြင့် ပဲပုပ်ဈေးကွက်မှာ မျက်နှာသာပေးသည့် အကြောင်းအရာအချို့ဖြင့် ဈေးကောင်းလာခြင်း ဖြစ်ပါသည်။

အမေရိကန်ပဲပုပ်ဈေးကွက်မှာ ဈေးမြင့်တက်နေသည့်ကာလတွင်ရှိနေပြီး ရာသီဥတုအပေါ် ဈေးကစားမှုများ ဆက်လက်ရှိနေသောကြောင့် အနာဂတ်တွင် တရုတ်နိုင်ငံ၏ ပြည်တွင်းပဲပုပ်ဈေး

ကွက်မြင့်တက်နေနိုင်ဖွယ်ရှိကြောင်း SunSirs စိုက်ပျိုးရေးထုတ်ကုန်လေ့လာဆန်းစစ်သူက ခန့်မှန်းထားပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

## ဇူလိုင်လအတွင်း တရုတ်နိုင်ငံသို့ ပါကစ္စတန်မှ ဆန်တင်ပို့မှု ၁၀ ရာခိုင်နှုန်းနီးပါး တိုးလာ

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ပထမငါးလတွင် ပါကစ္စတန်မှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၇၇.၅၆ သန်းကျော်ရှိခဲ့ကာ ယခင်နှစ်ကထက် ၉.၇၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ပါကစ္စတန်သည် တရုတ်နိုင်ငံသို့ ဆန်ကွဲတင်သွင်းသည့်နိုင်ငံများအနက် တစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေကြောင်း တရုတ်အကောက်ခွန် စီမံခန့်ခွဲရေး (GACC) ၏ တရားဝင်အချက်အလက်များအရ သိရသည်။

လက်ရှိတွင် ဆန်ကွဲအထူးသဖြင့် IRRI-6၊ IRRI-9 အမျိုးအစားနှင့် တစ်စိတ်တစ်ပိုင်း သို့မဟုတ် ရာနှုန်းပြည့်ကြိတ်ခွဲပြီး ဆန်များကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့သည့်နေပြီး ဘာစမာတီနှင့် အခြားထိပ်တန်းဆန်မျိုးများကို တရုတ်ဈေးကွက်သို့ မြင့်တင်၍ တင်ပို့နိုင်ရန် ကြိုးစားရဦးမည်ဖြစ်ကြောင်း၊ ပြီးခဲ့တဲ့နှစ်အတွင်း တရုတ်နိုင်ငံက ပါကစ္စတန်မှ အမေရိကန်ဒေါ်လာ ၄၃၇ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၉၇၃,၀၀၀ ကို တင်သွင်းခဲ့ကြောင်း၊ ပါကစ္စတန်မှ ဆန်တင်ပို့သူအသစ် ၇ ဦးကို တရုတ်အကောက်ခွန်အတည်ပြုစာရင်းတွင် ထည့်သွင်းခဲ့ပြီး ဆန်တင်ပို့ခွင့်ရှိသူ ၅၃ ဦးအထိ တိုးလာခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံက ဆန်တင်ပို့ရာတွင် အထောက်အကူဖြစ်စေရန် ပါကစ္စတန်ဆန်အပေါ် တင်သွင်းခွင့်ကန့်သတ်ချက်များကို ဖြေလျှော့ပေးလိုက်ကြောင်း၊ လာမည့်နှစ်အနည်းငယ်အတွင်း ပါကစ္စတန်နိုင်ငံက တရုတ်၏ အကြီးဆုံးဆန်တင်သွင်းသူဖြစ်လာမည်ဟု ယုံကြည်ချက်ရှိကြောင်း ပေကျင်းမြို့ရှိ ပါကစ္စတန်သံရုံးမှ စီးပွားရေးသံမှူး Badar uz Zaman က ပြောသည်။

နှစ်အနည်းငယ်အတွင်း ပါကစ္စတန်သည် တရုတ်နိုင်ငံသို့ ဆန်အများဆုံးတင်ပို့သူဖြစ်လာမည် ဟုယုံကြည်ကြောင်း CEN က ဖော်ပြသည်။ ယခုနှစ် ပထမငါးလအတွင်း ကုန်စည်ကုဒ် (၁၀၀၆၃၀၈၀) ဆန်ကွဲခေါင်းစဉ်အောက်၌ တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၂ သန်းခန့် တင်ပို့ခဲ့ကာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၈၆၅.၂၆ ရာခိုင်နှုန်း တိုးလာခဲ့ပြီး၊ ကုန်စည်ကုဒ် (10063020) တစ်ဝက်တစ်ပျက်သို့မဟုတ် အပြည့်အဝ ကြိတ်ခွဲထားသည့်ဆန် ခေါင်းစဉ်အောက်၌ အမေရိကန်ဒေါ်လာ ၁၃၂ သန်းဖိုး တင်ပို့ထားပြီး ဖြစ်ကြောင်း သိရပါသည်။

ပါကစ္စတန်သည် တရုတ်ဈေးကွက်အတွင်း ပါကစ္စတန်ဆန်အကြောင်း အသိပညာပေးနိုင်ရန်အတွက် သမားရိုးကျနှင့် အထူးသဖြင့် လူမှုမီဒီယာပလက်ဖောင်းများကို အသုံးပြုနေကြောင်း စီးပွားရေးသံမှူးမှ ပြောကြားခဲ့သည်။

ရင်းမြစ်၊ nation.com.pk

ဒေါက်တာရွှေစင်ကို

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

………………………………………………………………………………

## ဆန်ဈေးနှုန်းများ ကြီးမြင့်နေသော်လည်း ပုဂ္ဂလိက ဆန်တင်သွင်းမှု ပြုလုပ်သွားဖွယ်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်ဈေးကွက်တည်ငြိမ်စေရန်အတွက် ဆန်တင်သွင်းမှုအား ပုဂ္ဂလိကမှပြုလုပ်စေရန် ဆုံးဖြတ်ထားကြောင်း စားနပ်ရိက္ခာဝန်ကြီးဌာန၏ ဝန်ကြီး Sadhan Chandra Majumder က ပြောကြားလိုက်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် Boro စပါးရိတ်သိမ်းချိန်ဖြစ်နေသော်လည်း နိုင်ငံအတွင်း ဆန်ဈေးနှုန်း များစွာမြင့်တက်လာခြင်းကြောင့် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ၎င်းဆုံးဖြတ်ချက်ကို ဆက်လက်ဆောင်ရွက်ရန်အတွက် ဝန်ကြီးချုပ်ထံသို့ တင်ပြ၍ အတည်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးထားချက်များအရ တင်သွင်းမည့်ဆန်များကို အကောက်ခွန်လွတ် တင်သွင်းခွင့်ပြုရန်နှင့် လယ်သမား၊ ဈေးကွက်နှင့် အခြားဆက်နွယ်သူများအား အရှုံးနှင့်ရင်ဆိုင်ခြင်းမရှိစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တရားမဝင် ဆန်ဈေးကစားသူများကို ဖော်ထုတ်ရန်အတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရပါသည်။

ယေဘုယျအားဖြင့် Boro စပါးရိတ်သိမ်းချိန်တွင် ဆန်ဈေးကျလေ့ရှိသော်လည်း ယခုနှစ်တွင် ဈေးနှုန်းများစွာကြီးမြင့်နေကြောင်း သိရပါသည်။ လက်ကားရောင်းချသူများက ဆန်စက်များဘက်မှ ဈေးနှုန်းမြှင့်သည်ဟု ပြောဆိုကြသော်လည်း၊ ဆန်စက်ပိုင်ရှင်များဘက်ကလည်း ယခုနှစ် စပါးဈေးနှုန်းများမြင့်မားနေခြင်းကြောင့် ဆန်ဈေးတက်ရသည်ဟု ပြစ်တင် ပြောဆိုလျက်ရှိပါသည်။

စားနပ်ရိက္ခာဝန်ကြီးကမူ ဆန်စက်ပိုင်ရှင်များ၏ ပြစ်တင်ပြောဆိုချက်အပေါ် ၎င်းတို့ကိုယ်တိုင်ဆိုးရွားသည့်ယှဉ်ပြိုင်မှုတွင် ပါဝင်နေသူများဖြစ်ကြောင်း၊ Boro စပါးအသစ်အစား ဆန်အဟောင်းများကို ထုတ်ရောင်းနေခြင်းဖြစ်ကြောင်း စွပ်စွဲပြောဆိုခဲ့ကာ၊ စားသုံးသူများ၏ အကျိုးအတွက် ပြည်ပမှဆန်များကို အကောက်ခွန်နှိမ့်ချပေး၍ တင်သွင်းနိုင်စေရန် အားပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထိုအတောအတွင်း အိန္ဒိယနိုင်ငံဘက်တွင်လည်း ဂျုံတင်ပို့မှုအား ရုတ်တရက်တားမြစ်လိုက်ခြင်းနှင့်အတူ ဆန်ကုန်သည်များဘက်မှ တိုးမြှင့်ဝယ်ယူခြင်း၊ နောင်ကာလအတော်ကြာမှ ပေးပို့ပေးရန်အတွက် ပုံမှန်မဟုတ်သည့် အမှာစာများပြုလုပ်ခြင်းကို တားဆီးလိုက်ပါသည်။ အိန္ဒိယ၏ဆောင်ရွက်ချက်ကြောင့် ဆန်တင်ပို့မှုများအပေါ် ကန့်သတ်လိုက်မည်ကိုလည်း စိုးရိမ်လာကြပါသည်။

ပြီးခဲ့သည့် ရက်သတ္တ ၂ ပတ်အတွင်း ဇွန်လမှ စက်တင်ဘာလကြား ဆန်တန်ချိန် ၁ သန်း တင်ပို့ရန်အတွက် စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြကာ၊ လက်မှတ်ရေးထိုးပြီးသည်နှင့် ငွေပေးချေရန် letters of credit များကို လျင်မြန်စွာဖွင့်လာကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြထားပါသည်။

သို့ရာတွင် အိန္ဒိယမှ စားနပ်ရိက္ခာပိုင်းဆိုင်ရာ တာဝန်ရှိသူအကြီးအကဲ Sudhanshu Pandey က မိမိတို့နိုင်ငံ၌ ဆန်လုံလောက်သည်ထက်ပင် ကျော်လွန်၍ရှိနေရာ တင်ပို့မှုတားမြစ်ရန်ကိစ္စကို စဉ်းစားခြင်းပင်မရှိကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။ ယခုနှစ်အတွင်း အိန္ဒိယမှ ဆန်တန်ချိန် ၉.၆ သန်းနီးပါးကို သဘော်တင်ပို့ထားပြီးဖြစ်ကာ၊ ၂၀၂၁ ခုနှစ်က တင်ပို့မှုထက် ကျော်လွန်ပြီးဖြစ်ကြောင်း သိရပါသည်။

အိန္ဒိယ၏ ၅ ရာခိုင်နှုန်း အကျိုးအကြေပါဝင်သည့် ဆန်ဖြူအမျိုးအစားမှာ အခြေခံအားဖြင့် FOB ဈေး တစ်တန်လျှင် ၃၃၀ ဒေါ်လာမှ ၃၄၀ ဒေါ်လာကြားရှိပါသည်။ ၎င်းဈေးနှုန်းမှာ တစ်တန်လျှင် ၄၅၅ ဒေါ်လာမှ ၄၆၀ ဒေါ်လာကြားရှိသည့် ထိုင်းဆန်နှင့် ၄၂၀ ဒေါ်လာမှ ၄၂၅ ဒေါ်လာကြားရှိ ဗီယက်နမ်ဆန်တို့ထက် ဈေးနှုန်းသိသိသာသာနည်းပါးပါသည်။ ထို့ကြောင့် ဈေးနှုန်းအားဖြင့် ယှဉ်ပြိုင်နိုင်စွမ်း

Agribusiness & Trade

မရှိသည့်အတွက် ကမ္ဘာ့ဈေးကွက်တွင် ဈေးနှုန်းယှဉ်ပြိုင်နိုင်စေရေး ပံ့ပိုးမှုများပြုလုပ်ပေးသွားနိုင်မည့် နည်းလမ်းများရှာဖွေနေကြောင်း ထိုင်းအစိုးရမှ ပြောကြားပါသည်။

အကယ်၍ အိန္ဒိယဘက်မှပို့ကုန်ကို ကန့်သတ်လိုက်ပါက ကမ္ဘာ့ဆန်ဈေး လျင်မြန်စွာ ခုန်တက်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် အိန္ဒိယဆန်မှာ ၃၀ ရာခိုင်နှုန်းခန့် ဈေးနှုန်း ပိုမိုချိုသာကြောင်း၊ ယခုအစိုးရက ကန့်သတ်မှုအချို့ပြုလုပ်လာခြင်းကြောင်း ဆန်တင်ပို့မှု လုံးလုံးမရပ်တဲ့မီ အိန္ဒိယမှ ဆန်များကို ပိုမိုဝယ်ယူလာကြကြောင်း သိရပါသည်။

၂၀၂၁ ခုနှစ်အတွင်း အိန္ဒိယမှ ဆန်တန်ချိန် ၂၁.၅ သန်းကို စံချိန်တင် တင်ပို့ခဲ့ပြီး၊ ထိုင်းနှင့် ဗီယက်နမ် နှစ်နိုင်ငံပေါင်းတင်ပို့မှုဖြစ်သည့်တန်ချိန် ၁၂.၄ သန်းထက် ၂ ဆနီးပါး များပြားခဲ့ပါသည်။

ရင်းမြစ်၊ ricenewstoday
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ယခုနှစ် ပထမ ၇ လအတွင်း အမေရိကန်ဒေါ်လာ ၈၉ သန်းတန်ဖိုးရှိ ဆန်များကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ် ပထမ ခုနစ်လအတွင်း တရုတ်နိုင်ငံသို့ ဆန် ၁၆၉,၇၆၆ တန် တင်ပို့ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၉ သန်း ရရှိခဲ့ကြောင်း ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ် (CRF) မှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံမှာ ကမ္ဘောဒီးယား၏ ဆန်အများဆုံး ဝယ်ယူသူဖြစ်ပြီး၊ ၎င်း၏နောက်တွင် ဥရောပသမဂ္ဂသို့ ဒုတိယအများဆုံးတင်ပို့ထားကြောင်း၊ ယခုနှစ်၊ ပထမ ၇ လအတွင်း တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခဲ့မှုမှာ ကမ္ဘောဒီးယား၏ စုစုပေါင်းဆန်တင်ပို့မှုပမာဏ၏ ၄၈.၃ ရာခိုင်နှုန်း ရှိကြောင်း သိရပါသည်။

CRF ဥက္ကဋ္ဌ Song Saran က တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားဆန်အတွက် ဈေးကွက်ကြီးတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံသို့ ဆန်ပိုမိုတင်ပို့နိုင်ရန် မျှော်လင့်ကြောင်း၊ "RCEP (ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု) ကြောင့် ကမ္ဘောဒီးယားနှင့် တရုတ်တို့ကြား ကုန်စည်ကူးသန်းရောင်း

ဝယ်မှုတွင် ပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်း၊ ကြီးမားသည့် RCEP ဒေသဆိုင်ရာ ကုန်သွယ်မှုစာချုပ်မှာ ကမ္ဘောဒီးယား၏ ထုတ်ကုန်များအတွက် ဈေးကွက်ပိုမိုရရှိစေမည် ဖြစ်ပြီး RCEP အဖွဲ့ဝင်နိုင်ငံများ ဦးစားပေးအကောက်ခွန်များဖြင့် ကုန်ချောများ တင်ပို့နိုင်ရေးအတွက် ဆန်လုပ်ငန်းအပါအဝင် ကဏ္ဍအသီးသီး၌ ရင်းနှီးမြှုပ်နှံရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နေကြောင်း"ဟု CRF ဥက္ကဋ္ဌ Song Saran က ဆင်ဟွာသို့ ပြောကြားခဲ့ပါသည်။

CRF ၏ အဆိုအရ ကမ္ဘောဒီးယားသည် ယခုနှစ် ပထမ ခုနစ်လအတွင်း နိုင်ငံနှင့် ဒေသပေါင်း ၅၆ နိုင်ငံသို့ စုစုပေါင်း ဆန်တန်ချိန် ၃၅၀,၉၀၂ တန် တင်ပို့ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁၈ သန်း ရရှိခဲ့ကြောင်းနှင့် ယခင်နှစ်ကထက် ၁၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရပါသည်။

ရင်းမြစ်၊ Xinhua
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

..............................................................................................

## ထိုင်းနိုင်ငံ၏ ကောက်ပဲသီးနှံသတင်း

လာနီညာရာသီဥတုဖြစ်စဉ်က ထိုင်းနိုင်ငံရှိ စပါးစိုက်တောင်သူများအတွက် မိုးရေချိန်ပိုမိုရရှိစေကာ၊ ရေပေးဝေမှုကို ပံ့ပိုးပေးသောကြောင့် ၂၀၂၂ – ၂၀၂၃ တွင် ဆန်ထုတ်လုပ်မှုမှာ ယခင်နှစ်က ထုတ်လုပ်မှု တန်ချိန် ၁၈.၈ သန်းထက်ပိုမို၍ တန်ချိန် ၂၀.၈ သန်းရှိလာနိုင်ကာ ၂၀၂၁ – ၂၀၂၂ ကထက် ၂ % တိုးလာမည်ဖြစ်ကြောင်း၊ ၂၀၂၁ – ၂၀၂၂ ဈေးကွက်နှစ်တွင် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၈ သန်းတင်ပို့မည်ဖြစ်ကာ ယခင်နှစ်ကထက် ၃၁ ရာခိုင်နှုန်း ပိုမိုလာကြောင်းဟု US Department of Agriculture Foreign Agricultural Service (FAS) က ထုတ်ပြန်သည့် Global Agricultural Information Network အစီရင်ခံစာအရ သိရပါသည်။

ထိုင်းဘတ်ငွေ အားနည်းခြင်းကြောင့် ထိုင်းဆန်တင်ပို့မှု ဈေးနှုန်းများမှာ ဆွဲဆောင်မှုရှိပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိစေကြောင်း၊ လက်ရှိ ထိုင်းဆန်ဈေးနှုန်းများမှာ တခြားဆန်တင်ပို့သည့်နိုင်ငံတွေနှင့် ယှဉ်ပြိုင်နိုင်သောကြောင့် ၂၀၂၂ ခုနှစ် လက်ကျန်လများအတွင်း ထိုင်းနိုင်ငံမှ ဆန်ကို ဝယ်လိုအားတိုးလာမည်ဟု မျှော်မှန်းထားကြောင်း FAS မှ မှတ်ချက်ပြုထားပါသည်။

Agribusiness & Trade

၂၀၂၂-၂၃ ခုနှစ်အတွက် ဂျုံတင်သွင်းမှုတွင်မူ  တိရစ္ဆာန်အစာအတွက် ဝယ်လိုအား ကြီးထွားလာသော်လည်း ဂျုံကြိတ်ခွဲရေးဘက်မှ ဝယ်လိုအား ကျဆင်းလာသောကြောင့်  တန်ချိန် ၂.၇ သန်းသို့ ပြန်လည်ပြင်ဆင်ခဲ့သည်ဟု သိရှိရပါသည်။ ထိုသို့လျှော့ချခဲ့သော်လည်း ၂၀၂၂-၂၃ အတွက် ဂျုံတင်သွင်းမှုမှာ ၂၀၂၁-၂၂ ကထက် ၈ % ပိုမိုများပြားနေသေးသည်ကို တွေ့ရပါသည်။

ထိုင်းနိုင်ငံသို့  လာရောက်သည့်  နိုင်ငံခြားခရီးသွားဧည့်သည်  အရေအတွက်  တိုးလာသော်လည်း ကြိတ်ခွဲမည့် ဂျုံတင်သွင်းမှုကို မနှစ်ကနှင့်အလားတူ တန်ချိန် ၁.၁ သန်းသို့ ပြန်လည်ပြင်ဆင်ခဲ့ခြင်း ဖြစ်ပါသည်။ ဂျုံတင်သွင်းရာတွင် သွင်းကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့်   ကြိတ်ခွဲမည့် ဂျုံနှင့် ဂျုံမှုန့် ကုန်လက်ကျန်များကို ထားရှိရာတွင် ဂျုံကြိတ်ခွဲစက်များက အထူးသတိထားနေကြောင်း၊ မုန့်ဖုတ်လုပ်ငန်းများဘက်တွင်လည်း  ထုတ်လုပ်မှုကုန်ကျစရိတ်၌ ၂၀ % တိုးလာသည့်အတွက် ထုတ်လုပ်မှု နှေးကွေးနေကြောင်း သိရပါသည်။

တိရစ္ဆာန်အစာ ဂျုံတင်သွင်းမှုမှာ  ယခင်နှစ်ကထက် ၁၄ ရာခိုင်နှုန်း တိုးလာကာတန်ချိန် ၁.၆ သန်းအထိ ဖြစ်လာမည်ဟု FAS က မျှော်မှန်းထားပြီး၊ ကုန်သည်များကလည်း စီးပွားရေးပြန်လည် ဦးမော့လာသည်နှင့်အညီ  ကြက်တင်ပို့မှုအတွက် ခိုင်မာသောဝယ်လိုအား ဖြစ်လာမည်ဟု မျှော်လင့်နေကြကာ၊ ကြက်မွေးမြူရေးလုပ်ငန်းတွင် အသုံးပြုမည့် ဂျုံနှင့် အခြားတိရစ္ဆာန်အစာတွင် ပါဝင်သည့် ပစ္စည်းများအတွက် ဝယ်လိုအား တိုးလာမည်ဖြစ်ပါသည်။

FAS ၏ ၂၀၂၁-၂၂ အတွက် ပြောင်းထွက်ရှိမှု ခန့်မှန်းချက်မှာ မပြောင်းလဲဘဲ တန်ချိန် ၅.၃ သန်း ရှိမည်ဟုသိရပြီး၊ ၎င်းပမာဏသည် ၂၀၂၀-၂၁ ကထက် ၄ % ကျဆင်းသွားခြင်းဖြစ်ကြောင်း သိရပါသည်။ ၂၀၂၁-၂၂ အတွက် ပြောင်းတင်သွင်းမှု ခန့်မှန်းချက်မှာ တန်ချိန် ၁.၅ သန်းတွင် မပြောင်းလဲဘဲတည်ရှိနေကာ၊ ၂၀၂၀-၂၁ ကထက်  ၂၂ % ကျဆင်း၍ ခန့်မှန်းခဲ့ခြင်း ဖြစ်ပါသည်။ တိရစ္ဆာန်အစာကြိတ်စက်ရုံများက  ပြည်တွင်းထုတ်  ပြောင်းနှင့်  ဆန်ကွဲများကို  တိရစ္ဆာန်အစာထုတ်လုပ်ရန် အတွက် အသုံးပြုကြဖွယ်ရှိသည်။

ရင်းမြစ်၊ ricenewstoday

ဒေါက်တာရွှေစင်ကို

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

.................................................................................

Agribusiness & Trade

## တရုတ်နိုင်ငံသို့ ဆန်တန်ချိန် (၂)သိန်း တင်ပို့မည့် အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံသည် လာမည့်လအတွင်း တရုတ်နိုင်ငံနှင့် အခြားနိုင်ငံအများအပြားသို့ ဆန်တန်ချိန် ၂ သိန်း တင်ပို့ရန် စီစဉ်နေပြီး၊ ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့် ငွေကြေးဖောင်းပွမှုတို့ကို ရင်ဆိုင်နေရသည့် ၎င်းနိုင်ငံ၏ ခံနိုင်ရည်ရှိကြောင်းယုံကြည်မှုကို ဖော်ပြသည့် လှုပ်ရှားမှုတစ်ခုအနေဖြင့် အသားပေး ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၎င်းနိုင်ငံသည် လွန်ခဲ့သည့်လအနည်းငယ်အတွင်း ဟင်းချက်ဆီဈေးနှုန်း မြင့်တက်မှုနှင့် ရင်ဆိုင်ခဲ့ရပြီး ကမ္ဘာ့စွမ်းအင်ဈေးနှုန်းများ မြင့်တက်မှု၏ သက်ရောက်မှုကို လျှော့ချရန်အတွက် ထောက်ပံ့သည့်အသုံးစရိတ်များ တိုးမြှင့်ရန် လိုအပ်နေပါသည်။ သို့သော်လည်း နိုင်ငံ၏လူဦးရေ ၂၇၁ သန်းအတွက် အဓိကစားနပ်ရိက္ခာဖြစ်သည့် ဆန်မှ ထပ်လောင်းဖိအားများ ဖြစ်ပေါ်လာမည်မဟုတ်ဟု အစိုးရတွင် လုံလောက်သောယုံကြည်မှု ရှိနေပါသည်။

နိုင်ငံတော် နန်းတော်၌ သမ္မတ Joko "Jokowi" Widodo နှင့် နိုင်ငံရေး ပါတီ အထွေထွေ ဥက္ကဋ္ဌ ခုနစ်ဦးနှင့် တွေ့ဆုံမှုတွင် ပို့ကုန်အစီအစဉ်ကို တင်ပြခဲ့ပါသည်။ အင်ဒိုနီးရှားမှာ စီးပွားပျက်ကပ်ဒဏ်ခံရသည့် နိုင်ငံအဖြစ်ကြုံတွေ့ရန် အလှမ်းဝေးနေကြောင်း၊ လက်ရှိတွင်လည်း အင်ဒိုနီးရှားက ဆန်တင်ပို့ရန် စီစဉ်နေကြောင်း Golkar ပါတီ ဥက္ကဋ္ဌလည်းဖြစ်သည့် စီးပွားရေးရာ ညှိနှိုင်းရေးဝန်ကြီးလည်းဖြစ်သည့် Airlangga Hartarto က ပြည်တွင်းမီဒီယာ အယ်ဒီတာများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့ပါသည်။

National Democratic Party (Nasdem) ၏ ဥက္ကဋ္ဌ Surya Paloh က ကမ္ဘာ့ဈေးကွက်တွင် အဓိကစားသောက်ကုန်များအတွက် ကုန်ကျစရိတ်များ မြင့်တက်နေချိန်တွင် အင်ဒိုနီးရှားနိုင်ငံက ၎င်း၏ အဖိုးတန်ဆန်များ တင်ပို့ရောင်းချမည့် အစီအစဉ်နှင့် ပတ်သက်၍ အံ့အားသင့်မိကြောင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးဝန်ကြီး Syahrul Yasin Limpo က Globe sister ထုတ်ဝေသည့် BeritaSatu.com အား အင်ဒိုနီးရှား၏ဆန်ဝယ်ယူရန် နိုင်ငံအများအပြားက တန်းစီနေကြသည့်ထဲတွင် တရုတ်နှင့် မလေးရှားနိုင်ငံတို့ ပါဝင်ကြောင်း ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံမှာ စီးပွားပျက်ကပ်မှ လွတ်ကင်းမည်ဟု ခန့်မှန်းရသည့် နိုင်ငံများထဲမှတစ်နိုင်ငံဖြစ်ပါသည်။ ကမ္ဘာ့စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာသောအခါ အင်ဒိုနီးရှား၏ ကုန်ပစ္စည်း

Agribusiness & Trade

တင်ပို့မှုတန်ဖိုးလည်း မြင့်တက်လာရာ ကုန်စည်တင်ပို့မှုမှ အကျိုးအမြတ်များ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ အစိုးရက ထောက်ပံ့ထားသော လောင်စာဆီနှင့် လျှပ်စစ်ဓာတ်အားဈေးနှုန်းများကို ထိန်းသိမ်းထားခြင်းဖြင့် အခြားသော ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်သွားမည်ဖြစ်ကြောင်း၊ စွမ်းအင်နှင့် စားနပ်ရိက္ခာဈေးနှုန်းများ အတက်အကျကြောင့် ဖြစ်ပေါ်လာသည့် ငွေကြေးဖောင်းပွမှုကို အစိုးရက ဆက်လက်စောင့်ကြည့်နေကြောင်း၊ ပြည်တွင်းအစားအစာနှင့် အဖျော်ယမကာလုပ်ငန်းများကို ကောင်းစွာကိုင်တွယ်နိုင်ပြီး ဂျုံကဲ့သို့ တင်သွင်းသောအစားအစာ အနည်းငယ်အပေါ်၌သာ မှီခိုနေရခြင်းကြောင့် လာမယ့်နှစ်တွင် ငွေကြေးဖောင်းပွမှုမှ အတော်အသင့် ဘေးကင်းနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏အကြီးဆုံးခေါက်ဆွဲ ထုတ်လုပ်သည့် Indofood Sukses Makmur ကလည်း အမေရိကန်နှင့်ဩစတြေးလျထံမှ အာမခံချက်ရရှိထားကြောင်း၊ စက်တင်ဘာလအထိ ဂျုံတင်ပို့မှုကို လုံခြုံစေမည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုများမှာ ထုတ်လုပ်မှုဘက်တွင် အစားအစာပြည်တွင်းထုတ်လုပ်မှုတွင် အနှောင့်အယှက်ဖြစ်ဖွယ်မရှိကြောင်း စီးပွားရေးရာညှိနှိုင်းရေးဝန်ကြီးမှ ပြောကြားခဲ့သည်။

သို့သော်လည်း National Democratic Party (Nasdem) ၏ ဥက္ကဋ္ဌ က အင်ဒိုနီးရှားအနေဖြင့် သတိလက်လွတ်မဖြစ်သင့်ကြောင်းနှင့် လက်ရှိအခြေအနေကို သတိပြုသင့်ကြောင်း၊ သမ္မတက နိုင်ငံရေးအရရော စီးပွားရေးအရပါ တည်ငြိမ်မှုရှိစေရေး ဆောင်ရွက်ရန် တောင်းဆိုထားကြောင်း၊ အဘယ်ကြောင့်ဆိုသော် စီးပွားရေးကျဆင်းနေသည့်ကာလ၌ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် နိုင်ငံရေးအရ၊ စီးပွားရေးအရ တည်ငြိမ်မှုရှိစေရန် လိုအပ်ကြောင်း သတိပေးခဲ့သည်။

အင်ဒိုနီးရှားသည် လွန်ခဲ့သည့် သုံးနှစ်အတွင်း ဆန်ထုတ်လုပ်မှုတွင် ပိုလျှံနေခဲ့ပြီး ယင်းကာလအတွင်း စုစုပေါင်း ဆန်တန်ချိန် ၄ သန်း တင်ပို့ခဲ့ကြောင်း Central Statistics Agency (BPS) ၏ အချက်အလက်များအရ သိရပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ဆန်မက်ထရစ်တန်ချိန် ၁၄.၆ သန်း ထုတ်လုပ်ခဲ့ပြီး ယမန်နှစ် အလားတူကာလက တန်ချိန် ၁၃.၆ သန်းထက် ၇.၇ ရာခိုင်နှုန်း ပိုမိုခဲ့ပါသည်။ ပထမလေးလတာ ကာလအတွင်း အင်ဒိုနီးရှားနိုင်ငံမှ ဆန် မက်ထရစ်တန်ချိန် ၄၄၀,၀၀၀ ခန့် တင်ပို့ခဲ့ကြောင်း BPS အချက်အလက်များအရ သိရသည်။

ရင်းမြစ်၊ ricenewstoday

ဒေါက်တာရွှေစင်ကို

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

Agribusiness & Trade

## ယူကရိန်းမှ ကောက်ပဲသီးနှံ ပြန်လည်တင်ပို့မှုများပြုလုပ်ရန် ကြိုးစားလာ

ယူကရိန်းနှင့် ရုရှားတို့သည် ကမ္ဘာ့ပေါ်တွင် အငတ်ဘေးနှင့် ရင်ဆိုင်ရချိန်တွင် သီးနှံတင်ပို့မှုကို မပိတ်ဆို့ရန် ကုလသမဂ္ဂနှင့် တူရကီတို့နှင့်အတူ အစ္စတန်ဘူလ်တွင် ဇူလိုင် ၂၂ ရက်က သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ပါသည်။ ၎င်းနောက် လွန်ခဲ့သည့် ၆ လနီးပါး ရုရှားနှင့် ယူကရိန်း ပဋိပက္ခ စတင်ချိန်မှစ၍ ပထမဆုံးအကြိမ်အဖြစ် ပြောင်းဖူးတန်ချိန် ၂၆,၀၀၀ တင်ဆောင်ထားသည့် သင်္ဘောတစ်စင်းမှာ ယူကရိန်းနိုင်ငံ၊ Odessa မှ လက်ဘနွန်နိုင်ငံ၊ ထရီပိုလီဆိပ်ကမ်းသို့ ထွက်ခွာခဲ့ပါသည်။ ယူကရိန်းမှ ကောက်ပဲသီးနှံတင်ပို့မှုများ ပြန်လည်စတင်ပြီး ကမ္ဘာ့စားနပ်ရိက္ခာ အကျပ်အတည်းကို ပပျောက်စေနိုင်မည်ဟု ကမ္ဘာ့ကုလသမဂ္ဂက ရည်ရွယ်ထားပါသည်။ သို့ရာတွင် Odessa ဆိပ်ကမ်းမှ ယူကရိန်း ဆန်တင်ပို့မှု ပြန်လည်စတင်ပြီးနောက် ဝမ်းမြောက်ဝမ်းသာကြိုဆိုရန် အချိန်စောလွန်းကြောင်းနှင့် သဘောတူညီချက်က မည်သို့အလုပ်လုပ်မည်၊ လုံခြုံရေးအာမခံမှု တကယ်ရှိမည်ဟုတ်၊ မဟုတ် ဟူသည်ကို စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း ယူကရိန်းသမ္မတ Volodymyr Zelensky က ဩဂုတ်လ (၁) ရက်နေ့တွင် မှတ်ချက်ပြု ပြောကြားထားပါသည်။

ရင်းမြစ်၊ agrihebdo.ch
ဒေါက်တာဆွေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

..........................................................................

## ဩဂုတ်လ (၂) ရက်နေ့၌ အမေရိကန်ပြည်ထောင်စုရှိ ကောက်ပဲသီးနှံဈေးနှုန်းများ ကျဆင်းခဲ့

ဩဂုတ်လ(၂) ရက်နေ့၌ Chicago Mercantile Exchange တွင် ဂျုံဈေးနှုန်း၊ ပြောင်းဈေးနှုန်းနှင့် စက်တင်ဘာလ ပဲပုပ်ကြိုရောင်းကြိုဝယ်ဈေးနှုန်းများ အသီးသီးကျဆင်းခဲ့သည်ဟု သိရပါသည်။ ထိုသို့ကျဆင်းလာရခြင်းမှာ ပထမဆုံး စပါးတင်သင်္ဘောမှာ သဘောတူညီထားသည့် ဘေးကင်းသော သင်္ဘောလမ်းကြောင်းကို အသုံးပြု၍ ယူကရိန်းဆိပ်ကမ်းမှ ထွက်ခွာနိုင်ခဲ့ပြီးနောက် ပို့ကုန်များအတွက် မျှော်လင့်ချက်များ တစ်ဖန်ပြန်လည်ဖြစ်ထွန်းလာခြင်း ဖြစ်ပါသည်။

Agribusiness & Trade

ဩဂုတ်လ ၂ ရက်နေ့တွင် ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့၏ ကောက်ပဲသီးနှံ ဈေးနှုန်းများမှာလည်း ကျဆင်းသွားခဲ့ပြီး၊ စက်တင်ဘာလ ဆောင်းသီးနှံနှင့် ဆောင်းရာသီ အနီရောင် durum ဂျုံတို့အတွက် ဈေးနှုန်းများလည်း ကျဆင်းခဲ့ပါသည်။

အလားတူပင် Chicago Mercantile Exchange တွင်လည်း စက်တင်ဘာလနှင့် ဒီဇင်ဘာလများအတွက် ပြောင်းဖူးဈေးနှုန်းများ ကျဆင်းခဲ့ပါသည်။ ကမ္ဘာ့ပဲပုပ်ဝယ်သူ တရုတ်နှင့် ဆက်ဆံရေးယိုယွင်းလာမည်ကို စိုးရိမ်သောကြောင့် လည်းကောင်း၊ ရေနံစိမ်းအပါအဝင် ကုန်စည်များ အားနည်းနေခြင်းကြောင့်လည်းကောင်း ပဲပုပ်ဈေးနှုန်း ၄ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကာ၊ စက်တင်ဘာလ ပဲပုပ်ကြိုရောင်းကြိုဝယ်ဈေးနှုန်းမှာ တစ်ဘူရှယ်လျှင် အမေရိကန်ဒေါ်လာ (၁၄.၃၂) ဒေါ်လာသို့ ကျဆင်းခဲ့ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Vnnet.vn
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

.............................................................................................

## ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့မှု စံချိန်တင်မြင့်တက်ခဲ့

ယခုနှစ် ပထမ(၇) လအတွင်း ဗီယက်နမ်နိုင်ငံမှ ဆန်တန်ချိန် ၄.၂ သန်းနီးပါး (တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဘီလီယံခန့်) တင်ပို့ခဲ့ပြီး၊ ယမန်နှစ် အလားတူကာလထက် တန်ချိန်အားဖြင့် ၂၀ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ အမေရိကန်ဈေးကွက်သို့ တင်ပို့မှုမှာ ၆၅ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံးဖြစ်ပြီး၊ ၎င်းနောက် ဖိလစ်ပိုင်နိုင်ငံသို့ ဒုတိယအများဆုံးတင်ပို့ခဲ့ကာ ဗီယက်နမ်မှ ဆန်တင်ပို့မှု စုစုပေါင်း၏ ၄၄.၅ ရာခိုင်နှုန်းခန့် ရှိပါသည်။ ဖိလစ်ပိုင်သို့ တင်ပို့မှုမှာ ယခင်နှစ်ကထက် ၄၈.၆ ရာခိုင်နှုန်း ပိုမိုခဲ့သည်ဟု သိရပါသည်။ ဗီယက်နမ် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ အဆိုအရ ဆန်တင်ပို့မှုတွင် အပြိုင်အဆိုင်ရှိသော်လည်း ဗီယက်နမ်ထုတ်ကုန်များက ကမ္ဘာ့ဈေးကွက်တွင် ပိုမိုရေပန်းစားနေဆဲဖြစ်ကြောင်း သိရပါသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် ကမ္ဘာ့ဆန်ပို့ကုန်ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ၄၈၉ ဒေါ်လာ ရှိခဲ့ပြီး ၂၀၂၁ ခုနှစ် အလားတူကာလကထက် ၁၀.၂ % ကျဆင်းခဲ့သည်။ ဗီယက်နမ်၏ ဆန်ကွဲ ၅ % မှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၅ မှ ၄၂၀ ကြား ဖြစ်ခဲ့ပါသည်။ တင်ပို့သူများသည် စပါးရိတ်သိမ်းချိန်ကို စောင့်ဆိုင်းကာ လယ်သမားများထံမှ ဆန်ဝယ်ယူမှုကို လျှော့ချခဲ့ပြီး၊ တစ်ဖက်တွင်လည်း ဖိလစ်ပိုင်နှင့် တရုတ်ကဲ့သို့သော အဓိကဈေးကွက်များမှ ဝယ်ယူမှု အချက်ပြမှုများကို စောင့်ဆိုင်းနေကြပါသည်။

ဗီယက်နမ်ပြည်တွင်း မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ ဆန်ဈေးနှုန်းများမှာ များစွာအတက်အကျဖြစ်ပေါ်နေပါသည်။ ဇူလိုင်လအစပိုင်းနှင့် နှိုင်းယှဉ်ပါက မုန်တိုင်းထန်သော ရာသီဥတုကြောင့် နွေ-ဆောင်းဦးဆန် အရည်အသွေးဆက်တိုက် ကျဆင်းလာချိန်တွင် ဝယ်လိုအားဘက်ကလည်း အားနည်းနေရာ ဗီယက်နမ်ပြည်တွင်း၌ ဆန်အမျိုးအစားအားလုံး၏ ဈေးနှုန်းမှာ တစ်ကီလိုလျှင် VND ၂၀၀ မှ ၄၀၀ အထိ ကျဆင်းနေသည်ဟု သတင်းရရှိပါသည်။

ရင်းမြစ်၊ kinhtenongthon.vn
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

………………………………………………………………………

## တရုတ်ပြည်တွင်း စားအုန်းဆီဈေးကွက် ဆက်လက်ကျဆင်းနေ

SunSirs ၏ ဒေတာစောင့်ကြည့်မှုအရ ဇူလိုင် ၂၉ ရက်မှစတင်၍ တရုတ်ပြည်တွင်း စားအုန်းဆီဈေးကွက်သည် အားနည်းလျက်ရှိပြီး၊ ဈေးဆက်လက်ကျဆင်းလျက်ရှိသည်ကို တွေ့ရပါသည်။ ဩဂုတ်လ ၃ ရက်နေ့အထိ စားအုန်းဆီ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ် ၉,၆၇၂ အထိ ကျဆင်းခဲ့ပြီး ဇူလိုင် ၂၉ ရက်နေ့ကထက် ၄. ၄၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

စားအုန်းဆီ အဓိကထုတ်လုပ်သည့် အင်ဒိုနီးရှားနိုင်ငံမှ ပို့ကုန်ခွန် လျှော့ချမှုကြောင့် မလေးရှားနိုင်ငံရှိ စားအုန်းဆီများ၏ ကြိုရောင်းကြိုဝယ်ဈေးနှုန်းများ ဆက်လက်ကျဆင်းခဲ့ပြီး ပြင်ပဈေးကွက်မှပါ ဆွဲချသလို ကျဆင်းလာခြင်းဖြစ်ပါသည်။ တရုတ်ပြည်တွင်းစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေး

ကွက်မှာလည်း ဈေးနှုန်းကျဆင်းနေပြီး၊ ပင်မကိုးကားသည့် ဈေးနှုန်းမှာ တစ်တန်လျှင် ၉,၆၀၀ ယွမ် အထိ ကျဆင်းသွားပါသည်။

SunSirs စိုက်ပျိုးရေးထွက်ကုန်များ လေ့လာဆန်းစစ်သူ၏ သုံးသပ်ချက်အရ ဝယ်လိုအား ရာသီပိတ်ကာလတွင် တရုတ်နိုင်ငံ၏ ပြည်တွင်းစားအုန်းဆီဈေးကွက်မှာ အနာဂတ်တွင် ဆက်လက် အားနည်းနေဦးမည်ဟု သတင်းရရှိပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

.........................................................................

## ဩဂုတ် ၄ ရက်တွင် တရုတ်ပြည်တွင်း ယူရီးယားဈေးနှုန်းများသည် ၀.၃၃ ရာခိုင်နှုန်း မြင့်တက်ခဲ့

ဩဂုတ်လ ၄ ရက်နေ့တွင် တရုတ်နိုင်ငံပြည်တွင်း၌ ယူရီးယား အလုံးစုံဈေးမှာ တစ်တန်လျှင် ၂,၄၃၈ ယွမ်ဖြင့် အနည်းငယ် မြင့်တက်ခဲ့ပြီး၊ ဩဂုတ် ၃ ရက် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ၈ ယွမ် တိုးလာကာ၊ ရာခိုင်နှုန်းအားဖြင့် ၀.၃၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါသည်။ သို့ရာတွင် ယခင် နှစ်ကဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင်မူ ၁၃.၅၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရပါသည်။

ကုန်ကြမ်းထုတ်လုပ်သည့်ဘက်တွင် ကုန်ကျစရိတ်ပံ့ပိုးမှုများ ပိုမိုကောင်းမွန်လာပြီး၊ ကုန်ချော ထုတ်လုပ်သည့်ဘက်တွင် စိုက်ပျိုးရေး လိုအပ်ချက်များအရ လိုက်ပါမြင့်တက်လာကာ၊ စက်မှုကုန် ထုတ်လုပ်မှုဘက်မှ ဝယ်လိုအားလည်း တိုးပွားလာတယ်။ အချို့သော ထုတ်လုပ်သူများ၏ စက်များ ကိုပြုပြင်မွမ်းမံပြီးဖြစ်သည့်အတွက် နေ့စဉ် ယူရီးယားအထွက်နှုန်းမှာ တန်ချိန် ၁၄၀,၀၀၀ ခန့်ရှိသည်။

ဈေးကွက်အလားအလာအရ တရုတ်ပြည်တွင်းယူရီးယားဈေးကွက်တွင် ဈေးနှုန်းအနည်းငယ် မြင့်တက်လာနိုင်ပြီး ပျမ်းမျှဈေးကွက်ပေါက်ဈေးမှာ တစ်တန်လျှင် ၂,၄၅၀ ယွမ်ခန့်ဖြစ်လာနိုင်ပါ သည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## အင်ဒိုနီးရှားမှ စားအုန်းဆီရောင်းလိုအား တိုးမြင့်မည့် အလားအလာကြောင့် ဩဂုတ်လ (၄)ရက်နေ့တွင် ကမ္ဘာ့စားအုန်းဆီဈေးနှုန်း ကျဆင်းခဲ့

မလေးရှားနိုင်ငံ၏ပြိုင်ဖက် အင်ဒိုနီးရှားထံမှ စားအုန်းဆီရောင်းလိုအားကောင်းမည့် အလားအလာ ဖိအားများကြောင့် ဩဂုတ်လ ၄ ရက် အစောပိုင်း ကုန်သွယ်မှုတွင် မလေးရှား စားအုန်းဆီဈေးနှုန်းမှာ ၃ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့သည်ကို တွေ့ရပါသည်။

အောက်တိုဘာလအတွက် စားအုန်းဆီ အရောင်းအဝယ်စာချုပ် စတင်ချိန်၌ Bursa Malaysia လဲလှယ်မှုတွင် ၇၆ ရင်းဂစ် သို့မဟုတ် ၁.၉၇ % ကျဆင်းသွားပြီး တစ်တန်လျှင် ၃,၇၈၈ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၈၅၀.၄၇) သို့ ကျဆင်းသွားပြီး၊ နေ့လယ်ပိုင်း၌ ကြိုရောင်း ကြိုဝယ်စာချုပ်ဈေးနှုန်းမှာ တစ်တန်လျှင် ၃,၈၀၇ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၈၅၅.၁၂) ဖြစ်ခဲ့ပါသည်။

ပထမဆုံး စပါးတင်သင်္ဘောသည် Bosphorus မှတစ်ဆင့် ယူကရိန်းဆိပ်ကမ်းမှ ထွက်ခွာခဲ့ပြီး လက်ဘနွန်နိုင်ငံ၊ ထရီပိုလီဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။ ၎င်းလမ်းကြောင်း ကြောင့် ကမ္ဘာ့နေကြာဆီ ထုတ်လုပ်မှု၏ ၆၀ % ခန့် ထုတ်လုပ်ပြီး၊ ထုတ်လုပ်မှု၏ ၇၆ % ကို တင်ပို့သည့် ပင်လယ်နက်ဒေသဘက်မှ ထောက်ပို့သယ်ယူပို့ဆောင်မှုများ တိုးလာမည်ဟူသော မျှော်လင့်ချက်များ တိုးပွားလာပါသည်။

ပို့ကုန်ခွန်လျှော့ချပေးခြင်းနှင့် အင်ဒိုနီးရှားမှ တင်ပို့မှုမြင့်မားခြင်းတို့ကြောင့် အင်ဒိုနီးရှား စားအုန်းဆီနှင့် မလေးရှားစားအုန်းဆီကို ပြိုင်ဆိုင်မှုဖြစ်စေပြီး စားသုံးသူများအတွက် ကုန်ကျစရိတ် ပိုမိုသက်သာလာစေပါသည်။ ၂၀၂၁-၂၂ ခုနှစ်အတွင်း အင်ဒိုနီးရှားတွင် စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းလုပ်ငန်းများ၌ အနှောင့်အယှက်များကြောင့် စားအုန်းဆီထုတ်လုပ်မှု ခန့်မှန်းခြေ တန်ချိန် ၄၆.၇ သန်းအထိ ကျဆင်းခဲ့ကာ၊ ယခင်နှစ်ကထက် ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ မလေးရှားတွင်လည်း မျှော်လင့်ထားသည်ထက် ရှည်လျားသော အလုပ်သမားရေးရာ တင်းမာမှုများကြောင့် နိုင်ငံ၏ စားအုန်းဆီ ထုတ်လုပ်မှုကို ၂၀၂၁-၂၂ ရာသီတွင် တန်ချိန် ၁၈ သန်းအထိ လျှော့နည်းခဲ့ပြီး ယခင်ကာလထက် ၁.၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု သိရပါသည်။ သို့ရာတွင် မလေးရှားနိုင်ငံ၏ စားအုန်းဆီ သိုလှောင်မှုမှာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လကုန်တွင် လစဉ် ၉.၈ ရာခိုင်နှုန်း တိုးလာဖွယ်ရှိပြီး၊ အဓိကအားဖြင့် ထုတ်လုပ်မှုတိုးလာခြင်းကြောင့် တန်ချိန် ၁.၈၂ သန်းအထိ တိုးလာဖွယ်ရှိသည်။

၂၀၂၁ – ၂၂ တွင် ကမ္ဘာ့စားအုန်းဆီ တင်သွင်းမှုမှာ တန်ချိန် ၄၄.၉ သန်းအထိ ကျဆင်းနိုင်မည်ဟုခန့်မှန်းထားပြီး၊ ယခုနှစ် ဇူလိုင်လအတွင်း တင်သွင်းမှုမှတန်ချိန် ၄၅ သန်းမှ ၁ % အောက်ကျဆင်း

Agribusiness & Trade

ခဲ့ကာ၊ ယခင်နှစ်ထက် ၅.၇ % ကျဆင်းခဲ့ပါသည်။ စားအုန်းဆီဈေးမှာ ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီ ဈေးကွက်တွင် ဈေးကွက်ဝေစုလွှမ်းမိုးမှုရှိသောကြောင့် ဩဂုတ်လအတွင်း Dalian စတော့အိတ်ချိန်း တွင် ပဲပုပ်ဆီဈေး ၃.၃ % နှင့် စားအုန်းဆီဈေး ၄.၁ % ကျဆင်းခဲ့ပြီး၊ Chicago Mercantile Exchange တွင် ပဲပုပ်ဆီဈေး ၁.၂ % ကျဆင်း ခဲ့ပါသည်။

ရင်းမြစ်– Vinanet/VITIC/Reuters

ဒေါက်တာရွှေစင်ကို

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## နိုင်ငံအများအပြား၌ ဂဏန်းနှစ်လုံး ငွေကြေးဖောင်းပွမှုကို ကြုံတွေ့နေရဟု ကမ္ဘာ့ဘဏ်က ထုတ်ဖော်ပြောကြား

စံချိန်တင် မြင့်မားနေသော စားသောက်ကုန်ဈေးနှုန်းများကြောင့် ကမ္ဘာပေါ်ရှိ သန်းနှင့်ချီသော လူဦးရေအား အလွန်အမင်း ဆင်းရဲတွင်းသို့ တွန်းပို့မည့် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းကို ဖြစ်ပေါ်လာစေပြီး၊ ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှုများ ပိုမိုဖြစ်ပေါ်လာစေကာ၊ ခက်ခက်ခဲခဲဆောင် ရွက်ထားရသည့် ဖွံ့ဖြိုးတိုးတက်ရေးရလဒ်များကို ခြိမ်းခြောက်နေသည်ဟု ကမ္ဘာ့ဘဏ်အုပ်စုက ပြော ကြားခဲ့သည်။

ကမ္ဘာ့ဘဏ်၏ နောက်ဆုံးရရှိသော စားနပ်ရိက္ခာဖူလုံရေးအချက်အလက်များအရ ယူကရိန်း ပဋိပက္ခ၊ ထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်မှုနှင့် Covid–19 ကပ်ရောဂါကြောင့် စီးပွားရေးဆက် လက်ကျဆင်းမှုများက ဖွံ့ဖြိုးတိုးတက်မှု ရလဒ်များကို ပြောင်းပြန်လှန်ပစ်ကာ စားနပ်ရိက္ခာဈေးနှုန်း များကို အမြင့်ဆုံးသို့ တွန်းပို့နေကြောင်း ဘဏ်က ပြောကြားခဲ့သည်။

ဇူလိုင်လ ၂၉ ရက်နေ့အထိ စိုက်ပျိုးရေးဈေးနှုန်းညွှန်းကိန်းမှာ ၂၀၂၁ ခုနှစ် ၊ ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၁၉ ရာခိုင်နှုန်း ပိုမိုမြင့်မားသည်ဟု ဆိုသည်။ ပြောင်းနှင့် ဂျုံတို့၏ဈေးသည် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၁၆ % နှင့် ၂၂ % အသီးသီး မြင့်မားခဲ့သော်လည်း၊ ဆန်ဈေးမှာမူ ၁၄ % ခန့် ကျဆင်းခဲ့ကြောင်းနှင့် ကမ္ဘာနှင့်အဝှမ်း ပြည်တွင်းစားနပ်ရိက္ခာ ဈေးနှုန်းဖောင်းပွမှုများ မြင့်မား နေဆဲဖြစ်ကြောင်း၊ မတ်လမှ ဇွန်လအထိ အချက်အလက်များအရ ဝင်ငွေနည်းနိုင်ငံများနှင့် အလယ် အလတ် ဝင်ငွေနည်းနိုင်ငံအားလုံးနီးပါးတွင် ငွေကြေးဖောင်းပွမှု မြင့်မားနေကြောင်း၊ ဝင်ငွေနည်းနိုင်ငံ

များ၏ ၉၃.၈ %၊ ဝင်ငွေ အလယ်အလတ်နိုင်ငံများ၏ ၈၉.၁ % နှင့် အလယ်အလတ်ဝင်ငွေ အထက် နိုင်ငံများ၏ ၈၉% တို့တွင် ငွေကြေးဖောင်းပွမှုအဆင့် ၅% အထက်တွင် ရှိနေပြီး၊ နိုင်ငံအများအပြား မှာ ဂဏန်းနှစ်လုံး ငွေကြေးဖောင်းပွမှုနှင့် ကြုံတွေ့နေရကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားထားပါ သည်။

ငွေကြေးဖောင်းပွမှုနှင့် ကြုံတွေ့နေရသည့် ဝင်ငွေမြင့်မားသောနိုင်ငံများလည်း ပိုမိုများပြား လာပြီး၊ ယခုအခါ ဝင်ငွေမြင့်နိုင်ငံများ၏ ၇၈.၆ % တွင် စားသောက်ကုန်ဈေးနှုန်း ဖောင်းပွမှုကို ကြုံတွေ့နေရပြီဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က မှတ်ချက်ပြုပြောကြားပါသည်။ ကမ္ဘာ့ဘဏ်၏ ၂၀၂၂ ခု နှစ်၊ ဧပြီလ Commodity Markets Outlook တွင်လည်း ယူကရိန်းပဋိပက္ခက ကုန်သွယ်မှု၊ ထုတ် လုပ်မှုနှင့် စားသုံးမှုပုံစံများကို ပြောင်းလဲပစ်လိုက်ကြောင်း၊ ၂၀၂၄ နှစ်ကုန်အထိ သမိုင်းတွင်လောက် အောင် မြင့်မားသည့် စားနပ်ရိက္ခာဈေးနှုန်းများ ဖြစ်ပေါ်စေနိုင်ကြောင်း ခန့်မှန်းထားပါသည်။

အစောပိုင်းကပင် ကြီးမြင့်လာခဲ့သည့် စားနပ်ရိက္ခာဈေးနှုန်းများမှာ ပဋိပက္ခများကြောင့် ပိုမို ကြီးမြင့်လာပါသည်။ အထိခိုက်ဆုံး ကုန်စည်များမှာ ဂျုံ၊ ပြောင်း၊ စားသုံးဆီများနှင့် ဓာတ်မြေဩဇာ များဖြစ်ကြပါသည်။ ကောက်ပဲသီးနှံထောက်ပံ့မှုများ လျော့ချခြင်း၊ စွမ်းအင်ဈေးနှုန်း ကြီးမြင့်ခြင်း၊ ဓာတ်မြေဩဇာဈေးနှုန်းများ ပိုမိုမြင့်မားလာခြင်းနှင့် အခိကဆိပ်ကမ်းများကို ပိတ်လိုက်ခြင်းကြောင့် ကုန်သွယ်မှုအနှောင့်အယှက်များဖြစ်ပေါ်လာခြင်းစသည်တို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ဈေး ကွက်များမှာ ဆုံးရှုံးနိုင်ခြေများနှင့် ကြုံတွေ့နေရပါသည်။

2022 State of Food Insecurity in the World အစီရင်ခံစာအရ Covid-19 ကပ်ရောဂါ မဖြစ် ပွားမီ ၂၀၁၉ ခုနှစ်က ငတ်မွတ်မှုဘေးဒဏ်သင့်သူဦးရေမှာ သန်း ၁၅၀ သာ ရှိခဲ့သော်လည်း၊ ၂၀၂၁ ခု နှစ်တွင် ငတ်မွတ်မှုဘေးဒဏ်သင့်သူဦးရေမှာ ၈၂၈ သန်းရှိခဲ့ကာ၊ ၂၀၂၀ ပြည့်နှစ်ကထက် ၄၆ သန်းခန့် တိုးလာကြောင်း သိရပါသည်။

ရင်းမြစ်၊ theedgemarkets.com

ဒေါက်တာရွှေစင်ကို

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

........................................................................................

Agribusiness & Trade

## ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရပ်ဝန်းနှင့်ပိုးလမ်းမ ထူးခြားသတင်းများ

ယခုသီတင်းပတ်အတွင်း ဖောက်သည်အသစ်များကိုရှာဖွေနေသည့် ရုရှားအနေဖြင့် ဥရောပ အာရှလုပ်ရှားမှုအများအပြားသည် အရှေ့အလယ်ပိုင်း၊ အာရှအလယ်ပိုင်းနှင့် အရှေ့တောင်အာရှရှိ BRI အဖွဲ့ဝင်နိုင်ငံများတွင်ဖြစ်ပေါ်ခဲ့ကာ ဒေသတွင်းကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် လုံခြုံရေးဆိုင်ရာ လှုပ်ရှားမှုများကို မြှင့်တင်ပေးလျက်ရှိပါသည်။ လာအိုနှင့် မလေးရှားရှိ အခြေခံအဆောက်အအုံသစ်များကို တွန်းအားပေးခြင်းမှာ စိတ်ပါဝင်စားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အကျိုးအမြတ်များ ဖြစ်ထွန်းစေနိုင်ပြီး၊ တရုတ်နိုင်ငံက ရုရှား၏ စားသုံးသူဘဏ်လုပ်ငန်း၏ ဝေစုကို မည်ကဲ့သို့ ချဲ့ထွင်နေသည်ကို လေ့လာကြည့်ရှုပါမည်။

**အရှေ့အလယ်ပိုင်းဒေသ**

**ပါကစ္စတန်နှင့် အိုမန်သို့ ဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်ရန်အတွက် ရုရှား၏ Gazprom နှင့် လက်တွဲလိုသည့် အီရန်နိုင်ငံ**

ပါကစ္စတန်၏ စွမ်းအင်သုံးစွဲသူဈေးကွက်မှာ လူဦးရေ ၂၂၀ သန်းရှိနေရာ ကြီးမားသော CPEC စက်မှုထွန်းကားရေးအစီအစဉ်များဖြင့် အနာဂတ်ဝယ်လိုအားကြီးကို ဖန်တီးရန် ရုရှားနိုင်ငံနှင့် လက်တွဲသွားနိုင်ရေးအတွက် အီရန်နိုင်ငံက စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**အာရှအလယ်ပိုင်း**

**အာဖဂန်နစ္စတန်၏ ရပ်ဝန်းနှင့်ပိုးလမ်းမ အခြေခံအဆောက်အအုံတည်ဆောက်မှုတွင် ကူညီပေးရန် အသင့်ရှိသည့် တရုတ်နိုင်ငံ**

တရုတ်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမ မီးရထားအခြေခံအဆောက်အအုံအတွက် ကူညီရန် အသင့်ဖြစ်နေပြီဖြစ်သည်။ ဥဇဘက်ကစ္စတန်နှင့် အီရန်မှ ပါကစ္စတန်သို့ ဆက်သွယ်မည့် ရထားလမ်းနှစ်လိုင်းမှာ အာဖဂန်နစ္စတန်နိုင်ငံကို ဖြတ်သွားသဖြင့် ၎င်းလမ်းများအား တရုတ်နိုင်ငံမှ ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

**တရုတ်သည် ခိရုကစ္စတန်မှသွင်းကုန်များကို ပိုမိုတင်သွင်းလိုပြီး Alibaba က ကူညီပေး နိုင်ဖွယ်ရှိ**

ခိရုကစ္စတန်နိုင်ငံ၊ Bishkek မှာ အာရှအလယ်ပိုင်း အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးအချက်အချာအဖြစ် ဖွံ့ဖြိုးလာလျက်ရှိပါသည်။ ပြီးခဲ့သည့် သီတင်းပတ်က ခိရုကစ်-တရုတ် ကော်

Agribusiness & Trade

မရှင်တို့အကြား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ၁၅ ကြိမ်မြောက် ကော်မရှင်အစည်းအဝေးကို ကျင်းပခဲ့ပြီး ကုန်သွယ်ရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး နောက် တရုတ်နိုင်ငံမှ ကုန်ပစ္စည်းများ တင်သွင်းမှု တိုးမြှင့်ရန် အစီအစဉ်များကို ပြုလုပ်ဆောင်ရွက် လျက် ရှိပါသည်။

## ဥဇဘက်ကစ္စတန်နှင့် ဥရောပအာရှ စီးပွားရေးသမဂ္ဂတို့၏ ကုန်သွယ်မှုပမာဏ တိုးတက်လာ

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိကာလအတွင်း Uzbekistan ၏ ဥရောပအာရှ စီးပွား ရေးသမဂ္ဂနှင့် နိုင်ငံခြားကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇ ဘီလီယံ ရှိခဲ့ကြောင်း ဥဇဘက် စာရင်းအင်းကော်မတီမှ သိရသည်။ ဥရောပအာရှ စီးပွားရေးသမဂ္ဂ နိုင်ငံများတွင် အာမေးနီးယား၊ ဘီလာရုစ်၊ ကာဇက်စတန်၊ ခိရုကစ္စတန်နှင့် ရုရှားတို့ ပါဝင်သည်။ ၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်ကာလ အတွင်း ဥဇဘက်က ဥရောပအာရှ စီးပွားရေးသမဂ္ဂသို့ ကုန်စည်နှင့် ဝန်ဆောင်မှုများ တင်ပို့မှုပမာဏ မှာ အမေရိကန်ဒေါ်လာ ၂.၄ ဘီလီယံရှိခဲ့ပြီး သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၄.၆ ဘီလီယံအထိ ရှိခဲ့သည်။

## တောင်အာရှ

## အာဆီယံခေါင်းဆောင်များနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံမည်

ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergey Lavrov သည် ကြာသပတေးနေ့ (ဩဂုတ် ၄ ရက်မှစတင် ၍ ကမ္ဘောဒီးယားတွင်ကျင်းပမည့် အာဆီယံအစည်းအဝေးများစွာ) တွင် ပါဝင်မည်ဖြစ်ကာ အာဆီယံ နိုင်ငံများမှ ခေါင်းဆောင်များနှင့် အစည်းအဝေးအချို့ ကျင်းပမည်ဟု သိရပါသည်။

## ၂၀၂၃ ခုနှစ်အတွင်း လာအိုရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ

လာအိုမှာ တရုတ်ရင်းနှီးမြှုပ်နှံမှုများကို အချိန်အတော်ကြာအောင် တသမတ်တည်း လက်ခံ သည့်နိုင်ငံဖြစ်သည်။ သို့သော် ကုန်းတွင်းပိတ်နိုင်ငံတစ်ခုအနေဖြင့် ၎င်း၏ကိုယ်ပိုင် ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အခက်အခဲများကို ကြုံတွေ့ခဲ့ပါသည်။ ယခုအခါ တရုတ်နိုင်ငံနှင့် ရထားလမ်း အခြေခံအဆောက်အအုံနှင့် လမ်းကြောင်းများကို စတင်ခြင်းဖြင့် တရုတ်နိုင်ငံအနောက်တောင်ပိုင်း နှင့်သာမက ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ကိုလည်း လာအိုနိုင်ငံကို ဆက်သွယ်ပေးနိုင်ပြီဖြစ်ကာ လာ အိုနိုင်ငံအား 'ကုန်းမြေဆက်စပ်နိုင်ငံ' နိုင်ငံအဖြစ်သို့ ပြောင်းလဲနိုင်ခဲ့ပါသည်။ အကျိုးဆက်အားဖြင့် လာအိုနိုင်ငံ၌ ခရီးသွားလုပ်ငန်းနှင့် အပေါ့စားကုန်ထုတ်ဇုန်များ ထွန်းကားပေါ်ပေါက်လာသည်။

Agribusiness & Trade

## ၂၀၂၃ ခုနှစ်အတွင်း မလေးရှားရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ

တရုတ်နိုင်ငံသည် ၎င်း၏ ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းအတွက် အကုန်အကျခံ သုံးစွဲနေပြီးနောက်တွင် လက်ခံရရှိသည့်နိုင်ငံများ၌ FDI သဲလွန်စများကို ပေးစွမ်းနိုင်ပြီး အခွင့်အလမ်းသစ်များကို ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ အခြေခံအဆောက်အအုံ တည်ဆောက်မှုများကြောင့် ထိရောက်သောအသုံးပြုသူ၏ငွေသားစီးဆင်းမှုကို အကျိုးအမြတ် စတင်ဖြစ်ပေါ်စေပြီး၊ ပံ့ပိုးကူညီမှုဝန်ဆောင်မှုများအတွက် နောက်ဆက်တွဲလိုအပ်ချက်များကို သိရှိလာနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုအလားအလာအတွက် ဖြစ်ရပ်မှန် လေ့လာမှုများက ဖြစ်ပေါ်လာပါသည်။

တရုတ်-အာဆီယံလွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်နှင့် မကြာသေးမီက RCEP သဘောတူညီချက်နှင့်အတူ မလေးရှားနိုင်ငံ၏ အပေါ့စားကုန်ထုတ်ဇုန်များနှင့် နိုင်ငံလုံးဆိုင်ရာဒစ်ဂျစ်တယ်စနစ်နှစ်ခုစလုံး၌ တရုတ်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ပြုလုပ်နေပါသည်။

တရုတ်နိုင်ငံသည် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် မလေးရှားနိုင်ငံ၏ အကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအဖြစ် ဆက်လက်တည်ရှိနေပြီး ၂၀၁၆ ခုနှစ်မှ စတင်ကာ မလေးရှားနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်သည်။ တရုတ်သည် ၂၀၂၀ ပြည့်နှစ်တွင် မလေးရှားနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှု၏ ၁၈.၆ ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံသို့ တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ (၃၇.၇၇ ဘီလီယံ) (၁.၁ ရာခိုင်နှုန်း) ပါဝင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁၇၆.၈ ဘီလီယံအထိ ရှိလာခဲ့သည်။

နာမည်ကြီး တရုတ်ကုမ္ပဏီများဖြစ်သည့် Huawei Technologies Co Ltd ၊ Longi Solar Technology Co Ltd ၊ JinkoSolar Holding Co Ltd ၊ Alliance Steel ၊ Alibaba Group Holding Ltd ၊ Zhejiang Geely Holding Group Co Ltd နှင့် Xiamen University တို့သည် မလေးရှားနိုင်ငံကို ၎င်းတို့၏ ဦးစားပေးရင်းနှီးမြှုပ်နှံမှုနေရာအဖြစ် တစ်စိတ်တစ်ပိုင်းအားဖြင့် ရွေးချယ်ခဲ့ကြသည်။

East Coast Rail Link (ECRL) မှာ တရုတ်နှင့် မလေးရှားကြား အကြီးမားဆုံး စီးပွားရေးနှင့် ကုန်သွယ်မှုစီမံကိန်းဖြစ်ပြီး အရှေ့ဘက်ကမ်းရိုးတန်းနှင့် အနောက်ဘက်သို့ ၆၆၅ ကီလိုမီတာရှည်လျားပြီး၊ ၂၀၂၈ ခုနှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားသည်။

မလေးရှားနိုင်ငံ၏ အဓိကတံတားကြီး (၁၁)စင်းအနက် တစ်စင်းဖြစ်သည့် Batang Saribas တံတားတည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၁၉၃ သန်းတန် စီမံကိန်း အတွက် ၂၀၂၁ ခုနှစ်ဦး ဇန်နဝါရီလတွင် China State Construction Group (CSCEC) က အတွက် လေလံအောင်မြင်ခဲ့ပါသည်။

Agribusiness & Trade

၎င်းတံတားကို ၂၀၂၅ ခုနှစ်တွင် အဆင်သင့်ဖြစ်ရန် စီစဉ်ထားပြီး၊ Sarawak ကမ်းရိုးတန်းလမ်း စီမံကိန်း၏ အစိတ်အပိုင်း သုံးခုအနက် ပထမဆုံးအပိုင်းဖြစ်ပါသည်။

Malaysia–China Kuaantan Industrial Park (MCKIP) SEZ မှာ coke၊ လျှပ်စစ်၊ အလူမီနီယမ်နှင့် မဂ္ဂနိစ်များ အခြေခံအားဖြင့်ပါဝင်ပြီး အမေရိကန်ဒေါ်လာ 2.74 ဘီလီယံ ရင်းနှီးမြှုပ်နှံမှု ရရှိထားကြောင်း ၂၀၂၁ ခုနှစ်အတွင်း Beibu Port Group မှ ကြေညာခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် Alibaba သည် မလေးရှားအား Cainiao (Alibaba) Aeropolis eWTP (electronic World Trade Platform) Hub ၏ လည်ပတ်မှုဖြင့် ၎င်း၏ အာရှပစိဖိတ်လေကြောင်းကုန်စည်ပို့ဆောင်ရေးဗဟိုအချက်အချာအဖြစ် ရွေးချယ်ခဲ့သည်။ မလေးရှားအစိုးရနှင့် Alibaba Group တို့ ပူးပေါင်း၍ Malaysia Airports Holdings Bhd နှင့် Alibaba Group တို့ကြား ဖက်စပ်ကုမ္ပဏီကို eWTP မိတ်ဖက်ပူးပေါင်းမှုအဖြစ် စတင်တည်ထောင်ခဲ့ပါသည်။ အဆိုပါဗဟိုချက်သည် လာမည့် ၁၀ နှစ်တာကာလအတွင်း မလေးရှားနိုင်ငံအား e–commerce အတွက် ဒေသတွင်းဖြန့်ဖြူးရေးစင်တာတစ်ခုအဖြစ် ပြောင်းလဲသွားမည်ဖြစ်ပြီး၊ စုစုပေါင်း GDP အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိ ရောက်ရှိစေကာ အလုပ်အကိုင်ပေါင်း ၃၅,၀၀၀ ကျော်ကို ထောက်ပံ့ပေးနိုင်မည်ဟု မျှော်လင့်ထားပါသည်။

အခြားရင်းနှီးမြှုပ်နှံမှုများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် –

- Ant Financial မှာ Touch n' Go (TNG) ဟုခေါ်သော e–wallet နှင့် အခြားအွန်လိုင်းငွေပေးချေမှုဝန်ဆောင်မှုများကို ပံ့ပိုးပေးရန်အတွက် မလေးရှား၏ ဒုတိယအကြီးဆုံးဘဏ်ဖြစ်သည့် CIMB နှင့် တည်ထောင်ထားသော ဖက်စပ်လုပ်ငန်းဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင် AIA (Hong Kong) သည် TNG ၏တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၇၀၀ တန်ကြေးရှိ အစုရှယ်ယာတစ်ခုကို ရယူခဲ့သည်။
- Tencent – ၂၀၁၉ ခုနှစ်၊ ပထမ ၃ လပတ်တွင် Tencent သည် ၎င်း၏ ပထမဆုံး WeChat Pay အက်ပ်ကို နိုင်ငံခြားငွေ (မလေးရှား) တွင် e–wallet ဝန်ဆောင်မှုအဖြစ် စတင်ခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် WeChat ပေးချေမှုသည် မလေးရှား e–wallet ဝန်ဆောင်မှုပေးသူ ၅၃ ဦးအနက် အဆင့် ၅ နေရာ၌ ရှိနေခဲ့ပါသည်။

Agribusiness & Trade

- ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် Alibaba Cloud က မလေးရှား၌ Alibaba Cloud Innovation Center ကို စတင်မည်ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။ ၎င်းစင်တာမှ ဒေသခံပညာရှင် ၃၀,၀၀၀ ကို လေ့ကျင့်သင်ကြားပေးရန် စီစဉ်ထားပါသည်။
- ဆန်းသစ်တီထွင်မှုစင်တာကို ကြေငြာခြင်းအပြင် Alibaba Cloud သည် ၎င်း၏ AsiaForward စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် လာမည့်သုံးနှစ်အတွင်း ရန်ပုံငွေနှင့် အရင်းအမြစ်များတွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရင်းနှီးမြှုပ်နှံ သွားမည်ဖြစ်ပြီး၊ ဒစ်ဂျစ်တယ်စွမ်းရည်ရှိသူ တစ်သန်းကို ပျိုးထောင်ပေးကာ၊ developer ၁၀၀,၀၀၀ ကို အားကောင်းလာစေရန်နှင့် တိုးတက်မှုကို အရှိန်မြှင့်တင်ဆောင်ရွက်သွားရန်နှင့် အရှေ့တောင်အာရှနှင့် ဟောင်ကောင်တစ်ဝှမ်းရှိ နည်းပညာဆိုင်ရာ စတင်သည့်လုပ်ငန်းပေါင်း ၁၀၀,၀၀၀ ရှိလာစေရေးအရှိန်မြှင့်တင် ဆောင်ရွက်သွားရန် ရည်ရွယ်ထားသည်။
- မလေးရှားနိုင်ငံတွင် စမတ်ဖုန်းများအသုံးပြုရာ၌ ၂၀၂၁ ခုနှစ်၊ ဒုတိယသုံးလပတ်ကာတွင် Xiaomi သည် နံပတ် ၁ နေရာတွင် ရှိနေသည်။
- ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် မလေးရှားနှင့် Shanxi Construction Investment Group တို့သည် ဒုတိယမျိုးဆက် ဇီဝဒီဇယ်နှင့် ဇီဝဂျက်လောင်စာများ ထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ Sustainable Aviation Fuels (Biojet) ထုတ်လုပ်ရန် အလားအလာရှိသည့် ဟိုက်ဒရိုဂျင် ဟင်းသီးဟင်းရွက်ဆီ (HVO) စက်ရုံတွင် ရင်းနှီးမြှုပ်နှံရန် Shanxi Construction က စီစဉ်နေသည်။ HVO စက်ရုံတစ်ခုစီ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၇၁၂.၂၅ သန်းနှင့် အလုပ်အကိုင်ပေါင်း ၈၀၀ နီးပါးဖန်တီးပေးနိုင်ရန် မျှော်လင့်ထားသည်။

မလေးရှားနိုင်ငံ၏ စီးပွားရေးသည် ကာကွယ်ဆေးထိုးနှံမှုအောင်မြင်ပြီး လှုပ်ရှားမှုကန့်သတ်ချက်များ အပြည့်အဝရုပ်သိမ်းပြီးနောက် ကူးစက်ရောဂါမှ ပြန်လည်ကောင်းမွန်လာရန် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပါသည်။ အဓိကအားဖြင့် စားသုံးမှုပြန်လည်အားကောင်းလာမှုကြောင့် ယင်း၏ စီးပွားရေးမှာ ၂၀၂၂ ခုနှစ်တွင် ၅.၅ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာ့ဘဏ်၏ အဆိုအရ မလေးရှားသည် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံဖြစ်ပြီး ၂၀၃၀ ခုနှစ်တွင် ဝင်ငွေမြင့်မားသော အနေအထားသို့ တိုးလာနိုင်မည်ဟု မျှော်မှန်း ထားသည်။

Agribusiness & Trade

## ဗီယက်နမ်တွင် ရုရှား၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်

ဗီယက်နမ်နိုင်ငံ၏ ကမ်းလွန်လေအားအရင်းအမြစ်နှင့် ပေါများသောနေရောင်ခြည် အရင်းအမြစ်များကြောင့် ၎င်း၏ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှာ ဝယ်လိုအားမြင့်မားသည့် အရှေ့တောင်အာရှတွင် အတက်ကြွဆုံးကဏ္ဍများအနက် ကဏ္ဍတစ်ခုဖြစ်ပါသည်။ လေစွမ်းအင်ဆိုင်ရာ စီမံကိန်းအသစ် ဖွံ့ဖြိုးတိုးတက်ရေးအား ရုရှားနှင့် ဗီယက်နမ် စွမ်းအင်ကော်ပိုရေးရှင်း များအကြား မကြာမီ ပူးပေါင်းဆောင်ရွက်မည့်အပေါ် ဗီယက်နမ်ဘက်မှ မီးစိမ်းပြ၍ အကြမ်းဖျဉ်းရှင်းလင်းပြောကြားခဲ့ပါသည်။

## စားသုံးသူဘဏ်လုပ်ငန်း

## တရုတ်၏ Union Pay အား အသုံးပြုရန် ရုရှားလုပ်ငန်းများက ချဲ့ထွင်လာ

ရုရှား၏အကြီးဆုံးဘဏ်နှစ်ခုဖြစ်သည့် MKB နှင့် DOM.FR တို့က ၎င်းတို့သည် Union Pay ကတ်များဖြစ်သည့် MKB နှင့် DOM.RF ကို ထုတ်ပေးရန် ပြင်ဆင်နေကြောင်းနှင့် ၂၀၂၃ ခုနှစ် အစောပိုင်းတွင် စတင်အသုံးပြုနိုင်ဖွယ်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ အလားတူ ကတ်များကို ရုရှားနိုင်ငံ၏ စံချိန်စံညွှန်းဖြင့် ရုရှားဘဏ် ဆယ့်တစ်ဘဏ်မှ တရားဝင်ထုတ်ပေးနေပြီး ၎င်းဘဏ်များ၌MTS Bank ၊ Gazprombank ၊ RSHB ၊ Solidarity ၊ Bank Saint Petersburg ၊ Primsotsbank ၊ RRDB ၊ Primorye၊ Zenit နှင့် Post Bank တို့ပါဝင်ပါသည်။ အခြားဘဏ်အများ အပြားမှာလည်း Union Pay ဖြင့် အတည်ပြုမှုလုပ်ငန်းစဉ်များကို လုပ်ဆောင်နေကြကာ အခြားအဖွဲ့အစည်းများမှာလည်း ဆောင်ရွက်ရန်စဉ်းစားနေကြကြောင်း သိရပါသည်။

ရင်းမြစ်၊ China–Briefing
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

……………………………………………………………………………

Agribusiness & Trade

## စီးပွားရေးအခြေအနေအပေါ် စိုးရိမ်ပူပန်မှုများကြောင့် တရုတ်နိုင်ငံ၏ BRI ရင်းနှီးမြှုပ်နှံမှုများ နှေးကွေးလာ

ယခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံက နိုင်ငံပေါင်း ၁၄၇ နိုင်ငံတွင် ပြုလုပ်နေသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း ရင်းနှီးမြှုပ်နှံမှုများ နှေးကွေးသွားသဖြင့် တရုတ်နိုင်ငံအတွင်း စီးပွားရေးကျဆင်းမှုကို ကိုင်တွယ်ဖြေရှင်းနေရသည်ဟူသောအချက်ကို သက်သေပြနေကာ၊ ဆက်လက်၍လည်းကျဆင်းဖွယ်ရှိပါသည်။ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ (UNCTAD) ၏ ၂၀၂၂ ခုနှစ်အတွင်း FDI ၏ အလားအလာ ခန့်မှန်းချက်အရ "စိုးရိမ်စရာ" ဖြစ်နေပြီး၊ အခြေခံအဆောက်အအုံကဏ္ဍများရှိ နိုင်ငံတကာစီမံကိန်းဘဏ္ဍာငွေမှာမူ တိုးတက်မှုအရှိန်အဟုန်ကို ပံ့ပိုးပေးနိုင်ရန် ဆက်လက်ဖြစ်ပေါ်နေမည်ဟု မျှော်လင့်ထားပါသည်။

အစီရင်ခံစာများအရ ၂၀၂၂ ခုနှစ် ပထမသုံးလပတ်တွင် စီမံကိန်းအသစ်လုပ်ဆောင်မှုမှာ ၂၁ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပြီး နိုင်ငံတကာစီမံကိန်းဘဏ္ဍာရေးဆိုင်ရာ သဘောတူညီချက်များမှာ ၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရပါသည်။ Green Finance & Development Center ၏လေ့လာချက်အရ ၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း BRI အဖွဲ့ဝင်နိုင်ငံပေါင်း ၁၄၇ နိုင်ငံ၌ ပြုလုပ်နေသည့် တရုတ်ရပ်ဝန်းနှင့် ပိုးလမ်းမဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုများမှာ ကျဆင်းခဲ့ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ ၂၉.၄ ဘီလီယံရှိခဲ့သည့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ယခုနှစ်အတွင်း ဘဏ္ဍာငွေနှင့် ရင်းနှီးမြှုပ်နှံမှုများမှာ အမေရိကန်ဒေါ်လာ ၂၈.၄ ဘီလီယံသာရှိခဲ့ပါသည်။

၂၀၁၉ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ယခုနှစ် ပထမနှစ်ဝက်၏ ကိန်းဂဏန်းများမှာ ၄၀ ရာခိုင်နှုန်း ပိုမိုလျော့နည်းခဲ့ပါသည်။ BRI ရင်းနှီးမြှုပ်နှံမှုများမှာ တရုတ်နိုင်ငံ၏ ကိုယ်ပိုင်စီးပွားရေးစိန်ခေါ်မှုများနှင့် ကမ္ဘာတစ်ဝှမ်း မသေချာမရေရာမှုများဖြစ်ပေါ်နေကြောင့် ၂၀၂၂ ခုနှစ်၏ ဒုတိယနှစ်ဝက်တွင်လည်း ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိပါသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမမှာ အရှေ့အာရှမှ ဥရောပ၊ အာဖရိကနှင့် ကာရေဘီယံအထိ လုပ်ငန်းများဖြန့်ကျက်ထားပြီး ရထားလမ်း၊ ဆိပ်ကမ်းများ၊ ရေပိုက်လိုင်းများနှင့် လျှပ်စစ်ဓာတ်အားစီမံကိန်းများကဲ့သို့သော အရေးကြီးသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးလျက်ရှိသည်။ BRI စီမံကိန်းများနှင့်စပ်လျဉ်းသည့် နှစ်နိုင်ငံစေ့စပ်ညှိနှိုင်းမှုများတွင် စီးပွားရေးအရ အားနည်း

Agribusiness & Trade

သောမိတ်ဖက်အချို့အပေါ် အချိုးမညီသည့် ဩဇာလွှမ်းမိုးမှုကို အသုံးချနေသည်ဟု စွပ်စွဲထားကြောင်း European Times က ဖော်ပြခဲ့ပါသည်။

ကာဗွန်ထုတ်လွှတ်မှုနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်တွင် အစိမ်းရောင်စွမ်းအင်စုစုပေါင်းပါဝင်မှု (နေရောင်ခြည်၊ လေ၊ ရေအားလျှပ်စစ်) မှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၂ ရာခိုင်နှုန်းကျဆင်းသွားပြီး၊ အမေရိကန်ဒေါ်လာ ၃ ဘီလီယံခန့် ရှိခဲ့ပါသည်။

BRI မဟုတ်သော နိုင်ငံများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၆–၂၀၂၀ ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုပြုခဲ့သည့် ပမာဏဖြစ်သော အမေရိကန်ဒေါ်လာ ၇၄၀ ဘီလီယံမှ ၂၅ ရာခိုင်နှုန်း လျော့နည်း၍ အမေရိကန်ဒေါ်လာ ၅၅၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုပြုရန် တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM) က စီစဉ်နေကြောင်း European Times သတင်း၌ ဖော်ပြထားပါသည်။

မေလတွင် တရုတ်ဝန်ကြီးချုပ် လီခကျန်းက ဒုတိယအကြီးဆုံးစီးပွားရေးကို ဆိုးရွားစွာသက်ရောက်မှုဖြစ်ပေါ်စေသည့် COVID ကန့်သတ်ထိန်းချုပ်မှုများကို ပြုလုပ်နေရသောကြောင့် ပုံမှန်မဟုတ်သောထိခိုက်မှုများဖြစ်ပေါ်နေသည့် ကာလအတွင်း ပုံမှန်လမ်းကြောင်းသို့ ပြန်လည်ရောက်ရှိစေရန် စီးပွားရေးတည်ငြိမ်စေရေး မူဝါဒများအား အကောင်အထည်ဖော်ရန်နှင့် ဈေးကွက်၌ ပါဝင်သူများကို ပံ့ပိုးပေးရန်အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့ပြီး၊ ကမ္ဘာပေါ်၌ လူဦးရေအထူထပ်ဆုံးဖြစ်သည့် တရုတ်နိုင်ငံတွင် COVID–19 ကပ်ရောဂါ ပိတ်ဆို့မှုများကြောင့် အလုပ်အကိုင်ဈေးကွက်မှာရှုပ်ထွေးနေပြီး စိုးရိမ်ဖွယ်ရာဖြစ်နေကြောင်း ပြောကြားထားပါသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံးအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးသည့် လုပ်ငန်းကြီးတစ်ခုလည်းဖြစ်၊ ပြဿနာရှိနေသည့် အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးသည့် လုပ်ငန်းလည်းဖြစ်သည့် China Evergrande Group က ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် စီးပွားရေးအဆက်မပြတ်ကျဆင်းနေသော်လည်း ဇူလိုင်လကုန်တွင် ၂၀၂၂ ခုနှစ်အတွင်း ပြန်လည်ဖွဲ့စည်းမည့်အစီအစဉ်ကို ထုတ်ပြန်မည်ဟု ကတိပြုခဲ့ကြောင်း The Wall Street Journal က ဖော်ပြခဲ့ပါသည်။

ရင်းမြစ်၊ ANI news service

ဒေါက်တာရွှေစင်ကို

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

...........................................................................

## ဩဂုတ် ၉ ရက်နေ့တွင် တရုတ်နိုင်ငံ ရှန်တုန်းရေနံချက်စက်ရုံရှိ ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်းများ မြင့်တက်ခဲ့

ဩဂုတ်လ ၉ ရက်နေ့တွင် တရုတ်နိုင်ငံ၊ ရှန်တုန်းပြည်နယ်ရှိ သန့်စင်ပြီးဓာတ်ဆီနှင့် ဒီဇယ်ဈေးများ မြင့်တက်ခဲ့ပါသည်။ 92 ဓာတ်ဆီဈေးနှုန်းမှာ တစ်တန်လျှင် ၈,၆၃၄.၄၀ ယွမ်ဖြစ်ပြီး၊ ဒီဇယ်ဈေးနှုန်းမှာ တစ်တန်လျှင် ၈,၀၀၇ ယွမ် ဖြစ်ပါသည်။ ရေနံစိမ်းသန့်စင်သည့် ယူနစ်များ စတင်မှုမှာ အနည်းငယ်နိမ့်ကျသော်လည်း ထုတ်လုပ်မှုနှင့် ရောင်းချမှုနှုန်း ကောင်းမွန်သောကြောင့် ဆီချောဈေးနှုန်းများ ပိုမိုမြင့်မားလာခြင်းဖြစ်ပါသည်။ တရုတ်တစ်နိုင်ငံလုံးတွင် 92 ဓာတ်ဆီ အရောင်းအဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် ၈,၅၀၀ ယွမ်မှ ၈,၇၀၀ ယွမ်ကြား၊ 95 ဓာတ်ဆီ အရောင်းအဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် ၈,၆၀၀ ယွမ်မှ ၈,၈၀၀ ယွမ်ကြား၊ ဆဌမမြောက် အမျိုးသားလမ်းမကြီးရှိ မော်တော်ယာဉ်များအတွက် ဒီဇယ် အရောင်းအဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် ၇,၈၀၀ ယွမ် မှ ၈,၀၀၀ ယွမ်ကြားဖြစ်ပါသည်။

ဓာတ်ဆီဝယ်လိုအားမှာ ပုံမှန်ဖြစ်ပါသည်။ နွေရာသီတွင် ကိုယ်ပိုင်ကားများဖြင့် ခရီးသွားမှုများတိုးလာသော်လည်း ကပ်ရောဂါအခြေအနေကြောင့် ဓာတ်ဆီဝယ်လိုအားမှာ မျှော်မှန်းထားသည်ထက်နည်းပါးနေကာ ဓာတ်ဆီဈေးနှုန်း များစွာမြင့်တက်ခြင်း မရှိသေးပေ။ မကြာသေးမီက ဒီဇယ်ရောင်းလိုအား ကျဆင်းခြင်းနှင့်အတူ ဒီဇယ်ဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ဒီဇယ်ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာပါသည်။

အမေရိကန်ပြည်ထောင်စုရှိ WTI ရေနံစိမ်း ကြိုရောင်းကြိုဝယ်စာချုပ် ဈေးနှုန်းမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၀.၇၆ ဒေါ်လာဖြစ်ပြီး၊ ယခင်ဈေးထက် ၁.၉၇ ရာခိုင်နှုန်း မြင့်တက်လာပါသည်။ Brent ရေနံစိမ်း ကြိုရောင်းကြိုဝယ်စာချုပ် ဈေးနှုန်းမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၆.၉၆ ဒေါ်လာဖြစ်ပြီး ယခင်ဈေးထက် ၁.၇၃ မှ ၁.၈၂ ရာခိုင်နှုန်းကြား မြင့်တက်လာပါသည်။

ဇူလိုင်လတွင် အမေရိကန်၏ အလုပ်အကိုင်ဆိုင်ရာ အချက်အလက်များက ကောင်းမွန်သည့် စွမ်းဆောင်ရည်ကို ပြသပြီး၊ တစ်ချိန်တည်းမှာပင် တရုတ်၏ ပို့ကုန်တိုးတက်မှုနှုန်းမှာ မျှော်မှန်းထားသည်ထက် ကျော်လွန်ကာ စီးပွားရေးကျဆင်းမှု၏ အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများကို လျော့ပါးစေမည့် အရိပ်အယောင်များ တွေ့ရှိပြီးနောက် နိုင်ငံတကာရေနံဈေးနှုန်း အနိမ့်ဆုံးနှုန်းဖြင့် ပြန်လည်မြင့်တက်လာခြင်း ဖြစ်ပါသည်။ ထို့အပြင် လက်ရှိစွမ်းအင်ပြတ်လပ်မှု အခြေအနေမှာ ယခုနှစ် ပထမနှစ်ဝက်တွင် ယေဘုယျ မျှော်မှန်းထားသည်ထက် ပိုမိုဆိုးရွားနိုင်ကြောင်း ဈေးကွက်

Agribusiness & Trade

တွင် ပါဝင်သူများက ယုံကြည်နေကြဆဲဖြစ်ခြင်းကြောင့် ရေနံဈေးကွက်လည်း အားကောင်းလာခြင်း ဖြစ်ပါသည်။ အချုပ်အားဖြင့် သုံးသပ်ရလျှင် နောက်ပိုင်းကာလများတွင် တရုတ်နိုင်ငံ၏ ရေနံထွက် ကုန်ဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းရရှိပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ဂျာမနီနိုင်ငံတွင်ပို့ကုန်ဝင်ငွေ ပြန်လည်မြင့်တက်လာခြင်း

ဂျာမနီနိုင်ငံတွင် စီးပွားရေးကျဆင်းမှုဖြစ်ပေါ်နေသော်လည်း ၂၀၂၂ ခုနှစ်ဇွန်လတွင် ပို့ကုန်ဝင်ငွေ ပြန်လည်မြင့်တက်လာပြီး ကုန်သွယ်မှုပိုငွေရရှိခဲ့ပါသည်။ Federal Statistical Office ၏ ဩဂုတ်လ ၃ ရက်နေ့ ထုတ်ပြန်သည့်စာရင်းအရ ၂၀၂၂ ခုနှစ်ဇွန်လတွင် ပို့ကုန်တန်ဘိုး ယူရို (၁၃၄.၃) ဘီလီယံနှင့် သွင်းကုန်တန်ဘိုး ယူရို (၁၂၇.၉) ဘီလီယံရှိခဲ့ပြီး ကုန်သွယ်မှုပိုငွေ ယူရို (၆.၄) ဘီလီယံ ရရှိခဲ့ပါသည်။ ပို့ကုန်တန်ဘိုးသည် မေလနှင့်နှိုင်းယှဉ်လျှင် (၄.၅) ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ပြီး အီးယူနိုင်ငံများသို့ (၃.၉) ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများသို့ (၅.၃) ရာခိုင်နှုန်းပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သွင်းကုန်အနေနှင့် မေလကထက် (၀.၂) ရာခိုင်နှုန်းပိုမိုတိုးတက်ရရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်ကာလတူ ဇွန်လနှင့် နှိုင်းယှဉ်လျှင် ပို့ကုန်မှာ (၁၈.၄) ရာခိုင်နှုန်းနှင့် သွင်းကုန်မှာ (၂၇.၉) ရာခိုင်နှုန်း ပိုမိုတိုးတက် ရရှိခဲ့ပါသည်။

၂၀၂၂ ခုနှစ်ဇွန်လတွင် အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် ယူရို (၇၂.၉) ဘီလီယံတန်ဘိုး တင်ပို့မှုနှင့် ယူရို (၆၂.၈) ဘီလီယံတန်ဘိုး တင်သွင်းမှုရှိခဲ့ပြီး မေလကထက် ၃.၉ ရာခိုင်နှုန်းနှင့် ၀.၃ ရာခိုင်နှုန်း အသီးသီး တိုးတက်မှုရှိခဲ့ပါသည်။ ရုရှားနိုင်ငံနှင့် ကုန်သွယ်မှုအနေဖြင့် ယူရို (၁.၂) ဘီလီယံတန်ဘိုး တင်ပို့ခဲ့ပြီး မေလနှင့် နှိုင်းယှဉ်လျှင် (၁၄.၅) ရာခိုင်နှုန်းပိုမိုတင်ပို့နိုင်ခဲ့ကာ ယူရို (၃.၅) ဘီလီယံတန်ဘိုးတင်သွင်းမှု ရှိခဲ့ပါသည်။ အီးယူပြင်ပနိုင်ငံများသို့ ယူရို (၆၁.၄) ဘီလီယံ တင်ပို့မှုရှိခဲ့ရာ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့မှုအများဆုံးဖြစ်ခဲ့ပြီး မေလကထက် (၆.၂) ရာခိုင်နှုန်းနှင့် (၂.၄) ရာခိုင်နှုန်းအသီးသီး တိုးတက်တင်ပို့မှုရှိခဲ့ပါသည်။ အဆိုပါနိုင်ငံများမှ ယူရို (၆၅.၁) ဘီလီယံ တင်သွင်းမှု

ရှိခဲ့ရာ တရုတ်နိုင်ငံမှ ယူရို(၁၇) ဘီလီယံဖြင့် အများဆုံးတင်သွင်းမှုပြုခဲ့ပြီး အမေရိကန်နိုင်ငံမှ ယူရို (၈.၅) ဘီလီယံတန်ဘိုး တင်သွင်းခဲ့ပါသည်။

ပို့ကုန်တိုးတက်မှုရှိခဲ့သော်လည်း စီးပွားရေးလုပ်ငန်းများက ဂျာမနီနိုင်ငံ၏ export-driven economy စီးပွားရေးအလားအလာအပေါ် လက်ရှိ လောင်စာစွမ်းအင်ဈေးနှုန်း မြင့်တက်မှု၊ supply chain မတည်ငြိမ်မှုနှင့် ငွေကြေးဖောင်းပွမှုအခြေအနေများကြောင့် ကျဆင်းနိုင်လာနိုင်မည့် အနေအထားကိုသာ ရှုမြင်သုံးသပ်နေကြပါသည်။ ဇွန်လအတွင်း စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုမှာ မေလကထက် ၀.၄ ရာခိုင်နှုန်းတိုးတက်ထုတ်လုပ်မှုရှိခဲ့သော်လည်း ထုတ်လုပ်မှုကဏ္ဍရှိ အမှာစာအသစ်များ လက်ခံရရှိမှုမှာ မေလနှင့် နှိုင်းယှဉ်လျှင် ၀.၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ လက်လီလုပ်ငန်းများ အရောင်းဝင်ငွေသည်လည်း မေလနှင့် နှိုင်းယှဉ်လျှင် ၁.၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အသားထုတ်လုပ်သည့်လုပ်ငန်းများမှ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်တွင် တန်ချိန်(၃.၅) သန်းအောက်သာ ထုတ်လုပ်ခဲ့ပြီး ကာလတူထက် (၇.၉)ရာခိုင်နှုန်းလျော့နည်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတွင်း ခရီးတိုသွားလာမှုများမှာ ပထမ(၃)လကထက် ၄၆ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး 9 euro ticket ကို အသုံးပြုမှုများခြင်းကြောင့်လည်းဖြစ်နိုင်ကြောင်း၊ ဘီယာရောင်းချရမှုမှာမူ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်အတွင်း လီတာပေါင်း (၄.၃) ဘီလီယံရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ၃.၈ ရာခိုင်နှုန်းအားဖြင့် တိုးတက်မှုရှိကြောင်း သိရှိရပါသည်။ လာမည့်ဆောင်းရာသီအတွက် ဓါတ်ငွေ့လုံလောက်စွာရရှိမှုများမှာ စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

၂၀၂၂ ခုနှစ် ပထမ(၃) လအတွင်း စီးပွားရေးတိုးတက်မှု (၀.၂) ရာခိုင်နှုန်းမျှော်မှန်းထားမှုအတွက် ပြန်လည်တွက်ချက်မှုများအရ (၀.၈)ရာခိုင်နှုန်းရရှိခဲ့ပြီး ဧပြီလမှ ဇွန်လအတွင်း စီးပွားရေးအခြေအနေမှာ ရပ်တန့်နေပြီး (stagnation) ဒုတိယ(၃) လအတွက်  စီးပွားရေးတိုးတက်မှုနှုန်းကို သုညရာခိုင်နှုန်းအဖြစ် သတ်မှတ်ဖော်ပြထားပါသည်။ ဇူလိုင်လအတွက် ငွေကြေးဖောင်းပွမှုမှာ (၇.၅) ရာခိုင်နှုန်းနှင့် အလုပ်လက်မဲ့မှုမှာ (၅.၄) ရာခိုင်နှုန်းတွင် ရှိနေပါသည်။

Sources:https://www.thelocal.de/20220803/german-exports-rise-again-despite-slowdown-fears/https://www.destatis.de/EN/Press/2022/08/PE22_325_51.html

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

………………………………………………………………….

## Biofach 2023 အော်ဂဲနစ်ပြပွဲ ကျင်းပမည့်အစီအစဉ်

Biofach အော်ဂဲနစ်ထုတ်ကုန်မျိုးစုံပြပွဲကို ၂၀၂၃ ခုနှစ်ဖေဖော်ဝါရီလ ၁၄ ရက်မှ ၁၇ ရက်နေ့အထိ ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့တွင် Nuremberg Messe GmbH က ကြီးမှူးကျင်းပ မည်ဖြစ်ပြီး ပြပွဲတွင် ပါဝင်ပြသမည့်သူများအနေဖြင့် (https://www.biofach.de)ဝက်ဘ်ဆိုက်တွင် အွန်လိုင်းမှ တဆင့် လျှောက်ထားရယူနိုင်ပါသည်။ ပြခန်းအတွက် ၁၂ စတုရန်းမီတာ အနည်းဆုံးရယူရန် လိုအပ်ပြီး ဈေးနှုန်းများမှာ-

(က) line stand, one side open (min. 12 m²)  EUR 179/sqm plus VAT.

(ခ) Corner stand, two sides open (min. 15 m²)  EUR 208/sqm plus VAT.

(ဂ)Island stand, three sides open(min. 30 m²)  EUR 216/sqm plus VAT.

(ဃ) Block stand, four sides open (min. 60 m²)  EUR230/sqmplusVAT.

တို့ဖြစ်ပါသည်။ ပြခန်းငှားခအပြင်ထပ်မံကုန်ကျမည့် Marketing service နှင့်အခြား ဝန်ဆောင်မှုများပေးသွင်းရန်လိုအပ်ပြီး https://www.biofach.de/en/exhibitors/participation/pricecalcul-ator တွင် လေ့လာနိုင်ပါသည်။

၂၀၂၂ ခုနှစ်အတွက် (၂၆.၇.၂၀၂၂) မှ (၂၉.၇.၂၀၂၂) ရက်နေ့အထိ ကျင်းပခဲ့ပြီး အော်ဂဲနစ်ထုတ်ကုန်မျိုးစုံပြသမှုများ၊ ဆွေးနွေးပွဲဖိုရမ်များ၊ Congress များ၊ ကျွမ်းကျင်ပညာရှင်များ၏ ဟောပြောပို့ချချက်များ၊ Exhibitor များ၏ သရုပ်ပြတင်ဆက်ပြသမှုများဖြင့် ကျင်းပဆောင်ရွက်ခဲ့ရာ လာရောက်ပြသသူပေါင်း (၂၂၇၆) နှင့် လေ့လာကြည့်ရှုသူပေါင်း (၂၄၀၀၀) ရှိခဲ့ပါသည်။ မြန်မာနိုင်ငံမှ မောရှမ်းလက်ဖက်ကုမ္ပဏီက ကိုယ်တိုင်လာရောက်၍လည်းကောင်း၊ Yatha Waddi ကုမ္ပဏီ (Paline လက်ဖက်) က ဒစ်ဂျစ်တယ် အွန်လိုင်းဖြင့် ပါဝင်ပြသ၍ ကိုယ်စားလှယ်ဖြင့်ထုတ်ကုန်များ ခင်းကျင်းပြသမှုကိုလည်းကောင်း၊ ဦးကာက လက်ဖက်ကုမ္ပဏီ မှ Trade Visitor အဖြစ်လိုက်ပါလေ့လာခြင်းကို လည်းကောင်း ဆောင်ရွက်ခဲ့ကြပါသည်။

Source: https://www.biofach.de

https://www.biofach.de/en/exhibitors/participation/pricecalculator

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

Agribusiness & Trade

## Fruit Logistica ပြပွဲ ကျင်းပမည့်အစီအစဉ်

Fruit Logistica လတ်ဆတ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ပြပွဲသည် နှစ်စဉ် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် Messe Berlin က ကြီးမှူး၍ လတ်ဆတ်သီးနှံများ၊ တန်ဘိုးမြင့် ထုတ်ကုန်များ၊ အော်ဂဲနစ်ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းပညာပိုင်း၊ ထောက်ပံ့ပို့ဆောင်မှုနှင့် ဝန်ဆောင်မှုပိုင်းများ ကို ပါဝင်ပြသသည့် ပြပွဲဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွက် ဧပြီလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပ ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံမှ မြန်မာ့ရွှေသစ်သီးဝလံကုမ္ပဏီ (Myanmar Golden Produce-MGP) က ပါဝင်ပြသခဲ့ကာ ဥရောပနိုင်ငံကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ် အတွက် ပြပွဲကို ဖေဖော်ဝါရီလ (၈) ရက်နေ့မှ(၁၀) ရက်နေ့ထိ ကျင်းပရန် စီစဉ်ထားရှိပြီး Registration ပြုလုပ်ခြင်းကို ၃၁.၇.၂၀၂၂ ရက်နေ့ နောက်ဆုံးသတ်မှတ်ထားရှိသော်လည်း ဆက်လက်ခွင့်ပြုထား ဆဲဖြစ်ပါသည်။

ပြပွဲနှင့် သက်ဆိုင်သောအဓိကအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)Registration ကို https://www.fruitlogistica.com/en/exhibitors/registration/ တွင် ဝင်ရောက်ပြုလုပ်ပြီးနောက် အောက်တိုဘာလထဲတွင် Stand Proposal လက်ခံ ရရှိမည်ဖြစ်ပြီး Stand နေရာနှင့် ဒီဇိုင်းရွေးချယ်ခြင်း ပြုလုပ်နိုင်ပါသည်။ Stand construction အတွက် ၂၈.၁၁.၂၀၂၂ ရက်နေ့ နောက်ဆုံးထားပြုလုပ်နိုင်ပါသည်။

(ခ) ပြခန်းအတွက် ၁၂ စတုရန်းမီတာ အနည်းဆုံးရယူရန်လိုအပ်ပြီး ဈေးနှုန်းများမှာ-

(က) Row stand, one side open EUR 209/sqm plus VAT.

(ခ) Corner stand, two sides open EUR 223/sqm plus VAT.

(ဂ)Peninsula stand, three sides open EUR 237/sqm plus VAT.

(ဃ) Block stand, four sides open EUR 251/sqm plus VAT. တို့ဖြစ်ပါသည်။ ပြခန်းငှားခအပြင် ထပ်မံကုန်ကျမည့် Media Package နှင့်အခြားဝန်ဆောင်မှု များပေးသွင်းရန်လိုအပ်ပြီးhttps://www.fruitlogistica.com/en/exhibitors/registration/stand-rental-calculator/ တွင် လေ့လာနိုင်ပါသည်။

Agribusiness & Trade

(ဂ) Co-Exhibitor များအနေဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ(၁၀) ရက်နေ့ နောက်ဆုံးထား၍ Registration ပြုလုပ်နိုင်ပါသည်။

(ဃ) Stand construction နှင့် အခြားဝန်ဆောင်မှုပိုင်းများအတွက် ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှ စတင်၍ Berlin Expo Center Online (BECO) (beco-support@messe-berlin.de) နှင့် ချိတ်ဆက်၍ ရယူနိုင်ပါသည်။

၂၀၂၂ ခုနှစ် ပြပွဲသို့ နိုင်ငံပေါင်း(၈၇) နိုင်ငံမှ လာရောက်ပြသသူပေါင်း(၂၀၀၀) ကျော်ရှိပြီး နိုင်ငံပေါင်း(၁၃၀) နိုင်ငံမှ ဝယ်ယူသူများနှင့် လာရောက်လေ့လာသူပေါင်း(၄၀၀၀၀) ကျော် လာရောက်ခဲ့ကြပါသည်။ ၂၀၂၃ ခုနှစ် ပြပွဲသို့ မြန်မာနိုင်ငံရှိ လတ်ဆတ်သစ်သီးဝလံ ဟင်းသီးဟင်းရွက်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သော ကုမ္ပဏီများလာရောက်ပြသနိုင်ရေးနှင့် လေ့လာသူအဖြစ် လာရောက်နိုင်ရေးတို့အတွက် ရေးသားတင်ပြလိုက်ရပါသည်။

Source: https://www.fruitlogistica.com/

https://www.fruitlogistica.com/en/exhibitors/registration/stand-rental-calculator/index.html

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.........................................................................

## Ambiente ကုန်စည်ပြပွဲ ကျင်းပမည့်အစီအစဉ်

**Ambiente** ကုန်စည်ပြပွဲသည် ဂျာမနီနိုင်ငံဖရန့်ဖတ်မြို့တွင် နှစ်စဉ်ဖေဖော်ဝါရီလတိုင်း Messe Frankfurt GmbH က စီစဉ်ကျင်းပသည့် လူ့အသုံးအဆောင်အမျိုးမျိုး (Household Goods, Glass-wares, Ceramics) ပြသသည့် ကမ္ဘာ့ထိပ်တန်းစာရင်းဝင် ကုန်စည်ပြပွဲကြီး ဖြစ်ပါသည်။ ပြပွဲတွင် နှစ်စဉ်နိုင်ငံတကာမှ လူသုံးအိမ်သုံး ကုန်ပစ္စည်းအမျိုးမျိုး ပြသသူများနှင့် လာရောက်လေ့လာသူများ တွေ့ဆုံရာ ခေတ်မီပြပွဲစင်တာကြီးတစ်ခုဖြစ်ပြီး နိုင်ငံပေါင်းစုံမှ ပြခန်းများကို အိမ်တွင်းအလှဆင်ဒီဇိုင်းပုံစံများ၊ ပရိဘောဂအသုံး အဆောင်များနှင့် အလှဆင်ပြုပြင် မွမ်းမံခြင်းများပါဝင်သည့်အပိုင်း (Living)၊ လက်ဆောင်ပစ္စည်းအမျိုးမျိုးနှင့် အသုံးအဆောင် ပစ္စည်းများပါဝင်သည့်အပိုင်း (Giving)၊ အိမ်အသုံးအဆောင်နှင့် မီးဖိုဆောင်သုံးပစ္စည်းများစုစည်းရာ အပိုင်း (Dining)ဟူ၍ ခွဲခြားသတ်မှတ်

ပြီး ခင်းကျင်းပြသခြင်း ဖြစ်သည်။ ၂၀၂၀ ခုနှစ်တွင် နိုင်ငံပေါင်း (၉၀) ကျော်မှ ပြပွဲပြသသူပေါင်း (၄၆၀၀) ကျော် လာရောက်ပြသခဲ့ကြသည်။ Ambiente ပြပွဲကို ၂၀၂၁ ခုနှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုကြောင့် Consumer Goods Digital Day အဖြစ် Christmas world, Paper world နှင့် Creative world တို့နှင့်အတူ ၂၀၂၁ ခုနှစ်ဧပြီလ(၂၀)ရက်နေ့တွင်ကျင်းပခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် ဖေဖော်ဝါရီလ(၁၁) ရက်နေ့မှ (၁၅) ရက်နေ့ထိ ကျင်းပရန် စီစဉ်ထားရှိခဲ့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားမှု မြင့်တက်လာခြင်းကြောင့် ကျင်းပနိုင်ခဲ့ခြင်းမရှိခဲ့ပါ။

၂၀၂၃ ခုနှစ်အတွက် **Ambiente** ပြပွဲကို ဖေဖော်ဝါရီလ(၃) ရက်နေ့မှ(၇) ရက်နေ့ထိ ကျင်းပရန် စီစဉ်ထားရှိပြီး ပြပွဲနှင့်သက်ဆိုင်သောအဓိကအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က)Registration ကို https://ambiente.messefrankfurt.com/frankfurt/en/planning–preparation/exhibitors. html#register တွင် ဝင်ရောက်ပြုလုပ်နိုင်ပါသည်။

(ခ) ပြခန်းအတွက် ၁၂ စတုရန်းမီတာ အနည်းဆုံးရယူရန်လိုအပ်ပြီး ပြခန်းငှားခနှင့် Media Package ၊ Environmental fee နှင့် အခြားဝန်ဆောင်မှုများအပါအဝင် ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပြီး VAT ထပ်မံပေးဆောင်ရန်လိုအပ်ပါသည်–

2.50 m walls: 12 sqm: EUR 5450

18 sqm: EUR 7450

27 sqm: EUR 9990

3.00 m walls: 12 sqm: EUR 5990

18 sqm: EUR 7990

27 sqm: EUR 10990

(ဂ) ပြပွဲကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဝန်ဆောင်မှုများရယူခြင်းကို ၂၀၂၂ ခုနှစ် ဩဂုတ်လမှစတင်၍ Shop for Exhibitor Services (www.serviceshop. messefrankfurt.com) နှင့် ဆက်သွယ်ရယူနိုင်ပါသည်။

(ဃ) ပြပွဲတွင်ပါဝင်ပြသခြင်းနှင့် သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များကို

Agribusiness & Trade

https://ambiente.messefrankfurt.com/frankfurt/en/planning-preparation/exhibitors.html တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရှိ အိမ်သုံးလူသုံးပစ္စည်းများနှင့် လက်မှုအနုပညာပစ္စည်းထုတ်လုပ်သော ကုမ္ပဏီများလာရောက်ပြသခြင်းနှင့် လေ့လာသူများအဖြစ် လာရောက်နိုင်မည့်ပြပွဲတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Source: https://ambiente.messefrankfurt.com/frankfurt/en.
သီတာဝင်းငွေး၊ စီးပွားရေးသံမှူး
ဘာလင်

.............................................................................

## Anuga-Food and Beverage ပြပွဲကျင်းပမည့်အစီအစဉ်

Anuga-Food and Beverage ပြပွဲသည် ၁၉၁၉ ခုနှစ်ကတည်းကပင် စတုဂတ်မြို့တွင် စတင်ကျင်းပခဲ့သော ကမ္ဘာ့ထိပ်တန်းစားသောက်ထုတ်ကုန်ပစ္စည်းပြပွဲကြီး(leading food fair for retail trade, food service and catering market) ဖြစ်ပါသည်။ ၁၉၂၄ ခုနှစ်မှစ၍ ကိုလုံး(Cologne) မြို့တွင် ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် နှစ်(၁၀၀) ပြည့်ပွဲကို ကျင်းပခဲ့သည်။ ပြပွဲကို ၂ နှစ်တစ်ကြိမ် ကိုလုံးမြို့ Kolenmesse GmbH တွင် ကျင်းပလေ့ရှိပြီး ပြပွဲကာလအတွင်း trade shows များ၊ တီထွင်ဆန်းသစ်မှုနှင့် အစားအသောက်ဈေးကွက် အလားအလာအတွက် ဆွေးနွေးပွဲများစွာ ပြုလုပ်ကြပါသည်။ ပြပွဲဧရိယာသည် (၂၈၄၀၀၀) စတုရန်းမီတာရှိပြီး ၂၀၂၁ နှစ်အတွက် အောက်တိုဘာလ (၉) ရက်နေ့မှ (၁၃) ရက်နေ့ထိကျင်းပခဲ့ပြီး ၂၀၂၃ နှစ်အတွက် Anuga-Food and Beverage ပြပွဲကို Federal Association of the German Retail Grocery Trade (BVLH)၊ Federation of German Food and Drink Industries (BVE)၊ German Hotel & Catering Association (DEHOGA) တို့နှင့် ချိတ်ဆက်ပူးပေါင်း၍ အောက်တိုဘာလ (၇) ရက်နေ့မှ (၁၁) ရက်နေ့ထိ ကျင်းပရန် စီစဉ်ထားရှိပါသည်။

၂၀၁၉ ခုနှစ်တွင် လာရောက်ပြသသူပေါင်း(၇၉၇၂)၊ နိုင်ငံပေါင်း(၂၀၁) နိုင်ငံမှ လာရောက်လေ့လာကြည့်ရှုသူပေါင်း(၁၆၉၆၅၃) ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် လာရောက်ပြသသူပေါင်း (၄၄၄၃) နှင့် နိုင်ငံပေါင်း(၁၆၉) နိုင်ငံမှ လာရောက်လေ့လာကြည့်ရှုသူပေါင်း(၆၉၄၅၉) ရှိခဲ့ပါသည်။ ပြပွဲတွင် ပါဝင်

ပြသမည့်သူများအနေဖြင့် (www.anuga.com) ဝက်ဘ်ဆိုက်တွင် အွန်လိုင်းမှတဆင့် လျှောက်ထားရ ယူနိုင်ပြီး ၃၀.၉.၂၀၂၂ ရက်နေ့အထိ လျှောက်ထားသူများသည် အထူးလျှော့ဈေးနှုန်းအဖြစ် ၁ စတုရန်းမီတာလျှင် (၂၉၉) ယူရိုဖြင့်လည်းကောင်း၊ ၁.၁၀.၂၀၂၂ ရက်နေ့မှ စတင်လျှောက်ထားသူများသည် ၁ စတုရန်း မီတာလျှင် (၃၀၉) ယူရိုဖြင့် လည်းကောင်း၊ ရယူဆောင်ရွက်နိုင်ပါသည်။ အခြားကုန်ကျစရိတ်များအနေဖြင့် The Association of the German Trade Fair Industry(AUMA) စရိတ် (euro 0.60/sqm) ၊ Marketing package (euro 1120) ၊ energy costs (euro 14.5/sqm) စသည်တို့ ပေးသွင်းရမည် ဖြစ်ပါသည်။

ပြပွဲတွင် ပြသနိုင်သည့်စားသောက်ကုန် အုပ်စုများအနေဖြင့် Fine Food (စိုက်ပျိုးရေးထွက်ကုန်နှင့် စားသောက်ကုန်မျိုးစုံ-Raw and processed) ၊ Drinks၊ Chilled & Fresh Food၊ Meat၊ Frozen Food၊ Dairy၊ Bread & Bakery၊ Hot Beverages၊ Organic၊ Culinary စသည်တို့ဖြစ်ပါသည်။ ထုတ်ကုန်အုပ်စုများအလိုက် trade shows များကို သတ်မှတ်ကျင်းပလေ့ ရှိပါသည်။ Anuga-Food and Beverage ပြပွဲကို Kolenmesse GmbH က Cologne တွင် ၂ နှစ်တစ်ကြိမ်ကျင်းပခြင်းအပြင် ဘရာဇီး၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုလံဘီယာ၊ ထိုင်းနှင့်ယူအေအီးနိုင်ငံတို့တွင်လည်း ထုတ်ကုန်အုပ်စုများအလိုက် နှစ်အလိုက် အချိန်ကာလများသတ်မှတ်၍ ကျင်းပဆောင်ရွက်လေ့ရှိပါသည်။ နိုင်ငံအများအပြားမှ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ပစ္စည်း အမယ်မျိုးစုံကို ကြီးကျယ်ခမ်းနားစွာပြသကျင်းပပြီး တီထွင်ဆန်းသစ်မှုများ၊ ဈေးကွက်အလားအလာများကို တစ်နေရာတည်းတွင် လေ့လာရရှိနိုင်ခြင်းကြောင့် မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးထွက်ကုန်များနှင့် စားသောက်ကုန်များ ထုတ်လုပ်နိုင်သည့်နိုင်ငံအနေဖြင့် Anuga ပြပွဲတွင် ဝင်ရောက်ပြသခြင်းဖြင့် အီးယူဈေးကွက်ပိုမိုရရှိရေး ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

Source: https://www.anuga.com/

သီတာဝင်းငွေး၊ စီးပွားရေးသံမှူး

ဘာလင်

…………………………………………………………………………………………………………

Agribusiness & Trade

## ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း သတင်းထုတ်ပြန်ချက်

အီတလီနိုင်ငံ၊ ရောမမြို့အခြေစိုက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့( Food and Agriculture Organization– FAO) မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွက် စာနပ်ရိက္ခာဈေးနှုန်း ညွှန်းကိန်း (FAO Food price Index–FFPI) သည် အနည်းငယ်ဆက်လက်ကျဆင်းခဲ့ပြီး စတုတ္ထမြောက်အနေဖြင့် ဆက်လက်ကျဆင်းခဲ့ကြောင်း၊ ပျမ်းမျှ ၁၄၀.၉ မှတ်ရှိခဲ့ပြီး ဇွန်လအောက် ၁၃.၃ မှတ်(၈.၆) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ နှံစားသီးနှံဈေးနှုန်းညွှန်းကိန်း (Cereal Price Index) မှာ ဇူလိုင်လတွင် ပျမ်းမျှ ၁၄၇.၃ မှတ်ရှိခဲ့ပြီး ဇွန်လအောက် ၁၉.၁ မှတ် (၁၁.၅ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း၊ ကမ္ဘာ့ဂျုံဈေးနှုန်းသည်လည်း ဇူလိုင်လတွင် ၁၄.၅ ရာခိုင်နှုန်းကျဆင်းခဲ့ရာ ယင်းသည် ယူကရိန်းနိုင်ငံ၏ အဓိကပင်လယ်နက်ဆိပ်ကမ်းများ ပိတ်ဆို့ထားမှုကို ဖွင့်လှစ်ရန် ယူကရိန်းနှင့် ရုရှတို့အကြား သဘောတူညီချက်ရရှိခဲ့ပြီး ယူကရိန်းနိုင်ငံမှ အစေ့အဆန်တင်ပို့မှုကို ပြန်လည်စတင်စေခြင်းနှင့်လည်း သက်ဆိုင်နေပါသည်။

ကမ္ဘာ့ဈေးကွက်တွင် အစေ့အဆံဈေးနှုန်း (Coarse Grains) သည်လည်း စတုတ္ထမြောက်လအနေဖြင့် ၁၁.၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ဟင်းသီးဟင်းရွက်ဈေးနှုန်း (Vegetable Oil Price Index) မှာ ဇူလိုင်လတွင် ပျမ်းမျှ ၁၇၁.၁ မှတ်ရှိခဲ့ပြီး၊ ယင်းသည် ဇွန်လအောက် ၄၀.၇ မှတ် (၁၉.၂ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း၊ နို့ထွက်ပစ္စည်းများ၏ ဈေးနှုန်းညွှန်းကိန်း (Dairy Price Index) မှာ ဇူလိုင်လတွင် ပျမ်းမျှ ၁၄၆.၄ မှတ်ရှိခဲ့ပြီး၊ ဇွန်လအောက် ၃.၈ မှတ် (၂.၅ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း၊ အသားဈေးနှုန်းညွှန်းကိန်း (Meat Price Index) ဇူလိုင်လတွင် ပျမ်းမျှ ၁၂၄.၀ မှတ်ရှိခဲ့ပြီး ဇွန်လအောက် ၀.၆ မှတ် (၀.၅ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း၊ သကြားဈေးနှုန်းညွှန်းကိန်း (Sugar Price Index) မှာ ဇူလိုင်လတွင် ပျမ်းမျှ ၁၁၂.၈ မှတ်ရှိခဲ့ပြီး ဇွန်လအောက် ၄.၄ မှတ် (၃.၈ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

မြန်မာသံရုံး
ရောမမြို့

…………………………………………………………………………………………

Agribusiness & Trade

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃၂ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၈) ရက်

| ၁၈-၈-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၁၃၅.၇ |
| စင်္ကာပူဒေါ်လာ | ၁၅၁၉.၃ |
| စတာလင်ပေါင် | ၂၅၃၁.၇ |
| ဂျပန်ယန်း (၁၀၀) | ၁၅၅၃.၀ |
| တရုတ်ယွမ် | ၃၀၉.၂၄ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၇၃ |
| အိန္ဒိယရူပီး | ၂၆.၃၅၄ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၈.၆၈ |
| မလေးရှား ရင်းဂစ် | ၄၆၉.၃၈ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၆၀၃ |
| ထိုင်းဘတ် | ၅၈.၉၀၆ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၉၇၂၄ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဂျာမနီနိုင်ငံရှိ ပန်းသီးစိုက်ပျိုး ထွက်ရှိမှု

➢ အပူလှိုင်းကျရောက်မှုနှင့် မိုးခေါင်မှုဒဏ်များကြောင့် ကောက်ပဲသီးနှံအထွက်နှုန်းကျဆင်းမှုမရှိစေရေး တရုတ်နိုင်ငံက အလေးထားဆောင်ရွက်နေ

➢ တရုတ်ပြည်တွင်းဈေးကွက်၌ ပဲပုပ်အစာဈေးကွက် မြင့်တက်လာ

➢ ပြည်ပမှတင်သွင်းသောဆန်များက တောင်ကိုရီးယား၏ ဆန်စပါးထုတ်လုပ်မှုရေယာကျဆင်းမှုနှင့် ဆန်ဈေးနှုန်းဆက်တိုက်ကျဆင်းမှုများအတွက် တွန်းအားတစ်ရပ်အဖြစ် ပါဝင်နေ

➢ ဝယ်လိုအား နည်းလာသဖြင့် ဘရာဇီးလ်ဆန်ဈေးနှုန်း အားလျော့လာ

➢ အင်ဒိုနီးရှား ဟင်းချက်ဆီဈေးနှုန်း အနည်းငယ်ကျဆင်းလာ

- **အထွေထွေသတင်းများ**

➢ ဂျာမနီနိုင်ငံတွင် ဆောင်းရာသီဓာတ်ငွေ့သုံးစွဲမှုအတွက် အစီအစဉ်များချမှတ်ခြင်း

➢ အီးယူဒေသ စက်သုံးဆီ ဈေးနှုန်းများ

➢ ဂျာမနီနိုင်ငံရှိ ဈေးနှုန်းများ အခြေအနေ

➢ ITB Berlin ခရီးသွားလုပ်ငန်းပြပွဲ (The World's Leading Travel Trade Show)

## ဂျာမနီနိုင်ငံရှိ ပန်းသီးစိုက်ပျိုး ထွက်ရှိမှု

ဂျာမနီနိုင်ငံတွင် ပန်းသီးစိုက်ပျိုးထွက်ရှိမှုမှာ ယခုနှစ်တွင် ယခင်နှစ်များထက် အထွက်နှုန်း ကောင်းမွန်နိုင်ပြီး ခန့်မှန်းခြေအားဖြင့် တန်ချိန် (၁၀၅၁၀၀၀) ခန့်ထွက်ရှိနိုင်ရန် မျှော်လင့်ထား ကြပါသည်။ Federal Statistical Office က ပန်းသီးအထွက်နှုန်းသည် ယခင်နှစ်ကထက် တန်ချိန် (၄၆၀၀၀) သို့မဟုတ် ၄.၆ ရာခိုင်နှုန်း ပိုမိုထွက်ရှိနိုင်ကြောင်း၊ ထုတ်ပြန်ခဲ့ပါသည်။ ယခုနှစ်တွင် အပင်များတွင်အသီးပိုမိုများပြားပြီး ရာသီဥတုကောင်းမွန်ခြင်းရှိကာ အပင်ပိုးမွှားရောဂါကျ ရောက်ခြင်းများလည်း နည်းပါးကြောင်း စိုက်ပျိုးသူများက ပြောဆိုကြပါသည်။ အခြား ဆီးသီးနှင့် မက်မန်းသီးများမှာ ယခုနှစ်တွင် တန်ချိန်(၄၂၀၀၀) ထွက်ရှိရန်မျှော်မှန်းထားပြီး ယခင်နှစ်ကထက် ၆.၄ ရာခိုင်နှုန်း ပိုမိုတိုးတက်ရရှိမည် ဖြစ်ပါသည်။

Source: https://www.destatis.de/EN/Home/_node.html

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.................................................................................................................................

## အပူလှိုင်းကျရောက်မှုနှင့် မိုးခေါင်မှုဒဏ်များကြောင့် ကောက်ပဲသီးနှံအထွက်နှုန်း ကျဆင်းမှုမရှိစေရေး တရုတ်နိုင်ငံက အလေးထားဆောင်ရွက်နေ

တရုတ်နိုင်ငံသည် အပူလှိုင်းကျရောက်မှုများ ဆက်တိုက်ဖြစ်ပေါ်နေပြီး နိုင်ငံ၏ ဆောင်းဦး ရာသီ ကောက်ပဲသီးနှံများရိတ်သိမ်းမှုတွင် စိန်ခေါ်မှုများရှိနေသဖြင့် ဖြစ်ပေါ်လာနိုင်သည့် သီးနှံ ပျက်စီးဆုံးရှုံးမှုများကို ဖြေရှင်းနိုင်ရန် သီးနှံအဓိကထွက်ရှိသောတောင်ပိုင်းဒေသအချို့သို့ ကျွမ်း ကျင်သူအဖွဲ့များ စေလွှတ်ထားရသည်ဟု သိရပါသည်။

ပြီးခဲ့သည့်လမှစတင်၍ တရုတ်နိုင်ငံတောင်ပိုင်း၏ ဒေသအများစုတွင် အပူလှိုင်းများ ကျရောက်ခဲ့ပြီး မိုးရေသီးသန့်ဖြင့် ရေသွင်းစိုက်ပျိုးသည့် တောင်ကုန်းများတွင် ကာလကြာရှည် မိုးခေါင်ခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ သိရသည်။

တရုတ်နိုင်ငံ မိုးလေဝသစီမံခန့်ခွဲရေးမှ လာမည့်နှစ်ပတ်အတွက် ခြောက်သွေ့ဦးမည်ဟု ခန့်မှန်းချက်အရ ဝန်ကြီးဌာနက စပါးအဓိကထွက်ရှိသော ပြည်နယ်များသို့ ကျွမ်းကျင်ပညာရှင် အဖွဲ့ ၁၀ ဖွဲ့နှင့် နည်းပညာရှင်များ ပါဝင်သည့် ပံ့ပိုးကူညီပေးမည့်အဖွဲ့ ၁၂ ဖွဲ့ကို စေလွှတ်ထားပါ သည်။ မိုးခေါင်ရေရှား ပျက်စီးဆုံးရှုံးမှုမှ ဆိုးကျိုးသက်ရောက်မှုများကို သက်သာစေရန်နှင့်

ကောက်ပဲသီးနှံဆုံးရှုံးမှုကို ရှောင်ရှားရန် အရေးပေါ်လမ်းညွှန်ချက်တစ်စောင်ကိုလည်း ဩဂုတ်လ ၁၃ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

ကောက်ပဲသီးနှံများမှာ အပူချိန်နှင့် အစိုဓာတ် အပြောင်းအလဲများကို အထိခိုက်မခံတတ်သောကြောင့် တရုတ်နိုင်ငံတောင်ပိုင်းတွင် လက်ရှိစပါးသီးချိန်နှင့် အပွင့်ပွင့်ချိန်မှာ စုစုပေါင်းထုတ်လုပ်မှုအတွက် အရေးကြီးသော အချိန်ဖြစ်နေပါသည်။ မြင့်မားသောအပူချိန်နှင့် မိုးခေါင်မှုက အပင်များ၏ ရင့်မှည့်မှုနှုန်းကို ထိခိုက်စေသောကြောင့် ပညာရှင်များသည် မတူညီသောဒေသများအလိုက် အစီအစဉ်များ ပြုလုပ်ရန်လိုအပ်ကြောင်း၊ အပူဒဏ်မှ ခံနိုင်ရည်ပိုမိုရှိစေရန် စပါးအတွက် ရေပုံမှန်ပေးခြင်းနှင့် မြေဩဇာဖြန်းပေးခြင်းစသည့် အစီအမံများကို ဆောင်ရွက်ခြင်းဖြင့် ဝတ်မှုန်များ ကြွေလွင့်ခြင်းမှ ကာကွယ်နိုင်ကြောင်း အရေးပေါ်လမ်းညွှန်ချက်တွင် ဖော်ပြထားပါသည်။

ဟူနန်ပြည်နယ် မြို့တော်ကျန်းရှရှိ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဌာနမှ တာဝန်ရှိသူ Xia Liming က တရုတ်နိုင်ငံအတွင်းရှိ အဓိက ဆန်စပါးထွက်ရှိရာ ဒေသများတွင် မိုးခေါင်ရေရှားမှုကို တိုက်ဖျက်မည့် အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်လျက်ရှိပါသည်။ ၎င်း၏ပြောကြားချက်အရ အပူချိန်ထိန်းညှိရန် ရေကိုအသုံးပြုခြင်းမှာ အပူဒဏ်ကိုကာကွယ်နိုင်ပြီး လယ်မြေများရှိ ရာသီဥတုဝန်းကျင်ကို တိုးတက်စေကြောင်း၊ ရေအရင်းအမြစ် အလုံအလောက်ရှိသောဒေသများတွင် နေ့ဘက်တွင် ရေသွင်းခြင်းနှင့် ညအချိန်တွင် ရေထုတ်ပေးခြင်းက လယ်အပူချိန်ကို လျော့နည်းစေကြောင်း၊ ထို့အပြင် နေ့လယ်အချိန်တွင် အပင်ကာကွယ်ရေးဒရုန်းများဖြင့် ပုံမှန်ဖြန်းပေးခြင်းသည် လယ်ကွင်း၏စိုထိုင်းဆကို တိုးစေပြီး စပါးပင်များ၏ အပူချိန်ကို လျှော့ချနိုင်ကာ မိုးခေါင်မှုနှင့် အပူလှိုင်းများ၏ သက်ရောက်မှုများကို သက်သာစေနိုင်ကြောင်း၊ သိပ္ပံနည်းကျ မျိုးစပ်ထားသည့် စပါးကလည်း မိုးခေါင်မှုဒဏ်ကို ခံနိုင်ရည်ရှိစေကြောင်း၊ အပူလှိုင်းကျရောက်ခြင်းနှင့် မိုးခေါင်ခြင်းတို့က အပင်ရောဂါများကို ဖြစ်ပွားစေနိုင်သောကြောင့် အေးသောအချိန်များတွင် ပိုးသတ်ဆေးကို ရေများများဖြင့်ရောစပ်၍ ဖြန်းပေးခြင်းက ပိုးမွှားများကို ကာကွယ်ထိန်းချုပ်ရာတွင် အထောက်အကူဖြစ်စေကြောင်း ၎င်းက ဆိုသည်။

သီးနှံများ ကြီးထွားမှုအပေါ် ဂရုတစိုက် ဆက်လက်စောင့်ကြည့်ကာ၊ အပူရှိန်ပြောင်းလဲမှု ကြိုတင်သတိပေးချက်များနှင့် စောင့်ကြည့်ထိန်းကျောင်းနိုင်မှုများကိုလည်း အားကောင်းခိုင်မာစေရန် အစိုးရက ဒေသအာဏာပိုင်များအား တိုက်တွန်းထားသည်။ မြေဆီလွှာအစိုဓာတ်ကို အနီးကပ်စောင့်ကြည့်ခြင်းမှာလည်း အပူဒဏ်နှင့် မိုးခေါင်မှုဒဏ်တို့၏ အကျိုးသက်ရောက်မှုကို သိပ္ပံနည်းကျအကဲဖြတ်ရာတွင် သိပ္ပံပညာရှင်များအား အထောက်အကူဖြစ်စေနိုင်သည်ဟု ဝန်ကြီးဌာနက မှတ်ချက်ပြု ပြောကြားခဲ့သည်။

Agribusiness & Trade

မိုးခေါင်မှုကြောင့် စပါးရိတ်သိမ်းမှု အဆင်မပြေသည့် ဒေသများသို့ မျိုးစေ့နှင့် ဓာတ်မြေဩဇာများကဲ့သို့သော ကယ်ဆယ်ရေးပစ္စည်းများ ချထားပေးရန် ဒေသအာဏာပိုင်များကို ဝန်ကြီးဌာနက တိုက်တွန်းထားပြီး ကြီးထွားမှုတိုတောင်းသော စက်ဝန်းရှိသည့် သီးနှံများပြောင်းလဲစိုက်ပျိုးရန် တောင်သူများကို လမ်းညွှန်ထားပါသည်။

ယခုနှစ်တွင် ဆောင်းဦးရာသီစိုက်ကောက်ပဲသီးနှံဧရိယာများအနက် ပြောင်း၊ စပါးနှင့် ပဲပုပ်တို့၏ဖွံ့ဖြိုး တိုးတက်မှုနှုန်းမှာ ယခင်နှစ်နှင့် တူညီကြောင်း၊ အရေးကြီးသောကာလဖြစ်သည့် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ကောက်ပဲသီးနှံထုတ်လုပ်မှု၌ သဘာဝဘေးဒဏ်နှင့် အပင်ရောဂါများ၏ အကျိုးသက်ရောက်မှုကို အနီးကပ် အထူးဂရုပြုရန် လိုအပ်ကြောင်း အမျိုးသားစာရင်းအင်းဗျူရို၏ ပြောရေးဆိုခွင့်ရှိသူ Fu Linghui က ဩဂုတ်လ ၁၅ ရက်နေ့တွင် ပြောကြားခဲ့သည်။

ဩဂုတ်လ ၁၂ ရက်နေ့အထိ ကာလအတွင်း အန်းဝေပြည်နယ်က မိုးခေါင်ရေရှားမှုကို တိုက်ဖျက်ရန်အတွက် လယ်မြေဧက ၁.၃ သန်းကျော်တွင် ပျိုးပင်ကာကွယ်ရေးနှင့် သိပ္ပံနည်းကျလယ်ကွင်းစီမံခန့်ခွဲမှုတို့ကို ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ မကြာသေးမီက ပြည်နယ်စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဦးစီးဌာနမှ လုပ်ငန်းအဖွဲ့များကိုဖွဲ့စည်းကာ မြို့ကြီး ၁၆ မြို့ထံ ကွင်းဆင်း၍ လယ်ယာမြေစီမံခန့်ခွဲမှု အားကောင်းလာစေရန်နှင့် စပါးနှင့် အခြားသီးနှံများ အပူဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ လျှော့ချရေးအတွက် ကြီးကြပ်ဆောင်ရွက်နေကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ chinadaily
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

………………………………………………………………

## တရုတ်ပြည်တွင်းဈေးကွက်၌ ပဲပုပ်အစာဈေးကွက် မြင့်တက်လာ

SunSirs ၏ စောင့်ကြည့်လေ့လာသည့် အချက်အလက်များအရ ဩဂုတ် ၄ ရက်မှစတင်၍ အမေရိကန်ပဲပုပ်များက ပြင်ပဈေးကွက်ကို ပံ့ပိုးပေးခဲ့သဖြင့် ဟောင်ကောင်မှ တင်သွင်းသည့် ပဲပုပ်ပမာဏလျော့နည်းသွားခဲ့ရာ၊ တရုတ်ပြည်တွင်းပဲပုပ်အစာဈေးကွက် ဆက်လက်မြင့်တက်ခဲ့ပါသည်။ ဩဂုတ်လ ၄ ရက်နေ့တွင် ပဲပုပ်အစာဈေး ပျမ်းမျှဈေးမှာ တစ်တန်လျှင် ၄,၂၀၂ ယွမ်ဖြစ်

ခဲ့ပြီး၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ပျမ်းမျှဈေးနှုန်း တစ်တန်လျှင် ၄,၃၁၂ ယွမ်ဖြစ်ခဲ့ရာ ၂.၆၂ % မြင့်တက်လာခြင်း ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုဘက်မှ ပဲပုပ်များကို တင်ပို့ရန် စစ်ဆေးမှုပမာဏတက်လာသော်လည်း အကောင်းဆုံးဖွံ့ဖြိုးမှုနှုန်း ကျဆင်းလာခဲ့သဖြင့် ဩဂုတ်လ ၄ ရက်နေ့မှစတင်၍ ပဲပုပ်အစာဈေးနှုန်းမှာ  အထက်သို့ ပြန်လည်တက်လာခဲ့ပါသည်။ ဝယ်လိုအားမှာ အတော်လေးနွေးကွေးနေပြီး ပဲပုပ်အစာရရှိနိုင်မှုကို အတိုင်းအတာတစ်ခုအထိ အကန့်အသတ်ဖြစ်ပေါ်စေသဖြင့် ပဲပုပ်အစာဈေးကွက်တစ်ခုလုံး မြင့်တက်လာခြင်း ဖြစ်ပါသည်။

ယခုနှစ်လယ်ပိုင်းတွင် ဟောင်ကောင်မှ တင်သွင်းသည့် ပဲပုပ်ပမာဏကျဆင်းခဲ့ပြီး ပဲပုပ်အစာဈေးကွက် ဆက်လက်မြင့်တက်လာခဲ့ရာ၊ ဩဂုတ် ၁၇ ရက်အထိကာလတွင် တရုတ်ပြည်တွင်း ပဲပုပ်အစာဈေးနှုန်းမှာ ၂ ရာခိုင်နှုန်းကျော် မြင့်တက်လာသည်ကို တွေ့ရပါသည်။

SunSirs မှ စိုက်ပျိုးရေးထွက်ကုန် ဆန်းစစ်လေ့လာသူက ဈေးနှုန်းတက်ရန်ကောင်းသောအချက်များကြောင့် တရုတ်နိုင်ငံ၏ ပဲပုပ်အစာဈေးကွက်မှာ အနာဂတ်တွင် ဈေးနှုန်းဆက်လက်မြင့်တက်လာနိုင်ခြေရှိသေးကြောင်း ခန့်မှန်းထားပါသည်။

ရင်းမြစ်၊ SunSirs
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

.....................................................................

**ပြည်ပမှတင်သွင်းသောဆန်များက တောင်ကိုးရီးယား၏ ဆန်စပါးထုတ်လုပ်မှုဧရိယာကျဆင်းမှုနှင့် ဆန်ဈေးနှုန်းဆက်တိုက်ကျဆင်းမှုများအတွက် တွန်းအားတစ်ရပ်အဖြစ်**

တောင်ကိုရီးယားအစိုးရက ဈေးကွက်ထဲမှ ဆန်တန်ချိန် ၂၇၀,၀၀၀ ကို သုံးကြိမ်ခွဲထုတ်၍ သီးခြားထားရှိခဲ့သော်လည်း၊  ပြည်ပမှတင်သွင်းသည့် ဆန်များကြောင့် ကိုရီးယားပြည်တွင်းစိုက်လယ်ယာဆန်ဈေး ဆက်လက်ကျဆင်းရသည့် အကြောင်းရင်းများထဲမှ တစ်ခုဖြစ်၊ မဖြစ်ဟူသည့် အချက်နှင့် သိုလှောင်မှု များပြားနေသေးကြောင်းဟူသည့် အချက်များအပေါ် အငြင်းပွားနေကြဆဲဖြစ်ပါသည်။

ကိုရီးယားဆန်စပါးစိုက်ပျိုးသူအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ Lee Eun-man က  ပထမဆုံးအကြိမ်အဖြစ် ဈေးကွက်ထဲမှဆန်များကို သီးခြားခွဲထုတ်မှုမှာ ခန့်မှန်းထားသည်ထက် အလွန်များပြားခဲ့

ကြောင်း၊ ၎င်းပမာဏကို ကိုးကား၍ တတိယအကြိမ် ထပ်မံခွဲထုတ်ခဲ့သော်လည်း အချို့ဒေသများ၌ ပြည်ပမှတင်သွင်းသောဆန်များကို မကြာသေးမီကပင် ရောင်းချနေဆဲဖြစ်သည်ကို တွေ့ရကြောင်း မှတ်ချက်ပြုပြောကြားပါသည်။

ပြီးခဲ့သည့်နှစ်က တောင်ကိုရီးယား အစိုးရက အကယ်၍ အမျိုးသားစာရင်းအင်းရုံး၏ စပါးအထွက်နှင့် စားသုံးမှုခန့်မှန်းချက်အပေါ် အခြေခံကာ တန်ချိန် ၂၇၀,၀၀၀ ကို ဈေးကွက် သီးခြားခွဲထုတ်လိုက်ပါက လွန်ကဲသည့် ရောင်းလိုအားကို ပြေလည်စေနိုင်မည်ဟု ခန့်မှန်းခဲ့ပါသည်။ ထို့အပြင် ကနဦးကရည်ရွယ်ခဲ့သည့် ဆန်တန်ချိန် ၂၇၀,၀၀၀ တန်ထက် တန်ချိန် တစ်သိန်းပိုမို၍ တန်ချိန် ၃၇၀,၀၀၀ တန်ကို ဈေးကွက်ထဲမှ သီးသန့်ခွဲထားသော်လည်း Nonghyup ဆန်လက်ကျန်မှာ တန်ချိန် ၁၇၀,၀၀၀ ကျော် ရှိနေဆဲဖြစ်၍ တောင်ကိုရီးယား၏ ဆန်ဈေးကွက်မှာ ပုံမှန်မဟုတ်ဘဲ ရှိနေဆဲဖြစ်ပါသည်။

ပြည်ပမှတင်သွင်းသော Kalos ဆန်အမျိုးအစားကို ဒေသအချို့တွင် ဆက်လက်ဖြန့်ဖြူးရောင်းချနေဆဲဖြစ်ကြောင်း၊ တောင်ကိုရီးယားဆန်ဈေးကွက် ကမောက်ကမဖြစ်နေခြင်းကို ထိန်းကျောင်းရန် တရားမဝင်ဖြန့်ဖြူးမှုများကို စောင့်ကြည့်ရန်လိုကြောင်း၊ ဆန်ဈေးကွက်ကို ဖွင့်ပေးသည့်လုပ်ငန်းစဉ်၌ အစိုးရ၏ အခွန်နှုန်းနည်းပါးသည့် အရေအတွက်ကန့်သတ်ချက် (TRQ) ဖြင့် တန်ချိန် ၄၀၈,၇၀၀ တန်ကို ပြည်ပမှတင်သွင်းခွင့်ပြုထားကြောင်း၊ ၎င်းပမာဏမှာ လက်ရှိစားသုံးမှုထက် ၁၁ ရာခိုင်နှုန်းကျော် ပိုမိုကြောင်း၊ ကိုရီးယားပြည်တွင်း၌ ဆန်ဈေးနှုန်း ကျဆင်းလာသဖြင့် ပြည်တွင်းစိုက် ဆန်ဈေးနှုန်းကို မထိခိုက်စေရန် ဈေးကွက်ထဲမှ သီးခြားခွဲထုတ်မှုများ ပြုနေသော်လည်း၊ ပြည်ပမှတင်သွင်းသော ဆန်များကို အွန်လိုင်းပေါ်မှလည်းကောင်း၊ ကျေးလက်ဈေးဆိုင်များမှလည်းကောင်း ရောင်းချနေဆဲဖြစ်ကြောင်း ဥက္ကဋ္ဌ Lee က ဖြည့်စွက်ပြောကြားခဲ့ပါသည်။

တောင်ကိုရီးယားအစိုးရသည် နှစ်စဉ်ပြည်ပမှ ဆန်တန်ချိန် ၄၀၈,၇၀၀ တန်ကို တင်သွင်းလျက်ရှိပြီး၊ အခွန်နှုန်းနည်းပါးသည့် အရေအတွက် ကန့်သတ်ချက် (TRQ) ဖြင့် တင်သွင်းနိုင်သည့် ပမာဏကို နှစ်စဉ်တွက်ချက်၍ သတ်မှတ်ပေးပါသည်။ သို့ရာတွင် TRQ ဖြင့် တင်သွင်းနိုင်သည့် ပမာဏမှာ ဈေးကွက်အပေါ် ထိခိုက်နိုင်လောက်သည့် ပမာဏမဟုတ်ကြောင်း သိရပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်းက ကိုရီးယားမှ ဆန်ထုတ်လုပ်မှု သိသာစွာကျဆင်းခဲ့သောကြောင့် ပြည်တွင်းဈေးကွက်ထဲသို့ တန်ချိန် ၃၁၀,၀၀၀ ပမာဏရှိဆန်များကို အစိုးရက ၅ ကြိမ်ခွဲ၍ ရောင်းချပေးခဲ့ဖူးပါသည်။ ထို့ပြင် ဆန်ပြဿနာရပ်များကို ဖြေရှင်းရန်အတွက် အစိုးရ၊ အမျိုးသားညီလာခံနှင့် လယ်သမားအုပ်စုများပါဝင်သည့် ကောင်စီတစ်ရပ်ကို ဖွဲ့စည်းပေးထားပြီး၊ အောက်တိုဘာလ ၁၅ ရက်နေ့၌ ကောက်ပဲသီးနှံစီမံခန့်ခွဲရေးအက်ဥပဒေတွင် အထူးပြုထည့်သွင်းမည့် အစိုးရ၏

Agribusiness & Trade

ဈေးကွက်သီးခြားခွဲထုတ်မည့်အစီအမံကို ချမှတ်သွားမည်ဖြစ်ပြီး၊ ကျဆင်းလာသော ဆန်စားသုံးမှုလမ်းကြောင်းနှင့်အညီ စပါးစိုက်ပျိုးသည့်ဧရိယာကို လျှော့ချသွားမည်ဟု ကြေငြာထားပါသည်။

လတ်တလော၌ မူဝါဒ အကောင်အထည်ဖော်ရေး၊ ဆန်လုပ်ငန်းကဏ္ဍ ပြန်လည်ပြင်ဆင်ရေးနှင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာမြှင့်တင်ဆောင်ရွက်မည့်နယ်မြေများရှိ ကျေးလက်ဝင်ငွေတိုးတက်စေရန် အထူးအရပ်ဒေသများ သတ်မှတ်ရေးတို့ကို အဆိုပြုနေဆဲဖြစ်ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ http://www.aflnews.co.kr
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

..........................................................................

## ဝယ်လိုအား နည်းလာသဖြင့် ဘရာဇီးလ်ဆန်ဈေးနှုန်း အားလျော့လာ

ဝယ်လိုအားလျော့ကျသွားသဖြင့် ဘရာဇီးဆန်ဈေးကွက်မှာ တစ်ပတ်အတွင်း ဈေးပိုမိုကျဆင်းခဲ့ကြောင်း သိရပါသည်။ ဩဂုတ် ၁၁ ရက်၌ Rio Grande do Sul တွင် ပျမ်းမျှအားဖြင့် ၅၀ ကီလိုဂရမ်ရှိသော အခွံပါစပါးတစ်အိတ်၏ ဈေးနှုန်းမှာ R$ 77.01 (အမေရိကန်ဒေါ်လာ ၄၁.၉၀ ခန့်) ဖြစ်ခဲ့ပြီး၊ ယခင်လနှင့် နှိုင်းယှဉ်ပါက ၂.၁၁ ရာခိုင်နှုန်း မြင့်နေဆဲဖြစ်သော်လည်း၊ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၀.၈၉ % ပိုမိုလျော့နည်းခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံခြားကုန်သွယ်ရေး အတွင်းရေးမှူးရုံး (Secex) ၏ အချက်အလက်များအရ ယခုနှစ်ဇူလိုင်လတွင် အခွံပါစပါး တန်ချိန် ၁၁၁,၅၁၇ တန်ခန့် တင်ပို့ခဲ့ပြီး၊ ယခင်နှစ် ဇူလိုင်လကမူ တန်ချိန် ၁၄,၅၈၉ တန်သာ တင်ပို့ခဲ့ပါသည်။ ကြိတ်ခွဲပြီးဆန်များကို နိုင်ငံခြားသို့ တင်ပို့ရောင်းချမှုမှာလည်း တန်ချိန် ၆၅,၀၈၃ တန်ခန့်ရှိပြီး၊ ယခင်နှစ် အလားတူကာလက တန်ချိန် ၅၇,၃၀၉ တန်သာ တင်ပို့ခဲ့ပါသည်။ တစ်ပြိုင်နက်တည်းမှာပင် ဇူလိုင်လအတွင်း ဘရာဇီးလ်သို့ ပြည်ပမှ ကြိတ်ခွဲပြီးဆန်တန်ချိန် ၈၂,၁၉၁ တန်ကို တင်သွင်းခဲ့ကာ၊ ယခင်နှစ် အလားတူကာလက တန်ချိန် ၅၂,၅၂၅ တန်သာ တင်သွင်းခဲ့သည်ဟု သိရပါသည်။ အခွံပါသည့် စပါးတင်သွင်းမှုမှာ တန်ချိန် ၅,၅၀၀ ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလက တန်ချိန် ၇,၂၀၀ တင်သွင်းခဲ့ကြောင်း သိရပါသည်။

ရင်းမြစ်၊ www.portaldoagronegocio.com.br
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## အင်ဒိုနီးရှား ဟင်းချက်ဆီဈေးနှုန်း အနည်းငယ်ကျဆင်းလာ

ယခုအခါ အင်ဒိုနီးရှားနိုင်ငံတွင် ဟင်းချက်ဆီဈေးနှုန်းမှာ ၂ လီတာလျှင် IDR ၅၇,၀၀၀ (အမေရိကန်ဒေါ်လာ ၃.၈၄ ဒေါ်လာ) မျှပင် ဈေးနှုန်းမရှိတော့ဘဲ ဈေးကွက်အတွင်း၌ ထုပ်ပိုးမှု အမျိုးမျိုးဖြင့် ဟင်းချက်ဆီရောင်းချမှုများ ပိုမိုများပြားလာပါသည်။ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ဈေးကွက်နှင့် အခြေခံလိုအပ်ချက်များ စောင့်ကြည့်ရေးစနစ် (Kemendag) မှ ဩဂုတ်လ ၁၆ ရက် (အင်္ဂါနေ့)တွင် ထုတ်ပြန်ချက်အရ တစ်နိုင်ငံလုံး ပျမ်းမျှစားသုံးဆီဈေးနှုန်းမှာ ယခင်နေ့နှင့် နှိုင်းယှဉ်ပါက တစ်လီတာလျှင် IDR ၁၀၀ ကျဆင်း၍ IDR ၁၈,၂၀၀ သို့ ကျဆင်းသွားကြောင်း သိရပါသည်။ ပရီမီယံထုပ်ပိုးမှုအမျိုးအစားများအတွက် တစ်နိုင်ငံလုံး ပျမ်းမျှဈေးနှုန်းမှာ တစ်လီတာလျှင် IDR ၂၂,၅၀၀ (အမေရိကန်ဒေါ်လာ ၁.၅၁ ဒေါ်လာ) ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် အစုလိုက်ဝယ်ယူသည့် အများဈေးနှုန်းမှာ အမျိုးအစားအလိုက် တစ်လီတာလျှင် IDR ၁၄,၁၀၀ ဖြစ်သည်။ အစိုးရ၏ အမြင့်ဆုံးလက်လီဈေးနှုန်း ရည်မှန်းချက်မှာ တစ်လီတာလျှင် IDR ၁၄,၀၀၀ သို့မဟုတ် ပမာဏအများဈေး တစ်ကီလိုလျှင် IDR ၁၅,၅၀၀ ဖြစ်ပါသည်။

လွန်ခဲ့သည့် ၅ လခန့်က (၂၁-၃-၂၀၂၂ ရက်နေ့တွင်) ဟင်းချက်ဆီ အမြောက်အများ ဝယ်သည့်ဈေးနှုန်းမှာ တစ်လီတာလျှင် IDR ၁၇,၇၀၀၊ ရိုးရိုးထုပ်ပိုးမှု တစ်လီတာလျှင် IDR ၂၁,၄၀၀ နှင့် ပရီမီယံထုပ်ပိုးမှု တစ်လီတာလျှင် IDR ၂၄,၈၀၀ ရှိခဲ့ပြီး အမြင့်ဆုံးအဖြစ် စံချိန်တင်ခဲ့ပါသည်။ ၎င်းကာလများအတွင်း ဟင်းချက်ဆီဝယ်ယူရန် တန်းစီနေခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသားအများအပြားရှိခဲ့ပါသည်။

ထိုအချိန်က ကမ္ဘာ့စီးပွားရေး မသေချာမရေရာမှုများကြောင့် စွမ်းအင်နှင့် စားနပ်ရိက္ခာဈေးနှုန်းများမြင့်တက်လာခဲ့ရာ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ နောက်ပိုင်း၌ အင်ဒိုနီးရှားအစိုးရက ဟင်းချက်ဆီဈေးနှုန်းများကို စီးပွားရေး သို့မဟုတ် ဈေးကွက်ယန္တရားသို့ ထုတ်ပြန်ခဲ့ပါသည်။ ၎င်းထုတ်ပြန်ချက်ကြောင့် ဟင်းချက်ဆီဈေးကွက်အတွင်း ကုန်စည်များ ညတွင်းချင်းပြည့်လျှံသွားခဲ့သော်လည်း ဈေးနှုန်းကမူ ဆက်လက်မြင့်တက်နေခဲ့ပြီး၊ အမြင့်ဆုံးဈေးနှုန်းမှာ ၂ လီတာလျှင် IDR ၅၇,၀၀၀ အထိ ဖြစ်ခဲ့ပါသည်။

အစောပိုင်းတွင် အစိုးရက ဟင်းချက်ဆီအားလုံးအတွက် တစ်လီတာလျှင် IDR ၁၄,၀၀၀ တစ်ဈေးတည်း သတ်မှတ်ရန် မူဝါဒချမှတ်ခဲ့သော်လည်း၊ နောက်ပိုင်း၌ အမျိုးအစားတစ်ခုစီအတွက် အမြင့်ဆုံးလက်လီဈေးနှုန်း (highest retail price -HET) လျှာထားချက်အဖြစ် တစ်လီတာလျှင် IDR. ၁၁,၅၀၀ မှ IDR. ၁၄,၀၀၀ ကြား ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ပရီမီယံထုပ်ပိုးထားသော ဟင်းချက်ဆီမှာ ဈေးအမြင့်ဆုံး ဖြစ်ပါသည်။ အဆိုပါအရွေ့မှာ ၂၀၂၂ ခုနှစ် အစော

Agribusiness & Trade

ပိုင်းတွင် စားသုံးဆီဈေးနှုန်းများ ထိန်းချုပ်မှုမရှိဖြစ်လာမှုကြောင့် ဈေးနှုန်းမြင့်တက်လာမှုကို ကိုင်တွယ်ဖြေရှင်းရန် ဖြစ်ပါသည်။

အစောပိုင်းတွင် စားသုံးဆီဈေးနှုန်းများ မြင့်တက်မှုမှာ Covid-19 ကပ်ရောဂါဖြစ်ပွားမှုကြောင့် လှုပ်ရှားမှုကန့်သတ်ချက်များနှင့် ပိတ်ဆို့ကန့်သတ်မှုများကြောင့် ဖြစ်သော်လည်း၊ နောက်ပိုင်း၌ ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ကုန်ပစ္စည်းဈေးနှုန်းများ ဆက်လက်ခုန်တက်သွားစေခဲ့သည်။ Tradingeconomics ၏ ဩဂုတ်လ ၁၇ ရက်နေ့တွင် ကိုးကားသော စားအုန်းဆီကြမ်းဈေးမှာ တစ်တန်လျှင် မလေးရှားရင်းဂစ် ၇,၀၀၀ ဖြစ်ပြီး၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၉ တစ်တန်လျှင် မလေးရှားရင်းဂစ် ၇,၁၀၀ ဖြစ်ပါသည်။

ဟင်းချက်ဆီဈေးမြင့်တက်မှုကို လျှော့ချရန်အတွက် အစိုးရက အမျိုးမျိုးသောလှုပ်ရှားမှုများကို ထုတ်ပြန်ကာ အထောက်အပံ့ပေးသော ဟင်းချက်ဆီအစီအစဉ်နှင့် ၎င်းနောက်တွင် Oilita အစီအစဉ်များဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။ ပို့ကုန်အခွန်များ တိုးမြှင့်ခြင်း၊ ဖြတ်တောက်ခြင်းနှင့် နောက်ပိုင်း၌ ပို့ကုန်ခွန်များကို ယာယီဖယ်ရှားပေးခြင်း၊ပို့ကုန်အခွန်တွက်ချက်မှု ပြောင်းလဲခြင်းနှင့် ဟင်းချက်ဆီကုန်ကြမ်းများဖြစ်သည့် စားအုန်းဆီကြမ်း (CPO) နှင့် ၎င်း၏ ဘေးထွက်ကုန်ပစ္စည်း တင်ပို့မှုမြှင့်တင်ရန် မူဝါဒများကို ချမှတ်ဆောင်ရွက်ခြင်းတို့ကို အင်ဒိုနီးရှားအစိုးရက ဆောင်ရွက်လျက်ရှိပါသည်။

သမ္မတ Joko Widodo က စားသုံးဆီဈေးနှုန်း မြင့်တက်နေတဲ့ကြားမှ ပြည်သူများ၏ ဝယ်ယူမှုစွမ်းအားကို ကူညီပေးနိုင်ရန် လက်ခံသူတိုင်းအတွက် ငွေသားစားနပ်ရိက္ခာ အကူအညီနှင့် MSMEs များထံ BLT IDR ၃၀၀,၀၀၀ ထုတ်ပေးခဲ့ပါသည်။ BLT ပေးပို့မှုကို ၂၀၂၂ ခုနှစ်တွင် အီးဒ်နေ့မတိုင်မီဟု အမြင့်ဆုံးသို့တိုးမြှင့်ခဲ့ရာ ယခုအချိန်တွင် ဟင်းချက်ဆီဈေးနှုန်းများ ငြိမ်နေသည်ကို တွေ့ရပါသည်။ ထိုစဉ်အတွင်း စားသုံးဆီကုန်ကြမ်းများဖြစ်သည့် စားအုန်းဆီကြမ်းအပါအဝင် ကုန်ပစ္စည်းဈေးနှုန်းများမှာ ထိန်းချုပ်မရဘဲ တက်သွားနိုင်မည် မဟုတ်တော့ဟု အင်ဒိုနီးရှားအစိုးရက ခန့်မှန်းထားပါသည်။

ဘဏ္ဍာရေးဝန်ကြီး Sri Mulyani က စားအုန်းဆီကြမ်းဈေး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁,၀၀၀ အောက်ကျဆင်းမည် သို့မဟုတ် လက်ရှိငွေလဲနှုန်းတွင် တစ်တန်လျှင် မလေးရှားရင်းဂစ် ၄,၄၆၈ ဝန်းကျင်ဖြစ်နိုင်မည်ဟု ခန့်မှန်းထားပါသည်။ ဟင်းချက်ဆီဈေးနှုန်းများ ပုံမှန်ပြန်ဖြစ်နိုင်ချေမှာ မသေချာသေးသော်လည်း၊ အနည်းဆုံးအနေဖြင့် လွန်ခဲ့သောတစ်နှစ်ခန့်က အခြေအနေအဆင့်သို့ ပြန်လည်ရောက်ရှိနိုင်ဖွယ် ရှိပါသည်။

Agribusiness & Trade

ဩဂုတ်လ ၁၆ ရက်နေ့တွင် အင်ဒိုနီးရှားတစ်နိုင်ငံလုံးရှိ ပျမ်းမျှ စားသုံးဆီဈေးနှုန်းများမှာ အစုလိုက်ဈေးနှုန်း တစ်လီတာလျှင် IDR ၁၃,၈၀၀၊ ရိုးရိုးထုပ်ပိုးမှု တစ်လီတာလျှင် IDR ၁၄,၃၀၀ နှင့် ပရီမီယံတစ်လီတာလျှင် IDR ၁၆,၀၀၀ ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနမှ မှတ်ချက်ပြု ပြောကြားခဲ့သည်။

Bekasi ရှိ ခေတ်မီလက်လီအရောင်းဆိုင်များစွာရှိ ဟင်းချက်ဆီဈေးနှုန်းများမှာ အောက် ဖော်ပြပါအတိုင်းဖြစ်ပါသည်–

Bekasi ရှိ စူပါမားကတ်

– အပူပိုင်း အိတ်/ပုလင်း ၂ လီတာလျှော့ဈေး IDR ၄၂,၃၅၀ မှ IDR ၃၆,၉၀၀

– Sunco အိတ် ၂ လီတာ IDR ၄၉,၀၀၀ မှ IDR ၃၇,၇၀၀

– Rizki ၁ လီတာပုလင်း IDR ၁၄,၀၀၀

– Kusuma အိတ်/ပုလင်း ၁ လီတာ IDR ၁၂,၉၀၀

Bekasi ရှိ minimarket

– အပူပိုင်းဒေသ ၂ လီတာ ပုလင်းလျှော့ဈေး IDR ၃၉,၈၀၀ မှ IDR ၃၆,၉၀၀

– Bimoli ၂ လီတာပုလင်း IDR ၅၂,၀၀၀

– Fortune pouch ၂ လီတာလျှော့ဈေး IDR ၃၉,၇၀၀ မှ IDR ၃၅,၂၀၀

– Filma အိတ် ၂ လီတာ လျှော့ဈေး IDR ၄၇,၁၀၀ မှ IDR ၃၅,၉၀၀

– Sovia အိတ် ၂ လီတာ IDR ၄၇,၄၀၀ မှ IDR ၂၇,၉၀၀

– Amanda အိတ် ၁ လီတာ IDR ၂၂,၂၀၀

မှတ်ချက်– ဤဈေးနှုန်းများမှာ ဩဂုတ်လ ၁၇ ရက်၊ ၂၀၂၂ ခုနှစ်တွင် ဖော်ပြထားသော ဈေးနှုန်းများဖြစ်ကြပါသည်။

ရင်းမြစ်၊ cnbcindonesia.com
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

…………………………………………………………………………………………………

Agribusiness & Trade

## ဂျာမနီနိုင်ငံတွင် ဆောင်းရာသီဓာတ်ငွေ့သုံးစွဲမှုအတွက် အစီအစဉ်များချမှတ်ခြင်း

ဂျာမနီနိုင်ငံတွင် လာမည့်ဆောင်းရာသီ၌ စီးပွားရေးလုပ်ငန်းများနှင့်အိမ်ထောင်စုများက သုံးစွဲကုန်ကျရန်ရှိသည့်ဓာတ်ငွေ့များအတွက် ၂၀၂၂ ခုနှစ်အောက်တိုဘာလမှစတင်၍ သုံးစွဲသည့် ကီလိုဝပ်နာရီအလိုက် ယူရို (၂.၄) ဆင့်(2.4 euro cent per kilowatt hour) နှုန်းဖြင့် စည်းကြပ်ကောက်ခံမည်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့က ထုတ်ပြန်ကြေငြာခဲ့သည်။ လက်ရှိအခြေအနေတွင် ကုမ္ပဏီများအနေဖြင့် သုံးစွဲသူပြည်သူများထံမှ တိုးမြှင့်ကောက်ခံရန်ခွင့်ပြုချက်မရရှိသေးသော်လည်း မကြာမီ ပြောင်းလဲမှုများရှိလာနိုင်မည်ဖြစ်သည်။ ဂျာမန်ဝန်ကြီးချုပ် Mr.Olaf Scholz က ဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လာနိုင်မည်ဖြစ်သော်လည်း ပြည်သူများအတွက် များစွာဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်စီမံဆောင်ရွက်လျှက်ရှိကြောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ စရိတ်မြင့်မားခြင်းကို တစ်ဦးတည်းကျခံရခြင်းမျိုးဖြစ်စေမည် မဟုတ်ကြောင်း၊ တစ်ဖက်တွင်လည်း relief package များကို ပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်လျှက်ရှိကြောင်း ပြောကြားပါသည်။ ယခုစည်းကြပ်ကောက်ခံမှုသည် လက်ရှိအခြေအနေတွင် နိုင်ငံတွင်း ဂက်စ်လုံလောက်စွာရရှိရေးအတွက် ရုရှားနိုင်ငံအပြင် အခြားထုတ်လုပ်ရရှိနိုင်သည့် နေရာများမှ ဈေးနှုန်းကြီးမြင့်စွာပေး၍ ပံ့ပိုးပေးနေသော ဂက်စ်လုပ်ငန်းများအတွက် ၉၀ ရာခိုင်နှုန်း ကာမိစေရန်ရည်ရွယ်ကြောင်းလည်း သိရှိရပါသည်။ ဂျာမနီနိုင်ငံရှိ စုစုပေါင်းအိမ်ထောင်စုဦးရေ၏ ထက်ဝက်ခန့်သည် နေ့စဉ်သုံးစွဲမှုများအတွက် ဓာတ်ငွေ့ကို အဓိက အသုံးပြုနေကြခြင်း ဖြစ်ပါသည်။

ဂျာမန်ဘဏ္ဍာရေးဝန်ကြီး Mr.Christian Lindner က စည်းကြပ်ကောက်ခံမှုအသစ်အပေါ် Sales tax ကောက်ခံမှု လျှော့ပေါ့ သက်သာခွင့်ပေးရန် အီးယူသို့တောင်းဆိုရန်ရှိကြောင်း၊ German Association of Energy and Water Industries အကြီးအကဲဖြစ်သူ Ms. Kerstin Andreae က သုံးစွဲသူများအတွက် အဓိကသက်သာမှုရှိစေရန် လိုအပ်ပြီး၊ ပေးချေမှုများအတွက် Sales tax ကောက်ခံမှုကို လျှော့ပေါ့ပေးရန် လိုအပ်ကြောင်း၊ ဖက်ဒရယ်စီးပွားရေး ဝန်ကြီး Mr.Robert Habeck က စည်းကြပ်မှု အသစ်ပြုလုပ်ခြင်းဖြင့် ဂက်စ်ရောင်းချ ဖြန့်ဖြူးမှုများကို လုံလောက်စေမည်ဖြစ်ပြီး Sales tax အတွက် ဘရပ်ဆဲလ်ဘက်က တုန့်ဆိုင်းမှုများရှိနေပါက အစီအစဉ်များချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ relief package များကိုလည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြပါသည်။ ခန့်မှန်းခြေအားဖြင့် လူ(၄) ဦး နေထိုင်သည့် အိမ်ထောင်စုတစ်ခုတွင် တစ်နှစ်လျှင် ဂက်စ်သုံးစွဲမှုအတွက် ပိုမိုကုန်ကျစရိတ်မှာ Sales tax မပါဝင်ပါက ယူရို(၄၈၀)ခန့်ရှိနိုင်မည်ဟု ခန့်မှန်းထားရှိပါသည်။

ဂျာမနီနိုင်ငံရှိအခြားပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများ အသင်းအဖွဲ့များဖြစ်သည့် Trade unions၊ German steelmakers' association၊ German federation of chemicals industries စသည်တို့ဘက်မှ စည်းကြပ်ကောက်ခံမှုအသစ်အတွက် ဝေဖန်မှုများမြင့်တက်လာနေပြီး အချို့လုပ်ငန်းများမှာ ယခုစည်းကြပ်မှုမတိုင်မီကပင် ဂက်စ်ဈေးနှုန်းများ ကြီးမြင့်မှုကြောင့် ဘီလီယံများစွာ အကုန်အကျခံထားမှုရှိနေပြီး ကုန်ကျမှုများကို ကာမိစေရန် relief package များ ပံ့ပိုးဆောင်ရွက်ပေးရန် တောင်းဆိုလာကြပါသည်။ ဂျာမန်စတီးလုပ်ငန်းများသည် တစ်နှစ်လျှင် ယေဘူယျအားဖြင့် သဘာဝဓါတ်ငွေ့ (၂) ဘီလီယံကုဗမီတာကို သုံးစွဲရန်လိုအပ်ပြီး ယခုစည်းကြပ်မှုအသစ်မတိုင်မီကပင် ဓါတ်ငွေ့ဈေးနှုန်းများ မြင့်တက်မှုကြောင့် ယူရို(၇) ဘီလီယံဘိုး ပိုမိုကျခံသုံးစွဲထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

ဂက်စ်သုံးစွဲမှုတိုးမြင့်ကောက်ခံမှုအပေါ် ဝေဖန်တောင်းဆိုမှုများရှိနေခြင်းများအတွက် ဂျာမန်ဝန်ကြီးချုပ် Mr.Olaf Scholz က ဩဂုတ်လ (၁၈)ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ဖက်ဒရယ်အစိုးရအနေဖြင့် ဓါတ်ငွေ့သုံးစွဲမှုအပေါ် value-added tax (VAT) ကောက်ခံနေမှုကို မူလ(၁၉) ရာခိုင်နှုန်းမှ (၇) ရာခိုင်နှုန်းသို့ ၂၀၂၄ ခုနှစ်အထိ လျှော့ချကောက်ခံမည်ဖြစ်ကြောင်း၊ သုံးစွဲသူများအတွက် ထောက်ပံ့မှုများ ပိုမိုပြုလုပ်ပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ကတိပြု ပြောကြားခဲ့ပါသည်။ ဆက်လက်၍ စွမ်းအင်ကုမ္ပဏီများအနေဖြင့် ယခုကဲ့သို့ ဂက်စ်သုံးစွဲမှုအတွက် တိုးမြှင့်ကောက်ခံမှုနှင့် အခွန်လျှော့ချပေးမှုအစီအစဉ်များအရ သုံးစွဲသူပြည်သူများအပေါ် စရိတ်ကာမှုဖြစ်စေရန်ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်းလည်း ပြောကြားခဲ့ပါသည်။ ဩဂုတ်လ ၁၅ ရက်နေ့က ထုတ်ပြန်ကြေငြာခဲ့သော တိုးမြှင့်ကောက်ခံမှုကဲ့သို့ပင် VAT လျှော့ချကောက်ခံမှုသည် ၂၀၂၂ ခုနှစ်အောက်တိုဘာလမှ စတင်မည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် နှစ်ကုန်အထိ အကျုံးဝင်မည်ဖြစ်ပါသည်။ VAT လျှော့ချကောက်ခံမှုသည် ကုန်မျိုးစုံဆိုင်များ၊ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စာအုပ်၊ မဂ္ဂဇင်း၊ ကဇတ်ရုံနှင့်ပြတိုက် လက်မှတ်ဝယ်ယူမှုများအတွက်လည်း ပါဝင်ပြီး အခြားကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် မူလ ၁၉ ရာခိုင်နှုန်းအတိုင်း ကောက်ခံသွားမည်ဖြစ်သည်။

ဂျာမန်ဖက်ဒရယ်အစိုးရအနေဖြင့် ဂက်စ်သုံးစွဲမှုအပေါ် တိုးမြှင့်ကောက်ခံပြီး တစ်ဖက်တွင် VAT ကောက်ခံမှုနှုန်းကို လျှော့ချပေးသည့်အစီအစဉ်ဖြင့် သုံးစွဲသူများအတွက် များစွာဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် မျှော်လင့်ချက်ထားရှိပါသည်။ ဂျာမနီနိုင်ငံအနေဖြင့် အရန် LNG ကွန်တိန်နာများကိုလည်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလနောက်ဆုံးထား၍ ၉၅ ရာခိုင်နှုန်းဖြည့်တင်းပြီးစီးရန် ဦးတည်ဆောင်ရွက်လျှက် ရှိပါသည်။

Source: https://www.dw.com/en/germany-sets-winter-gas-levy-amid-warnings-of-its-impact/a-62806667https://www.dw.com/en/germany-cuts-tax-on-gas-as-prices-rise-amid-war-in-ukraine/a-62849908

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

## အီးယူဒေသ စက်သုံးဆီ ဈေးနှုန်းများ

ဥရောပကော်မရှင်က အပတ်စဉ်ထုတ်ပြန်သော ၁၅.၈.၂၀၂၂ ရက်နေ့ရှိ အီးယူ(၂၇)နိုင်ငံရှိ Eurosuper 95 နှင့် ဒီဇယ်ဆီတို့၏ တစ်လီတာ စက်သုံးဆီဈေးနှုန်းများ (အခွန်ပေးဆောင်မှုအပါအဝင်) မှာ အောက်ပါအတိုင်းဖြစ်ပြီး ဂျာမနီနိုင်ငံနှင့် အခြားနိုင်ငံများတွင် ယခင်အပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းများကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

gas prices

| | Eurosuper 95 | |
|---|---|---|
| EU - state | Euro per liter as of August 1st, 2022 | Euro per liter as of August 15, 2022 |
| Hungary | 1.29 | 1.29 |
| Malta | 1.34 | 1.34 |
| Poland | 1.53 | 1.46 |
| Bulgaria | 1.64 | 1.59 |
| Croatia | 1.64 | 1.55 |
| Slovenia | 1.65 | 1.57 |
| Romania | 1.68 | 1.65 |
| Luxembourg | 1.73 | 1.64 |
| Cyprus | 1.75 | 1.62 |
| Germany | **1.81** | **1.77** |
| Czech Republic | 1.82 | 1.67 |
| Slovakia | 1.83 | 1.73 |
| Lithuania | 1.83 | 1.76 |
| France | 1.84 | 1.78 |
| Belgium | 1.85 | 1.74 |
| Italy | 1.88 | 1.77 |
| Latvia | 1.88 | 1.83 |
| Portugal | 1.89 | 1.79 |
| Spain | 1.90 | 1.80 |
| Estonia | 1.96 | 1.90 |
| Austria | 1.96 | 1.76 |
| Ireland | 1.98 | 1.88 |
| Sweden | 2.01 | 1.87 |
| Netherlands | 2.13 | 2.06 |

Agribusiness & Trade

| | | |
|---|---|---|
| **Greece** | 2.15 | 2.04 |
| **Finland** | 2.19 | 2.12 |
| **Denmark** | 2.22 | 2.12 |

## Diesel prices

| | **Diesel fuel** | |
|---|---|---|
| **EU country** | **Euro per liter as of August 1st, 2022** | **Euro per liter as of August 15, 2022** |
| | | |
| **Malta** | 1.21 | 1:21 |
| **Hungary** | 1.56 | 1.55 |
| **Poland** | 1.59 | 1.52 |
| **Bulgaria** | 1.73 | 1.68 |
| **Slovenia** | 1.74 | 1.72 |
| **Romania** | 1.80 | 1.78 |
| **Luxembourg** | 1.81 | 1.72 |
| **Lithuania** | 1.82 | 1.76 |
| **Portugal** | 1.83 | 1.73 |
| **Czech Republic** | 1.84 | 1.74 |
| **Italy** | 1.85 | 1.76 |
| **Latvia** | 1.86 | 1.78 |
| **Croatia** | 1.86 | 1.76 |
| **Slovakia** | 1.86 | 1.77 |
| **France** | 1.88 | 1.79 |
| **Spain** | 1.89 | 1.81 |
| **Greece** | 1.90 | 1.81 |
| **Cyprus** | 1.90 | 1.87 |
| **Estonia** | 1.91 | 1.80 |
| **Germany** | **1.94** | **1.92** |
| **Belgium** | 1.98 | 1.88 |
| **Austria** | 1.98 | 1.77 |
| **Ireland** | 1.99 | 1.89 |
| **Netherlands** | 2.00 | 1.94 |

Agribusiness & Trade

| | | |
|---|---|---|
| **Denmark** | 2.08 | 1.97 |
| **Finland** | 2.15 | 2.08 |
| **Sweden** | 2.37 | 2.26 |

Source: https://www.destatis.de/Europa/DE/Thema/Verkehr/kraftstoffpreise.html

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.......................................................................

## ဂျာမနီနိုင်ငံရှိ ဈေးနှုန်းများ အခြေအနေ

ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ် ဇွန်လတွင် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၏ ထုတ်လုပ်သူဈေးနှုန်းများမှာ ၂၀၂၁ ခုနှစ် ကာလတူထက် ၃၃.၉ ရာခိုင်နှုန်း၊ အပင်ထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ၂၀၂၁ ခုနှစ် ကာလတူထက် ၃၅.၇ ရာခိုင်နှုန်း၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ၂၀၂၁ ခုနှစ် ကာလတူထက် ၃၂.၈ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခဲ့ပါသည်။ ထို့အတူ စက်မှုလုပ်ငန်း ထုတ်ကုန်ဈေးနှုန်းများမှာလည်း ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ၂၀၂၁ ခုနှစ် ကာလတူထက် ၃၇.၂ ရာခိုင်နှုန်းမြင့်တက်လာပြီး လအလိုက်မြင့်တက်မှုများတွင် အမြင့်မားဆုံးဖြစ်ကြောင်း အဓိကအားဖြင့် စွမ်းအင်ဆိုင်ရာဓါတ်ငွေ့နှင့် လျှပ်စစ်ဓါတ်အားသုံးစွဲမှု ဈေးနှုန်းများတွင်ဖြစ်ကြောင်း Federal Statistical Office ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

အလားတူ လက်ကားရောင်းဝယ်မှုဈေးနှုန်းများမှာလည်း ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ၂၀၂၁ ခုနှစ် ကာလတူထက် ၁၉.၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး အဆိုပါမြင့်တက်မှုများသည် အဓိကအားဖြင့် ကုန်ကြမ်းပစ္စည်းများနှင့် တစ်ဝက်တစ်ပျက်ကုန်ချောပစ္စည်းဈေးနှုန်းများတွင် ဖြစ်ကြောင်း၊ mineral oil တွင် ၅၃.၈ ရာခိုင်နှုန်းနှင့် solid fuels တွင် ၉၂.၉ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ပြီး အခြားကောက်ပဲသီးနှံ၊ ဆေးလိပ်၊ မျိုးစေ့၊ သံထည်ပစ္စည်းများနှင့် သတ္တုရိုင်းများ၏ ဈေးနှုန်းများ မြင့်တက်မှုများကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://www.destatis.de/EN/Home/_node.html

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.......................................................................

## ITB Berlin ခရီးသွားလုပ်ငန်းပြပွဲ (The World's Leading Travel Trade Show)

ITB Berlin (International Tourism Exchange Berlin) ပြပွဲကို ခရီးသွားလာခြင်း (Travel)၊ ခရီးသွားလုပ်ငန်း(Tourism)၊ ဧည့်ဝတ်ပြုခြင်း(Hospitality) လုပ်ငန်းကဏ္ဍများအား အတူတကွ ဆောင်ရွက်ကြစေရန်ရည်ရွယ်၍ ကမ္ဘာတစ်ဝှန်းမှ ခရီးသွားလုပ်ငန်းများ၏ ဗဟို အချက်အခြာတစ်ခုအနေဖြင့် ၁၉၆၆ ခုနှစ်ကတည်းကပင် ဘာလင်မြို့တွင် Messe Berlin မှ ကြီး မှူး၍ နှစ်စဉ် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားမှုကြောင့် ၂၀၂၀ ခုနှစ် တွင် ကျင်းပနိုင်ခြင်းမရှိခဲ့ပါ။ ၂၀၂၁ ခုနှစ် မတ်လ ၈ ရက်မှ ၁၂ ရက်နေ့ထိ ITB Berlin ၏ ပထမ ဆုံးအကြိမ် Virtual Event ကို ကျင်းပခဲ့ရာ နိုင်ငံပေါင်း (၁၂၀) မှ ပြပွဲပြသသည့် ကုမ္ပဏီပေါင်း (၃၅၁၃) ခု၊ ဝင်ရောက်အသုံးပြုသူပေါင်း(၆၅၇၀၀) ဦးတို့ရှိခဲ့ပြီး ကျွမ်းကျင်သူများ၏ ဆွေးနွေးပွဲ များ၊ Business Matching များ၊ Networking ပြုလုပ်ခြင်းများတို့ဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ ပါသည်။ ၂၀၂၂ ခုနှစ်တွင် ၈.၃.၂၀၂၂ မှ ၁၀.၃.၂၀၂၂ ရက်နေ့ထိ ITB Berlin Convention ကို ITB website မှတဆင့် တိုက်ရိုက်ထုတ်လွှင့်ကျင်းပ၍ digitization, sustainability နှင့် resilience ပိုင်းတို့ကို ဦးတည်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုအစီအစဉ်များ အားလုံးကို ITB Berlin YouTube Channel တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။ ထို့ပြင် ၁၇.၃.၂၀၂၂ ရက်နေ့တွင် ITB Berlin အတွက် Digital Business Day ကို ကျင်းပခဲ့ပါသည်။

၂၀၂၃ ခုနှစ် ITB Berlin ကို မတ်လ(၇) ရက်နေ့မှ (၉) ရက်နေ့အထိ Messe Berlin တွင် ကျင်းပရန် စီစဉ်ထားရှိပြီး နိုင်ငံများစွာမှ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၊ ခရီးသွားကုမ္ပဏီများ၊ ဟိုတယ်လုပ်ငန်းများ ပြန်လည်စုဝေးကြပြီး ခရီးသွားလုပ်ငန်းအတွက် ဖြစ်နိုင်သည့်အလားအလာ များကို တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ပါသည်။ Host country အဖြစ် ဂျော်ဂျီယာနိုင်ငံကို ရွေးချယ် ထားပြီး ဖွင့်ပွဲအခမ်းအနားကို ၆.၃.၂၀၂၃ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။ ITB Berlin Convention ကိုလည်း မြေပြင် Trade show များနှင့် တစ်ချိန်တည်းတွင် ကျင်းပရန်စီစဉ်ထား ရှိပြီး ပြပွဲကာလအတွင်း တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည် ဖြစ်ပါသည်။

ပြခန်း Registration အတွက် https://www.itb.com/en/itb/stand-registration/ တွင် ဝင်ရောက်ပြုလုပ်နိုင်ပြီး ၂၀၂၃ ခုနှစ် ဩဂုတ်လ(၃၁) ရက်နေ့နောက်ဆုံးပြုလုပ်၍ အထူးလျှော့ ဈေးနှုန်းများ ရယူနိုင်ပြီး စက်တင်ဘာလ (၁) ရက်နေ့မှစ၍ ပုံမှန်ဈေးနှုန်းများရယူ၍ စက်တင် ဘာ(၃၀) ရက်နေ့ နောက်ဆုံးထားကာ Registration ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

ITB Berlin ၏ အကြီးအကဲဖြစ်သူ Mr.David Ruetz က ၂၀၂၃ ခုနှစ် ITB Berlin တွင် ခရီး သွားလုပ်ငန်းများ ပြန်လည်စတင်ခြင်း တွေ့ဆုံဆွေးနွေးခြင်းပြုလုပ်နိုင်ခြင်းဖြစ်ပြီး Clients များ

၏တောင်းဆိုချက်အရ တစ်ဦးနှင့်တစ်ဦး ကွန်ယက်ချိတ်ဆက်မှုများ၊ သတင်းအချက်အလက် ဖလှယ်ခြင်းများ ပြန်လည်ပြုလုပ်နိုင်ကြရန်အတွက် B2B Show ပုံစံဖြင့် ပိုမိုဦးစားပေးကျင်းပ ဆောင်ရွက်သွားရန် ရည်ရွယ်ကြောင်း ပြောကြားခဲ့ပါသည်။

၂၀၂၃ ခုနှစ် ITB Berlin ပြပွဲတွင် ပါဝင်ပြသရန်စိတ်ဝင်စားသည့် မြန်မာခရီးသွားလုပ်ငန်းများ ကုမ္ပဏီများအနေဖြင့် ပြပွဲနှင့် ပတ်သက်၍ ထပ်မံအသေးစိတ်သိလိုသော အချက်အလက်များကို https://www.itb.com/en/itb/itb-berlin-for-exhibitors.html တွင် ဝင်ရောက်လေ့လာကြည့်ရှု နိုင်ပါသည်။

Sources:https://www.itb.com/en/https://www.itb.com/itb/downloadsenglisch/
anmeldung-(2023)/itb-berlin-2023_exhibition-terms-and-conditions.pdf

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး
ဘာလင်

………………………………………………………………………………………………

Agribusiness

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃၃ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၅) ရက်

| ၂၅-၈-၂၀၂၂ | |
|---|---|
| ငွေကြေးအမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၁၀၀.၄ |
| စင်္ကာပူဒေါ်လာ | ၁၅၁၂.၀ |
| စတာလင်ပေါင် | ၂၄၈၇.၆ |
| ဂျပန်ယန်း (၁၀၀) | ၁၅၃၉.၉ |
| တရုတ်ယွမ် | ၃၀၆.၆၁ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၇.၆၆ |
| အိန္ဒိယရူပီး | ၂၆.၂၈၈ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၇.၄၃ |
| မလေးရှားရင်းဂစ် | ၄၆၉.၅၉ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၄၉၃ |
| ထိုင်းဘတ် | ၅၈.၆၃၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၉၆၄၀ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ
- အထွေထွေသတင်းများ

➢ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်တို့ထံ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး တိုးချဲ့ရန် စိတ်အားထက်သန်နေသည့် အိန္ဒိယနိုင်ငံ

## ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်တို့ထံ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး တိုးချဲ့ရန် စိတ်အားထက်သန်နေသည့် အိန္ဒိယနိုင်ငံ

အိန္ဒိယသည် အာဆီယံနှင့် ကုန်သွယ်မှုတိုးမြှင့်ရန်အတွက် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်တို့သို့ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး တိုးချဲ့ရန် စိတ်အားထက်သန်လျက်ရှိပါသည်။ အဆိုပါ အဝေးပြေးလမ်းမကြီးမှာ လက်ရှိအချိန်၌ မြန်မာနိုင်ငံမှတစ်ဆင့် ထိုင်းသို့ ဆက်သွယ်ထားပြီး ကီလိုမီတာ ၁၄၀၀ ခန့် ရှည်လျားသည်။ အကယ်၍ ဆက်လက်တိုးချဲ့မည်ဆိုပါက လမ်းကြောင်းသစ်မှာ စုစုပေါင်း ကီလိုမီတာ ၃၂၀၀ ခန့်ရှိမည်ဖြစ်ပါသည်။

၎င်းအဝေးပြေးလမ်းမကြီးမှာ အိန္ဒိယ၏ အရှေ့မျှော်မူဝါဒ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်ပြီး၊ အိန္ဒိယနှင့် အာရှပစိဖိတ်ဒေသကြား စီးပွားရေးနှင့် ယဉ်ကျေးမှုဆက်ဆံရေးကို မြှင့်တင်ရန် အရှေ့မျှော်မူဝါဒကို ဆက်ခံသည့် သံတမန်ရေးရာ အစပျိုးမှုတစ်ခုဖြစ်ပါသည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးကို ဆောလျင်စွာပြီးစီးစေရန်နှင့် တိုးချဲ့ရန် အိန္ဒိယက တွန်းအားပေးဆောင်ရွက်နေပြီး၊ အိန္ဒိယဝန်ကြီးချုပ် Narendra Modi က အဆိုပါအဝေးပြေးလမ်းအား ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများသို့ပါ တိုးချဲ့သင့်ကြောင်း အကြံပြုခဲ့ပါသည်။

ဤအဝေးပြေးလမ်းမကြီးမှာ လွန်ခဲ့သည့် ၁၅ နှစ်ခန့်ကတည်းက ကနဦးဆောင်ရွက်လာခဲ့သောအဝေးပြေးလမ်းမကြီးဖြစ်ပြီး၊ အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက်ရှိ မိုရေးမြို့မှ မြန်မာနိုင်ငံကိုဖြတ်သန်း၍ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့ ဆက်သွယ်ပေးထားပါသည်။ အမြန်လမ်းမကြီး၏ အစိတ်အပိုင်းအများစုပြီးစီးသွားသော်လည်း အချို့အစိတ်အပိုင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက် ရှိပါသည်။

အိန္ဒိယမှ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့သို့ ချိတ်ဆက်ရန်ကြိုးပမ်းမှုမှာ တရုတ်၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကို တန်ပြန်ခြင်းအဖြစ် ရှုမြင်သည်များလည်းရှိပါသည်။ သို့သော်လည်း အရည်အချင်းပြည့်မီသော လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာ၊ ရန်ပုံငွေနှင့် အကြံပေးဝန်ဆောင်မှုများတွင် အကန့်အသတ်အမျိုးမျိုးရှိနေခြင်းကြောင့် အကောင်အထည်ဖော်မည့်လုပ်ငန်းများ နှေးကွေးနေခြင်း ဖြစ်ပါသည်။

သုံးနိုင်ငံအဝေးပြေးလမ်းမကြီးမှာ မြန်မာနိုင်ငံရှိ ကုလားတန်ဘက်စုံ သယ်ယူပို့ဆောင်ရေးစီမံကိန်းဖြစ်ပြီး အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက်ရှိ မီဇိုရမ်ပြည်နယ်မှ မြန်မာနိုင်ငံစစ်တွေဆိပ်

Agribusiness & Trade

ကမ်းသို့ ဆက်သွယ်ပေးသည့် စီမံကိန်းကို အကောင်အထည်ဖော်ခြင်း ဖြစ်ပါသည်။ စစ်တွေဆိပ်ကမ်းကို လည်ပတ်မှုများပြုလုပ်ရန်အတွက် ၂၀၂၃ ခုနှစ်တွင် ရှင်းလင်းခဲ့သည်။

အိန္ဒိယနိုင်ငံက ကုန်းတွင်းပိတ် မီဇိုရမ်ပြည်နယ်သို့ ကုန်စည်ပို့ဆောင်မှု ကုန်ကျစရိတ် လျှော့ချရန်ရည်ရွယ်၍ ရေနက်ဆိပ်ကမ်းကို တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ ဥပမာ– ကာလကတ္တားမှ ကုန်စည်များကို စစ်တွေဆိပ်ကမ်းသို့ ရေကြောင်းမှသယ်ယူ၍၊ ကုလားတန်မြစ်ဝမှ ချင်းပြည်နယ်၊ ပလက်ဝသို့ လွှဲပြောင်းပေးကာ၊ ထိုမှတစ်ဆင့် မီဇိုရမ်ပြည်နယ်သို့ ကုန်းလမ်းဖြင့် ပို့ဆောင်ခြင်း ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံမှာ မည်သည့်အခါကမျှ ကွန်မြူနစ်နိုင်ငံမဖြစ်ခဲ့သော်လည်း၊ အမေရိကန်ပြည်ထောင်စုထက် ဆိုဗီယက်ယူနီယံအုပ်စုနှင့် ပိုမိုနီးကပ်သည့်ဆက်ဆံရေး ရှိခဲ့ပါသည်။ ဆိုဗီယက်ထံမှ အခြေခံအဆောက်အအုံနှင့် စက်မှုကုန်ထုတ်လုပ်များအတွက် နည်းပညာအကူအညီများ ရရှိခဲ့ပါသည်။ ဆိုဗီယက်ယူနီယံ ပြိုကွဲသွားသည့်အခါ အိန္ဒိယ၏ အားကောင်းနေသော စီးပွားရေးနှင့် စစ်ရေးဆက်ဆံမှုများအပေါ် ကြီးစွာထိခိုက်နစ်နာခဲ့ပါသည်။ အိန္ဒိယ၏ အရှေ့သို့ ရှုမျှော်သည့်မူဝါဒမှာ အိန္ဒိယနှင့် အာရှပစိဖိတ်ဒေသကြား စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကိုမြှင့်တင်ရန် သံတမန်ရေးရာ အစပျိုးမှုတစ်ခုဖြစ်သည်။ အာဆီယံမှာ ကုန်သွယ်မှုဖွံ့ဖြိုးရေးအတွက် အလားအလာကြီးရှိနေသဖြင့် ၎င်းကို အကောင်အထည်ဖော်ရန် အိန္ဒိယက အရှေ့မျှော်မူဝါဒကို ၁၉၉၂ ခုနှစ်တွင် စတင်ခဲ့ခြင်း ဖြစ်ပါသည်။

## တိုးပွားလာသည့် စီးပွားရေးဆက်သွယ်မှုများ

အရှေ့မျှော်မူဝါဒကို အတည်ပြုပြဋ္ဌာန်းပြီးချိန်မှစ၍ အိန္ဒိယနှင့် အာဆီယံတို့က နှစ်နိုင်ငံသဘောတူညီချက်များကို ဆက်လက်တိုးချဲ့ဆွေးနွေးခဲ့ကြသည်။ အိန္ဒိယမှာ ၁၉၉၆ ခုနှစ်တွင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံဖြစ်လာခဲ့ပြီး၊ ၂၀၀၃ ခုနှစ်တွင် အာဆီယံ–အိန္ဒိယ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဤမူဘောင်က အာဆီယံ–အိန္ဒိယ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ ထူထောင်ရေးအတွက် အခြေခံကို ပံ့ပိုးပေးခဲ့ပြီး၊ အာဆီယံ–အိန္ဒိယ ကုန်စည်ကူးသန်းရောင်းဝယ်ရေး သဘောတူညီချက် (AITIGA) ကို ၂၀၀၉ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကာ၊ ၂၀၁၀ ပြည့်နှစ်တွင် အသက်ဝင်ခဲ့သည်။

AITIGA လက်မှတ်ရေးထိုးမှုက လူဦးရေ ၁.၉ ဘီလီယံကျော်နှင့် ပေါင်းစပ် GDP အမေရိကန်ဒေါ်လာ ၅ ထရီလီယံကျော်ရှိသည့် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှု နယ်မြေတစ်ခုအတွက် လမ်းဖွင့်ပေးခဲ့ပါသည်။ AITIGA ကြောင့် အာဆီယံနှင့် အိန္ဒိယကြားတွင် ကုန်သွယ်မှုများ ဆက်တိုက်မြင့်တက်လာစေခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၉၁ ဘီ

Agribusiness & Trade

လီယံကျော်အထိ ရှိလာခဲ့ပါသည်။ ၎င်းသဘောတူညီချက်အောက်တွင် အာဆီယံနှင့် အိန္ဒိယတို့က ကုန်စည် ၇၆.၄ ရာခိုင်နှုန်းအပေါ် အကောက်ခွန်များ ဖယ်ရှားလျက်ရှိကာ ကုန်ပစ္စည်း ၉၀ ရာခိုင်နှုန်းကျော်အပေါ်၌ အကောက်ခွန်များ ဖြေလျှော့ပေးမည်ဟု ကတိကဝတ်ပြုထားပါသည်။

**အိန္ဒိယ၏ အရှေ့မြောက်ဒေသများအတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ**

သုံးနိုင်ငံအဝေးပြေးလမ်းမကြီးမှ တိုးမြှင့်ချိတ်ဆက်ပေးခြင်းကြောင့် အိန္ဒိယ၏အရှေ့မြောက်ဒေသ (NER) များသို့ ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်ရေး အခွင့်အလမ်းများကို ပိုမိုဖြစ်ပေါ်လာစေပြီး အထူးသဖြင့် အာဆီယံသို့ သဘာဝသယံဇာတများ တင်ပို့ရောင်းချနိုင်သည့် အခွင့်အလမ်းများ ဖြစ်ပေါ်လာစေပါသည်။ မီဂါလာယာ၊ မီဇိုရမ်၊ နာဂလန်း၊ တြိပူရ၊ အာသံ၊ မဏိပူရနှင့် ဆစ်ကင်းပြည်နယ်များပါဝင်သော အိန္ဒိယအရှေ့မြောက်ပိုင်းဒေသများတွင် သဘာဝဓာတ်ငွေ့၊ ရေအားလျှပ်စစ်နှင့် ရေနံစသည့် အရေးပါသောအရင်းအမြစ်များ ရှိပါသည်။ ထို့အပြင် NER ၏ စိုက်ပျိုးရေးရာသီဥတုအခြေအနေများကြောင့် အိန္ဒိယ၏ အကောင်းဆုံး စိုက်ပျိုးရေးသစ်တောထွက်ကုန်များဖြစ်သည့် ရာဘာနှင့် လက်ဖက်ခြောက်များကို ထုတ်လုပ်နိုင်ပါသည်။

အိန္ဒိယအရှေ့မြောက်ဘက်ဒေသများသည် အိန္ဒိယနိုင်ငံ ရေအားလျှပ်စစ် အလားအလာ၏ ၄၀ ရာခိုင်နှုန်းခန့် သို့မဟုတ် ခန့်မှန်းခြေအားဖြင့် ၂၈,၃၅၆ မဂ္ဂါဝပ်ခန့် ရှိပြီး ယင်းတို့အနက် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအထိ ၂,၀၂၇ မဂ္ဂါဝပ် (၃.၄၇ ရာခိုင်နှုန်း) ကိုသာ ထုတ်ဖော်၍ ရပါသေးသည်။

အိန္ဒိယ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ဝန်ကြီး Hardeep Singh Puri က ရေနံလုပ်ငန်းမှာ အိန္ဒိယအရှေ့မြောက်ပိုင်း၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ်အတွင်း ပြောကြားခဲ့သည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း လက်ရှိထုတ်လုပ်နေသော ပျမ်းမျှတန်ချိန် ၄.၁၁ သန်းမှ ၆ ရာခိုင်နှုန်းတိုးချဲ့၍ တန်ချိန်၆.၈၅ သန်းထုတ်လုပ်သွားရန်လည်း မျှော်မှန်းထားပါသည်။ ၎င်းကာလအတွင်း ရေနံစိမ်းတူးဖော်သည့်နယ်မြေများကိုလည်း ၄၅ ရာခိုင်နှုန်းတိုးချဲ့သွားနိုင်မည်ဟု မျှော်လင့်ထားပါသည်။

ထို့အပြင် အိန္ဒိယအရှေ့မြောက်ပိုင်းဒေသများမှ နှစ်စဉ် ရော်ဘာတန်ချိန် ၁၁၂,၀၀၀ ကျော်ထုတ်လုပ်နေပြီး၊ တြိပူရမှာ တောင်ပိုင်း ကာရလာပြည်နယ်ပြီးလျှင် အိန္ဒိယတွင် ဒုတိယရာဘာအများဆုံးထွက်ရှိသော ဒေသဖြစ်ပါသည်။ အိန္ဒိယအစိုးရက အရှေ့မြောက်ပိုင်းဒေသများကို ရော်ဘာထုတ်လုပ်မှုအတွက် အချက်အချာနေရာဖြစ်လာနိုင်မည်ဟု မျှော်လင့်ထားပါသည်။

၂၀၂၁ ခုနှစ်တွင် မော်တော်ကားတာယာထုတ်လုပ်သူများအသင်း (ATMA) မှ ကိုယ်စားပြုသည့် အဓိကတာယာကုမ္ပဏီလေးခုက အိန္ဒိယအရှေ့မြောက်ပိုင်းဒေသများတွင် ရာဘာစိုက်ခင်း

Agribusiness & Trade

ဖွံ့ဖြိုးတိုးတက်ရေးအတွက်  ဟက်တာနှစ်သိန်း၌ အမေရိကန်ဒေါ်လာ ၁၂၅ သန်းကျော် တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည့်အစီအစဉ်ကို ကြေညာထားကြောင်း သတင်းရရှိပါသည်။

Source: ASEAN Briefing

ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

……………………………………………………………………………………………

Agribusiness & Trade

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃၄ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၁) ရက်

| ၁-၉-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၁၀၅.၉ |
| စင်္ကာပူဒေါ်လာ | ၁၅၀၁.၁ |
| စတာလင်ပေါင် | ၂၄၃၆.၆ |
| ဂျပန်ယန်း (၁၀၀) | ၁၅၀၉.၄ |
| တရုတ်ယွမ် | ၃၀၄.၄၁ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၇.၅၉ |
| အိန္ဒိယရူပီး | ၂၆.၄၀၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၅.၀၈ |
| မလေးရှားရင်းဂစ် | ၄၆၈.၆၅ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၁၁၈ |
| ထိုင်းဘတ် | ၅၇.၂၄၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၉၅၀၅ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံ၏ နှမ်းစေ့တင်သွင်းမှု ကျဆင်းခဲ့

➢ ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးမြင့်တင်ရေးအတွက် ထိုင်းနှင့် ဗီယက်နမ်တို့ ပူးပေါင်းဆောင်ရွက်ရန် သဘောတူထား

➢ ဂျုံမှုန့်တင်ပို့မှုကို ထပ်မံကန့်သတ်လိုက်သည့် အိန္ဒိယနိုင်ငံ

➢ အိန္ဒိယနိုင်ငံ၏ Jharkhand ၊ West Bengal နှင့် Chattisgarh တို့တွင် စပါးစိုက်ပျိုးမှုအဓိကလျော့ကျပြီး၊ စုစုပေါင်းစိုက်ပျိုးမှု ၅.၉၉ ရာခိုင်နှုန်း ကျဆင်းနေ

➢ တရုတ်နှင့် ဆော်ဒီနိုင်ငံများက ဆန်ဝယ်ယူရန် မေးမြန်းလာမှုများကို အင်ဒိုနီးရှားနိုင်ငံက ငြင်းပယ်ခဲ့

➢ စားအုန်းဆီကြမ်း အခမဲ့တင်ပို့ခွန်ကို သက်တမ်းတိုးလိုက်သဖြင့် အင်ဒိုနီးရှား ရှိ ဆီအုန်းစိုက်တောင်သူများ အကျိုးကျေးဇူးဖြစ်ထွန်းလျက်ရှိ

➢ ထိုင်းနိုင်ငံ၌ ပင်လယ်စာစည်သွပ်ဗူးများနှင့် ပြုပြင်ထုတ်လုပ်ထားသော ပင်လယ်စာများကို ဝယ်လိုအား မြင့်တက်နေ

➢ ထိုင်းနိုင်ငံတွင် သကြားဝယ်လိုအား မြင့်တက်နေ

- **အထွေထွေသတင်းများ**

➢ ဂျာမနီနိုင်ငံက ကနေဒါနိုင်ငံမှ ဟိုက်ဒရိုဂျင်စွမ်းအင် တင်သွင်းမည့် အစီအစဉ်

- ဟိုက်ဒရိုဂျင်စွမ်းအင်အသုံးပြု ဂျာမန်ရထားလိုင်းများ စတင်
- German Coffee Association နှင့် တွေ့ဆုံဆွေးနွေး

## ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံ၏ နှမ်းစေ့တင်သွင်းမှု ကျဆင်းခဲ့

၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံ၏ ပြည်ပမှ နှမ်းစေ့တင်သွင်းမှုမှာ တန်ချိန် ၄.၀၆၇ သန်းသာရှိခဲ့သည်ကိုတွေ့ရပါသည်။ ယခင်နှစ်ကမှု ဇူလိုင်လအထိ ကာလအတွင်း တန်ချိန် ၈.၇၉၂ သန်း တင်သွင်းခဲ့ရာ သိသိသာသာကျဆင်းသွားခြင်း ဖြစ်ပါသည်။ ယခုကဲ့သို့ ကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ ပြည်ပမှတင်သွင်းသော နှမ်းစေ့ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ပြည်တွင်း၌ ကပ်ရောဂါကူးစက်မှုများအပေါ် ကန့်သတ်တားဆီးရေး လုပ်ငန်းစဉ်များကို ထပ်တလဲလဲ ဆောင်ရွက်နေသောကြောင့် ဖြစ်ပါသည်။

Source: tridge

ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

………………………………………………………………………

## ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးမြှင့်တင်ရေးအတွက် ထိုင်းနှင့် ဗီယက်နမ်တို့ ပူးပေါင်းဆောင်ရွက်ရန် သဘောတူထား

ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးမြှင့်တင်ရာ၌ ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြောင်းနှင့် ထိုသို့တိုးမြှင့်ရခြင်းမှာ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်စေရန် ရည်ရွယ်ကြောင်း ထိုင်းစိုက်ပျိုးရေးအရာရှိတစ်ဦးက ဩဂုတ် ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်းမြှင့်တင်ရေးအတွက် ထိုင်းနှင့် ဗီယက်နမ်တို့က ပထမဆုံးအကြိမ် သဘောတူခဲ့ခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သမဝါယမဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် Alongkorn Ponlaboot က ဗီယက်နမ် အရာရှိများနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

ထိုင်းနှင့် ဗီယက်နမ်တို့၏ ဆွေးနွေးပွဲကို မေလတွင်စတင်ခဲ့ပြီး၊ ရည်ရွယ်ချက်မှာ ၎င်းတို့၏ ဆန်တင်ပို့မှုဈေးနှုန်းကို မြှင့်တင်ရန်၊ ကမ္ဘာ့ဈေးကွက်တွင် ၎င်းတို့၏ ဩဇာလွှမ်းမိုးမှုကို မြှင့်တင်ရန်နှင့် လယ်သမားများ၏ဝင်ငွေကို မြှင့်တင်ရန်ဖြစ်ကြောင်း ထိုင်းနိုင်ငံမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားပါသည်။

နှစ်နိုင်ငံသည် ကမ္ဘာ့ဆန်ကြမ်းထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းခန့်နှင့် ကမ္ဘာ့ပို့ကုန်တင်ပို့မှု၏ ၂၆ ရာခိုင်နှုန်းခန့်ရှိကြောင်း အမေရိကန်စိုက်ပျိုးရေးဌာနမှ သိရပါသည်။

ဈေးနှုန်းတက်ခြင်းမှာ မည်သည့်အချိန်တွင် စတင်အကျိုးသက်ရောက်မည်ကို ချက်ချင်း သိရှိခြင်း မရှိသေးပါ။ ယခုကျင်းပသောဆွေးနွေးပွဲ၏ အကျဉ်းချုပ်နှင့် ဈေးနှုန်းများ ပူးတွဲမြင့်တင်ရန် အကြံပြုချက်များကို နှစ်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးများထံ သတ်မှတ်ဖော်ပြမထားသည့်ရက်စွဲဖြင့် တင်ပြသွားမည်ဖြစ်ကြောင်း Alongkorn က ပြောကြားခဲ့သည်။

ဗီယက်နမ်စားနပ်ရိက္ခာအသင်းအဖွဲ့နှင့် ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့ထံကမူ ရိုက်တာက တုံ့ပြန်မှုမရကြောင်း သတင်းရရှိပါသည်။

Source: Reuters/gs

ဒေါက်တာရွှေစင်ကို

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

..........................................................................................

## ဂျုံမှုန့်တင်ပို့မှုကို ထပ်မံကန့်သတ်လိုက်သည့် အိန္ဒိယနိုင်ငံ

အိန္ဒိယအစိုးရသည် ပြည်တွင်းဈေးကွက်တွင် စားသောက်ကုန်ဈေးနှုန်းများ ကျဆင်းစေရန်အတွက် ဂျုံမှုန့် (flour) ထုတ်ကုန်များအပေါ် တင်ပို့မှုကန့်သတ်ချက်ကို အတည်ပြုခဲ့သည်။ အစောပိုင်းက အထွက်နှုန်းကျဆင်းကာ ပြည်တွင်းဈေး စံချိန်တင်မြင့်မားလာသောကြောင့် မေလလယ်တွင် အိန္ဒိယအစိုးရက ဂျုံ (wheat)တင်ပို့မှုကို တားမြစ်ခဲ့ပါသည်။ ရုတ်ချည်းတားဆီးလိုက်သောကြောင့် ဧပြီလမှ ဇူလိုင်လအတွင်း ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဂျုံမှုန့် (wheat flour) ဝယ်လိုအား ၂၀၀ ရာခိုင်နှုန်း တိုးလာကာ ဈေးကွက်ပေါက်ဈေးကို တွန်းအားပေးခဲ့သည်။

ဩဂုတ်လနောက်ဆုံးပတ်အတွင်း ကမ္ဘာ့ဒုတိယအကြီးဆုံး ဂျုံထုတ်လုပ်သည့်နိုင်ငံဖြစ်သောအိန္ဒိယတွင် ဂျုံဈေး တစ်တန်လျှင် ရူပီး ၂၄,၅၀၀ (အမေရိကန်ဒေါ်လာ ၃၀၇ ဒေါ်လာ) အထိ စံချိန်တင်မြင့်တက်လာပါသည်။ ၎င်းဈေးနှုန်းမှာ မေလ ၁၄ ရက်က အစိုးရ၏ ရုတ်ချည်းပို့ကုန်ပိတ်ပင်မှုအပြီးတွင် ဖြစ်ပေါ်ခဲ့သောဈေးနှုန်းမှ ၂၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခြင်းဖြစ်ကာ၊ အိန္ဒိယမှ အလုပ်သမားတင်ပို့မှုကြောင့် ဖြစ်ပေါ်လာသော ဈေးကွက်ကွာဟချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်လင့်ချက်များ အဆုံးသတ်သွားခြင်း ဖြစ်ပါသည်။

Agribusiness & Trade

ပိတ်ပင်မှုအသစ်မတိုင်မီက အိန္ဒိယနိုင်ငံမှ ယခုနှစ်တွင် ဂျုံတန်ချိန် ၁၀ သန်း စံချိန်တင် တင်ပို့ရန် ရည်မှန်းထားပြီး၊ ၎င်းဂျုံများကို အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံများသို့ တင်ပို့သွားမည်ဟု မျှော်မှန်းခဲ့ပါသည်။ ယခုအခါ အိန္ဒိယ၌ ဖြစ်ပေါ်နေသော အပူလှိုင်းကျရောက်မှုကဲ့သို့ မျှော်မှန်းမထားသည့်ပြဿနာများ ဖြစ်ပေါ်လာပါသည်။ အိန္ဒိယတွင် ဂျုံအရန်သိုလှောင်မှုမှာ ကမ္ဘာပေါ်ရှိငတ်မွတ်ခေါင်းပါးသော လူဦးရေများအတွက် ခုသာခံသာရှိစေနိုင်မည်ဖြစ်ပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အိန္ဒိယနိုင်ငံ၌ ဆင်းရဲနွမ်းပါးသူဦးရေ သန်း ၈၀၀ ခန့် ရှိပါသည်။

Source: nongnghiep.vn

ဒေါက်တာရွှေစင်ကို

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

………………………………………………………………..

## အိန္ဒိယနိုင်ငံ၏ Jharkhand ၊ West Bengal နှင့် Chattisgarh တို့တွင် စပါးစိုက်ပျိုးမှုအဓိကလျော့ကျပြီး၊ စုစုပေါင်းစိုက်ပျိုးမှု ၅.၉၉ ရာခိုင်နှုန်း ကျဆင်းနေ

စာရင်းများအရ အိန္ဒိယနိုင်ငံ၌ ဩဂုတ်လ ၂၆ ရက်နေ့အထိ စပါးဧရိယာများလျော့နည်းနေကြောင်းနှင့် ယခု မိုးရာသီတွင်စိုက်ပျိုးပြီး ဆောင်းဦးတွင်ရိတ်သိမ်းမည့် ဆောင်းဦးသီးနှံ (ကာရစ်ဖ်) ကာလအတွင်း Jharkhand တွင် ဟက်တာ ၁၀.၅၁ သိန်း၊ West Bengal တွင် ဟက်တာ ၄.၆၂ သိန်း၊ Chhattisgarh တွင် ဟက်တာ ၃.၄၅ သိန်း၊ Uttar Pradesh တွင် ဟက်တာ ၂.၆၃ သိန်း၊ Bihar တွင် ဟက်တာ ၂.၄၀ သိန်းနှင့် Odisha တွင် ဟက်တာ ၂.၂၄ သိန်း အသီးသီး စိုက်ပျိုးထားကြောင်း သိရပါသည်။

ယခုရာသီအတွင်း မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပြည်နယ်အချို့ရှိ စပါးစိုက်ဧရိယာမှာ ဟက်တာ ၃၆၇.၅၅ သိန်းအထိ ၅.၉၉ ရာခိုင်နှုန်း ကျဆင်းသွားကြောင်းနှင့် လွန်ခဲ့သည့်နှစ်အတွင်း စပါးစိုက်ပျိုးသည့်ဟက်တာပေါင်း ၃၉၀.၉၉ သိန်း ရှိခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရပါသည်။

အိန္ဒိယနိုင်ငံ၏ အဓိကသီးနှံစိုက်ပျိုးချိန်ဖြစ်သော ကာရစ်ဖ်စိုက်ပျိုးရာသီမှာ အနောက်တောင်မုတ်သုံလေ စတင်ချိန်ဖြစ်သော ဇွန်လမှ စတင်၍ မျိုးစေ့ချစိုက်ပျိုးပြီး အောက်တိုဘာလမှ စတင်၍ ရိတ်သိမ်းမှု ပြုလုပ်ပါသည်။ ထို့ပြင် အလားတူကာလအတွင်း အာသံပြည်နယ်၌ စိုက်ပျိုးဟက်တာ ၀.၄၉ သိန်း၊ Madhya Pradesh ၌ ဟက်တာ ၀.၄၆ သိန်း၊ Haryana ၌ ဟက်တာ ၀.၄၄ သိန်း၊ တြိပူရ၌ ဟက်တာ ၀.၂၂ သိန်း၊ နာဂလန်း၌ ဟက်တာ ၀.၂၁ သိန်း၊ မီဂါလာယာ၌ ဟက်

တာ ၀.၁၈ သိန်း၊ ပန်ဂျပ်၌ ဟက်တာ ၀.၁၂ သိန်း၊ မဟာရက်ရှ်ထရာ၌ ဟက်တာ ၀.၀၇ သိန်း၊ Jammu နှင့် Kashmir ၌ ဟက်တာ ၀.၀၅ သိန်း၊ ဂိုအာ၌ ဟက်တာ ၀.၀၃ သိန်း၊ မီဇိုရမ်၌ ဟက်တာ ၀.၀၃ သိန်းနှင့် Sikkim ၌ ဟက်တာ၀.၀၂ သိန်းရှိပြီး ယခင်နှစ်ကထက် ပိုမို လျော့နည်းနေပါသည်။

ကာရစ်ဖ်စိုက်ပျိုးရာသီအတွင်း စပါးအပြင် ပဲအမျိုးမျိုးတို့၏ စိုက်ပျိုးမြေမှာလည်း စုစုပေါင်းဟက်တာ ၁၂၇.၇၁ သိန်းသာရှိခဲ့ရာ၊ ယခင်နှစ်အတွင်း ပဲမျိုးစုံ စုစုပေါင်းဧရိယာ ၁၃၄.၃၇ သိန်းမှ ၄.၉၅ ရာခိုင်နှုန်း ကျဆင်းသည်ကို တွေ့ရပါသည်။ ပဲစင်းငုံ စိုက်ပျိုးဧရိယာမှာ ယခင် ဟက်တာ ၄၇.၂၀ သိန်းမှ ယခု ဟက်တာ ၄၄.၀၇ သိန်းသို့ အနည်းငယ်ကျဆင်းခဲ့ပြီး၊ urad ပဲမျိုးကို စိုက်ပျိုးသည့်ဧရိယာမှာလည်း ယခင်ကဟက်တာ ၃၇.၉၁ သိန်းရှိခဲ့ရာမှ ယခုအခါ ဟက်တာ ၃၆.၁၅ သိန်းသာရှိသဖြင့် အနည်းငယ် လျော့နည်းခဲ့ပါသည်။

ဆီထွက်သီးနှံ လွှမ်းခြုံမှုတွင်လည်း ယခင်နှစ်က ဟက်တာ ၁၈၈.၆၂ သိန်း စိုက်ပျိုးခဲ့သော်လည်း၊ ယခုနှစ် ကာရစ်ရာသီအတွင်း ဟက်တာ ၁၈၆.၄၈ သိန်းသာ စိုက်ပျိုးထားသဖြင့် အနည်းငယ်ကျဆင်းနေပါသည်။ သို့သော်လည်း ကောက်နှံစာကြမ်းများစိုက်ပျိုးမှုတွင်မူ လွန်ခဲ့သည့်နှစ်က ဟက်တာ ၁၆၉.၃၉ သိန်းရှိခဲ့သော်လည်း ယခုနှစ်တွင် ၁၇၆.၃၃ သိန်းအထိ ပိုမိုစိုက်ပျိုးလာသည်ကို တွေ့ရပါသည်။

အမြတ်အစွန်းရရှိသော ကောက်ပဲသီးနှံများအနက် ဝါစိုက်ကေမှာ ၁၂၄.၅၅ သိန်း ရှိနေဆဲဖြစ်ပြီး၊ ကြံစိုက်ကေမှာ ယခင်နှစ်ထက် အနည်းငယ်ပိုမိုများပြား၍ ၅၅.၅၉ သိန်း ရှိခဲ့ပါသည်။ ဂုန်လျှော်စိုက်ဧရိယာမှာလည်း ဟက်တာ ၆.၉၄ သိန်းတွင် ရှိနေဆဲဖြစ်ပါသည်။

အိန္ဒိယမိုးလေဝသဌာန (IMD) ၏ အဆိုအရ ဩဂုတ်လ ၂၄ ရက်အထိတိုင်အောင် အနောက်တောင်မုတ်သုံမိုး ရွာသွန်းမှုမှာ ၉ ရာခိုင်နှုန်း ပိုမိုမြင့်မားလာခဲ့ကြောင်း၊ သို့သော်လည်း အိန္ဒိယနိုင်ငံ အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့၌ တစ်ချိန်တည်းတွင် မိုးရွာသွန်းမှု ၁၉ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရပါသည်။

ရင်းမြစ်၊ indiatimes
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

…………………………………………………………

# တရုတ်နှင့် ဆော်ဒီနိုင်ငံများက ဆန်ဝယ်ယူရန် မေးမြန်းလာမှုများကို အင်ဒိုနီးရှားနိုင်ငံက ငြင်းပယ်ခဲ့

အင်ဒိုနီးရှားနိုင်ငံသည် IRRI မှ ဆန်ဖူလုံသည်ဟူသော အသိအမှတ်ပြုမှုကို ရရှိခဲ့သော်လည်း၊ ပြည်ပသို့ဆန်တင်ပို့မှုကို တံခါးဖွင့်ဆောင်ရွက်မည်မဟုတ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက အတည်ပြုပြောကြားခဲ့သည်။ ထိုသို့ပြောကြားချက်ကို ၇၇ နှစ်မြောက် အင်ဒိုနီးရှား လွတ်လပ်ရေးနေ့အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်ပါသည်။ အင်ဒိုနီးရှား ဗဟိုစာရင်းအင်း အေဂျင်စီ (BPS) ၏ အမျိုးသားဆန်စပါးသိုလှောင်မှုစစ်တမ်းရလဒ်များအရ ၂၀၂၂ ခုနှစ် ဇွန်လကုန်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ဆန်သိုလှောင်မှု တန်ချိန် ၉.၇၁ သန်းအထိရောက်ရှိခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်၊ ဇွန်လကုန်အထိ နိုင်ငံတော်၏ ဆန်လက်ကျန် ဖြန့်ဖြူးမှုမှာ အိမ်ထောင်စုများသို့ ၆၇.၉၄ ရာခိုင်နှုန်း၊ Bulog တွင် ကျန် ၁၁.၄၀ ရာခိုင်နှုန်းရှိကြောင်း၊ တစ်ချိန်တည်းတွင် ဆန်စက်များထံ၌ ၇.၁၅ ရာခိုင်နှုန်းနှင့် ကုန်သည်များထံ၌ ၁၀.၆၇ ရာခိုင်နှုန်းရှိကြောင်း၊ တရုတ်က ဆန်တန်ချိန် ၂.၅ သန်းနှင့် ဆော်ဒီက တစ်လလျှင် ဆန်တန်ချိန် တစ်သိန်းတောင်းကြောင်း၊ သို့ရာတွင် လက်ရှိ၌ တင်ပို့နိုင်မည်ဟုသတ္တိမရှိကြောင်း၊ ထုတ်လုပ်မှုပေါ်များလာသည်နှင့်အမျှ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ဖြစ်နိုင်ချေရှိသော ဈေးနှုန်းနှင့် ပေးရသည့်ဈေးမှာ အလွန်ကောင်းမွန်နေကြောင်း အင်ဒိုနီးရှားသမ္မတက ထည့်သွင်းပြောကြားခဲ့ပါသည်။

ထို့ပြင် ရုရှား-ယူကရိန်းစစ်ပွဲ၏ ဒိုမီနိုအကျိုးသက်ရောက်မှုသည် ကမ္ဘာ့ဂျုံစပါးထောက်ပံ့မှု ကွင်းဆက်ကို အနှောင့်အယှက်ဖြစ်စေခဲ့ကာ၊ အစားအသောက်နှင့် ကုန်ဈေးနှုန်းများမြင့်တက်စေ ရန်အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေခဲ့ကြောင်း၊ ၎င်းအခြေအနေ၌ နိုင်ငံအသီးသီး၏ ပို့ကုန်ကန့်သတ်ချက်များနှင့် ပို့ကုန်များကို တားမြစ်ပိတ်ပင်မှုများကြောင့် ပိုမိုဆိုးရွားလာစေခဲ့ကြောင်း၊ ကနဦးတွင် ပို့ကုန်ကန့်သတ်ထားသည့် နိုင်ငံ ၆ နိုင်ငံသာရှိခဲ့သော်လည်း ယခုအခါ နိုင်ငံပေါင်း ၂၃ နိုင်ငံအထိတိုးလာကြောင်း၊ အင်ဒိုနီးရှားကိုယ်တိုင်က စားနပ်ရိက္ခာဖူလုံမှုကို ကောင်းမွန်စွာထိန်းသိမ်းနိုင်ခဲ့ပြီး ဆန်ဖူလုံမှုကို ၃ နှစ်ကြာအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ IRRI မှ အသိအမှတ်ပြုထားသည့်အတိုင်း အင်ဒိုနီးရှားနိုင်ငံတွင် ဆန်ဖူလုံမှုရှိသည့်အတွက် စားနပ်ရိက္ခာဖူလုံရေးစနစ် ကောင်းမွန်ပါကြောင်း အင်ဒိုနီးရှားသမ္မတက ထည့်သွင်းပြောကြားခဲ့ပါသည်။

ထို့ကြောင့် လာမည့်ရေတိုကာလအတွင်း အင်ဒိုနီးရှားနိုင်ငံက ၎င်း၏စားနပ်ရိက္ခာဖူလုံမှုကို ဦးစားပေးဆောင်ရွက်လျက် ၎င်းနိုင်ငံမှ ဆန်တင်ပို့ဦးမည်မဟုတ်ကြောင်း သတင်းအရ သုံးသပ်တွေ့ရှိပါသည်။

ရင်းမြစ်၊ cnbcindonesia<br>
ဒေါက်တာရွှေစင်ကို<br>
ကုန်သွယ်ရေးဦးစီးဌာန<br>
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## စားအုန်းဆီကြမ်း အခမဲ့တင်ပို့ခွန်ကို သက်တမ်းတိုးလိုက်သဖြင့် အင်ဒိုနီးရှားရှိ ဆီအုန်းစိုက်တောင်သူများ အကျိုးကျေးဇူးဖြစ်ထွန်းလျက်ရှိ

စားအုန်းဆီစိုက်ခင်းရန်ပုံငွေစီမံခန့်ခွဲမှုအေဂျင်စီ (BPDPKS) ၏ ဦးဆောင်ကော်မတီသည် စားအုန်းဆီကြမ်း (CPO) နှင့် ၎င်း၏ ဆင့်ပွားကုန်စည်များအပေါ် တင်ပို့မှုစည်းကြပ်ခွန် ယာယီ ဖျက်သိမ်းရေးအား အတည်ပြုခဲ့ပြီး၊ အောက်တိုဘာလအထိ နောက်ထပ် ၂ လ သက်တမ်းတိုးပေးလိုက်ပါသည်။ ဘဏ္ဍာရေးဝန်ကြီး Sri Mulyani က စားအုန်းဆီကြမ်းနှင့် ၎င်း၏ ဆင့်ပွားကုန်စည်များအတွက် BPDPKS တင်ပို့မှုအခွန်စည်းကြပ်မှုကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှ ဩဂုတ်လ၊ ၃၁ ရက်နေ့အထိ သုည သို့မဟုတ် အခမဲ့အဖြစ် သတ်မှတ်ခဲ့ရာမှ၊ ယခုအခါ အောက်တိုဘာလအထိ သက်တမ်းတိုးမြှင့်ပေးခြင်း ဖြစ်ပါသည်။

"ပို့ကုန်စည်းကြပ်ခွန်ကာလ တိုးမြှင့်ခြင်းမှာ လက်ရှိအရှိန်အဟုန်ကို ထိန်းထားနိုင်ရန်ရည်ရွယ်ကြောင်း၊ စားအုန်းဆီကြမ်းဈေးနှုန်းများ တည်ငြိမ်နေချိန်တွင် ဟင်းချက်ဆီဈေးနှုန်းများ စတင်ကျဆင်းလာပြီး၊ (ဆီအုန်းအလုံးလိုက်အပါအဝင်) လတ်ဆတ်သော သစ်သီးစုံ(FFB) ဈေးနှုန်းများ စတင်မြင့်တက်လာရာ၊ စိုက်ပျိုးသူများ သို့မဟုတ် လယ်သမားများ၌ အကျိုးဖြစ်ထွန်းလာသည်ဟု စတင်ခံစားရလာကြောင်း" စီးပွားရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး Airlangga Hartarto က ဩဂုတ်လ (၂၉) ရက်နေ့တွင် ရေးသားဖော်ပြထားသည်။

အခမဲ့တင်ပို့ခွန်ကို သက်တမ်းတိုးမည့်ဆုံးဖြတ်ချက်အား တုံ့ပြန်သည့်အနေဖြင့် စားအုန်းဆီတောင်သူများသမဂ္ဂ (SPKS) ၏ အထွေထွေအတွင်းရေးမှူး Mansuetus Darto က အစိုးရ၏ ဆောင်ရွက်မှုမှာ တောင်သူလယ်သမားများ၏ လတ်ဆတ်သော သစ်သီးစုံဈေးနှုန်းကို ပံ့ပိုးရန် အပြုသဘောဆောင်ကြောင်း၊ သို့ရာတွင် အကဲဖြတ်ရန်လိုအပ်ကြောင်း၊ အထူးသဖြင့် K Index ကဲ့သို့ FFB ၏ ဈေးနှုန်းကို တွက်ချက်သည့် ယန္တရားမျိုးဖြစ်ကြောင်း၊ ပုဂ္ဂလိက အုန်းဆီကြိတ်လုပ်ငန်းများမှာ လယ်သမားဈေးနှုန်းထဲ၌ ပါဝင်နေသဖြင့်၊ လယ်သမားများဘက်မှ လက်ခံရရှိသောဈေးနှုန်းကို လျှော့ချပစ်သည်ကို သတိပြုရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

Source: cnbcindonesia

ဒေါက်တာရွှေစင်ကို

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

……………………………………………………………………………

## ထိုင်းနိုင်ငံ၌ ပင်လယ်စာစည်သွပ်ဗူးများနှင့် ပြုပြင်ထုတ်လုပ်ထားသော ပင်လယ်စာများကို ဝယ်လိုအား မြင့်တက်နေ

ထိုင်းနိုင်ငံ၏ ပင်လယ်စာစည်သွပ်ဗူးများနှင့် ပင်လယ်စာ ပြုပြင်ထုတ်လုပ်မှုများတွင် သက်ရောက်မှုများရှိနေသော်လည်း ၂၀၂၂ ခုနှစ်၊ ဒုတိယသုံးလပတ်အတွင်း အမေရိကန်နှင့် ဥရောပသမဂ္ဂဘက်မှ ဝယ်လိုအား ပိုမိုမြင့်မားလာသောကြောင့် ၁၅ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရပါသည်။ ထိုသို့ဝယ်လိုအား ပြန်လည်များပြားလာခြင်းမှာ စီးပွားရေးနာလန်ထူမှုများ စတင်ဖြစ်ပေါ်လာမှုကြောင့်အပြင် စားနပ်ရိက္ခာဖူလုံမှုမရှိမည်ကို စိုးရိမ်နေသည့် အခြားနိုင်ငံများက ၎င်းပစ္စည်းများကို ပိုမိုတင်သွင်းမှုပြုလာကြခြင်းကြောင့် ဖြစ်ပါသည်။

Source: tridge

ဒေါက်တာရွှေစင်ကို

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

……………………………………………………………………….

## ထိုင်းနိုင်ငံတွင် သကြားဝယ်လိုအား မြင့်တက်နေ

ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ သကြားလုပ်ငန်းကဏ္ဍမှာ အောင်မြင်မှုများ ရရှိလျက်ရှိပါသည်။ ၂၀၂၂ ခုနှစ်၊ ဒုတိယ သုံးလပတ်ကာလအတွင်း သကြားဝယ်လိုအားမြင့်မားလာမှုကြောင့် ပြည်ပသို့ သကြားတင်ပို့မှု (၁၉၈) ရာခိုင်နှုန်း ပိုမိုတင်ပို့ခဲ့သည်ဟု သိရပြီး၊ ထိုသို့မြင့်တက်လာရခြင်းမှာ စားသုံးရန်အပြင် လောင်စာဆီအစားထိုးသုံးစွဲရန်အတွက် ဝယ်လိုအား ပိုမိုများပြားလာခြင်းကြောင့် ဖြစ်ကြောင်း သတင်းရရှိပါသည်။

Source: tridge

ဒေါက်တာရွှေစင်ကို

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

………………………………………………………………………………………………..

Agribusiness & Trade

## ဂျာမနီနိုင်ငံက ကနေဒါနိုင်ငံမှ ဟိုက်ဒရိုဂျင်စွမ်းအင် တင်သွင်းမည့် အစီအစဉ်

ဂျာမနီနိုင်ငံသည် ကနေဒါနိုင်ငံမှ ဟိုက်ဒရိုဂျင်စွမ်းအင်(green hydrogen) တင်သွင်းရန် အစီအစဉ်အတွက် ၂၃.၈.၂၀၂၂ ရက်နေ့တွင် ဂျာမန်ဝန်ကြီးချုပ် Mr.Olaf Scholz နှင့် ကနေဒါနိုင်ငံ ဝန်ကြီးချုပ် Mr.Justin Trudeau တို့ ကနေဒါနိုင်ငံရှိ green hydrogen စက်ရုံတည်ဆောက်မည့် Newfoundland ဒေသတွင်သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ဂျာမနီနိုင်ငံရှိစွမ်းအင်ကုမ္ပဏီများကလည်း ယင်းသို့ တင်သွင်းရန် သဘောတူခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးသည် လက်မှတ်ရေးထိုးသည့်နေ့ အစောပိုင်းက Toronto မြို့တွင် စီးပွားရေးဆိုင်ရာ ညီလာခံကိုလည်း တက်ရောက်ခဲ့ကြပြီး ရှေ့ဆက်၍ ကနေဒါနိုင်ငံမှ liquefied natural gas (LNG) ဝယ်ယူတင်သွင်းရန်ကိုလည်း ဆက်လက်ဆွေးနွေးရန် အစီအစဉ် ရှိပါသည်။ ဂျာမနီနိုင်ငံသည် ရုရှားနိုင်ငံမှ လောင်စာစွမ်းအင်တင်သွင်းရမှုကို လျော့ချရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိပြီး ကနေဒါနိုင်ငံမှ green hydrogen တင်သွင်းမှုသည် ၃ နှစ်အတွင်း စတင်နိုင်ဘွယ်ရှိပါသည်။

ဂျာမန်ဝန်ကြီးချုပ်က ကနေဒါနိုင်ငံသည် ရေရှည်တည်တံ့သောစွမ်းအင်ပိုင်း ဆောင်ရွက်နိုင်မှု အားကောင်းသောနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ green hydrogen ထုတ်လုပ်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြောင်း၊ စီးပွားရေးပူးပေါင်းမှုတစ်ခုတည်းမဟုတ်ဘဲ ရေရှည်တည်တံ့သောစွမ်းအင်ရရှိရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောဆိုပါသည်။ ကနေဒါနိုင်ငံဝန်ကြီးချုပ်က မိမိတို့အနေဖြင့် ဂျာမနီနိုင်ငံနှင့် ဥရောပနိုင်ငံသားများအားလုံးအတွက်လာမည့် ဆောင်းရာသီကာလ တွေ့ကြုံရနိုင်သည့် စိန်ခေါ်မှုများအတွက် ဖြစ်နိုင်သမျှကူညီဆောင်ရွက်ပေးရန် နည်းလမ်းများ ရှာဖွေဆောင်ရွက်လျှက်ရှိကြောင်း ပြောကြားပါသည်။ ဂျာမန်စွမ်းအင်ကုမ္ပဏီများဖြစ်သည့် Eon နှင့် Uniper တို့သည် ကနေဒါနိုင်ငံ Everwind ကုမ္ပဏီနှင့် ဟိုက်ဒရိုဂျင်စွမ်းအင်အမြောက်အမြားကို ၂၀၂၅ ခုနှစ်မှ စတင်၍ တင်သွင်းရန်နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ကနေဒါနိုင်ငံအနေဖြင့် လက်ရှိအခြေအနေတွင် LNG နှင့် hydrogen ထုတ်လုပ်နိုင်မှုတို့အတွက် အချိန်ယူဆောင်ရွက်ရဦးမည်ဖြစ်ပြီး အခြေခံအားဖြင့် hydrogen သည် ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓါတ်ငွေ့များသုံးစွဲမှုကို အစားထိုးနိုင်သည့် အင်အားကြီးမားသည့်စွမ်းအင်တစ်ခုဖြစ်ကာ တွင်းထွက်လောင်စာစွမ်းအင်များထက်လည်း ဈေးနှုန်းမြင့်မားမှု ရှိပါသည်။ ကနေဒါနိုင်ငံသည် လေထုအင်အားကောင်းသည့် Newfoundland ဒေသကို green hydrogen စက်ရုံတည်ဆောက်မည့်နေရာအဖြစ် သတ်မှတ်ထားပါသည်။

Source:https://www.dw.com/en/germany-and-canada-sign-hydrogen-deal/a-62899992

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး
ဘာလင်

## ဟိုက်ဒရိုဂျင်စွမ်းအင်အသုံးပြု ဂျာမန်ရထားလိုင်းများ စတင်

ဂျာမန်ဒေသခံရထားလိုင်းများ(local train route)သည် ဟိုက်ဒရိုဂျင်စွမ်းအင် အသုံးပြုမောင်းနှင်ခြင်းကို ပြင်သစ်ကုမ္ပဏီ Alstom မှထုတ်လုပ်သော ရထားတွဲများဖြင့် စတင်ရန်စီစဉ်လျှက်ရှိပါသည်။ Lower Saxony ပြည်နယ်ဝန်ကြီးချုပ် Stephan Weil က ၂၄.၈.၂၀၂၂ ရက်နေ့တွင် ဟိုက်ဒရိုဂျင်စွမ်းအင် အသုံးပြုရထားလိုင်းများစတင်ခြင်းအခမ်းအနားကို Bremervörde မြို့တွင်တက်ရောက်ခဲ့ပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် Lower Saxony ပြည်နယ်အနေဖြင့် လေထုညစ်ညမ်းမှုမရှိသည့် (climate neutrality) ခရီးသွား ပို့ဆောင်မှုများအတွက် အောင်မြင်မှုမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါစီမံကိန်းသည် တန်ဘိုးအားဖြင့် ယူရို(၉၃) သန်းရှိပြီး ရထားတွဲများကို ပြင်သစ်နိုင်ငံတွင် ဒီဇိုင်းပြုလုပ်၍ ဂျာမနီနိုင်ငံတွင် ပြန်လည်တပ်ဆင်ထုတ်လုပ်ခြင်းဖြစ်ကာ ဂျာမနီနိုင်ငံရှိ German DLR space agency ၏ Institute for Concept Vehicles က သုတေသနလုပ်ငန်းများ ပံ့ပိုးပြုလုပ်ပေးခဲ့ခြင်းဖြစ်ပါသည်။ စီမံကိန်းအစီအစဉ်အရ နှစ်စဉ် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှု (၈) တန်ခန့် လျော့ကျနိုင်ရန် ခန့်မှန်းထားရှိပြီး ပြင်သစ်ကုမ္ပဏီ Alstom ၏ စီမံကိန်းမန်နေဂျာက ဒီဇယ်စွမ်းအင် အသုံးပြုနေသည့် ဂျာမန်ရထားလိုင်းပေါင်း (၂၅၀၀) မှ (၃၀၀၀) အတွင်းကို ဟိုက်ဒရိုဂျင်စွမ်းအင် အသုံးပြု ရထားလိုင်းများအဖြစ် အစားထိုးပြေးဆွဲနိုင်မည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ဂျာမန် ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့် Siemens ကုမ္ပဏီကလည်း ၎င်း၏ ပထမဦးဆုံး prototype hydrogen train ကို စမ်းသပ်လျှက်ရှိပြီး ၂၀၂၄ ခုနှစ်ခန့်တွင် စတင်ပြေးဆွဲနိုင်ရန် ခန့်မှန်းထားရှိကြောင်း သိရှိရပါသည်။

Source: https://www.dw.com/en/german-train-line-switching-fully-to-hydrogen/a-62907198

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး

ဘာလင်

Agribusiness & Trade

..............................................................

## German Coffee Association နှင့် တွေ့ဆုံဆွေးနွေး

ဟမ်းဘတ်မြို့အခြေစိုက် German Coffee Association မှ General Manager ဖြစ်သူ Mr.Holger Preibisch နှင့် ၂၉.၈.၂၀၂၂ ရက်နေ့တွင် Zoom meeting ဖြင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲမတိုင်မီ German Coffee Association ဘက်မှ တောင်းဆိုချက်အရ စီးပွားရေး

သံမှူးက မြန်မာကော်ဖီ product profile နှင့် မြန်မာနိုင်ငံမှ အီးယူနိုင်ငံများနှင့် ဂျာမနီနိုင်ငံသို့ တင်ပို့သည့် ပို့ကုန်အချက်အလက်များကို ပေးပို့ထားခဲ့ပါသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးသံမှူးက တွေ့ဆုံဆွေးနွေးခွင့်ရရှိ၍ ကျေးဇူးတင်ရှိပါကြောင်း၊ အစည်းအဝေးမတိုင်မီ ကြိုတင်ပေးပို့ပေးခဲ့သော အချက်အလက်များကို လေ့လာကြည့်ရှုပြီး ဖြစ်မည်ဟုယူဆပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာရေဗီကာနှင့် ရိုဘတ်စတာကော်ဖီများကို တစ်နှစ်ပျမ်းမျှ တန်ချိန် (၇၀၀၀)ခန့် ထုတ်လုပ်နိုင်ပြီး ပို့ကုန်အနေဖြင့်ပျမ်းမျှ တန်ချိန်(၈၀၀)မှ (၁၀၀၀) အကြား တင်ပို့နေခြင်းရှိကြောင်း၊ အာရှနိုင်ငံများ အမေရိကန်နိုင်ငံနှင့် အီးယူနိုင်ငံများသို့ ဖြစ်ကြောင်း၊ အီးယူနိုင်ငံများသို့ တင်ပို့မှုသည် တိုးတက်လာသော်လည်း ဂျာမနီနိုင်ငံသို့ တင်ပို့မှုသည် ၂၀၁၈ ခုနှစ်မှစ၍ လျော့ကျလာခြင်းရှိကြောင်း၊ အီးယူနိုင်ငံများအနက် ဘယ်လ်ဂျီယမ်နိုင်ငံက အများဆုံးတင်သွင်းနေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ ရေမြေသဘာဝနှင့် ရာသီဥတု အခြေအနေများ၊ Cupping results များ မြင့်မားကောင်းမွန်မှုအရ အထူးတန်းဝင် အရည်အသွေးမြင့် Specialty Coffee များကို ၂၀၁၄-၂၀၁၅ ခုနှစ်လောက်မှစ၍ ထုတ်လုပ်နိုင်ပြီး Development Projects များ၏ ပံ့ပိုးကူညီမှုများကလည်း ဈေးကွက်ဝင်ရောက်နိုင်ရန် များစွာအထောက်အပံ့ပေးခဲ့ကြောင်း၊ မြန်မာကော်ဖီအသင်းကိုလည်း ဖွဲ့စည်းထားရှိပြီး အသင်းကဦးဆောင်၍ ယခုနှစ် ဖွန်လအတွင်း အီတလီနိုင်ငံ မီလန် Coffee Expo ပွဲတွင် မြန်မာကော်ဖီကုမ္ပဏီများ ဝင်ရောက်ပြသခဲ့ကြကြောင်း၊ Specialty Coffee ကို ဂျပန်၊ ကိုရီးယား၊ အမေရိကန်နိုင်ငံနှင့်အီးယူနိုင်ငံများသို့ တင်ပို့နေကြောင်း၊ ဂျာမနီနိုင်ငံတွင်လည်း Specialty Coffee သောက်သုံးမှုကို ပိုမိုနှစ်ခြိုက်လာကြသည်ကို သိရှိပါကြောင်း၊ ဂျာမနီနိုင်ငံသို့ တင်ပို့နိုင်မှုအတွက် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ အကြံပြုချက်များရှိပါက ပံ့ပိုးပေးစေလိုကြောင်း၊ ဆွေးနွေးပြောကြားပါသည်။

Mr.Holger Preibisch က မိတ်ဆက်တွေ့ဆုံမှုအတွက် ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း၊ ဂျာမနီနိုင်ငံသည် ကော်ဖီဈေးကွက်ကြီးမားပြီး အမေရိကန်နိုင်ငံပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးဆုံး ကော်ဖီတင်သွင်းသူနှင့် ဥရောပတွင် အများဆုံးတင်သွင်းသူဖြစ်ကြောင်း၊ နှစ်စဉ်ပျမ်းမျှတန်ချိန် (၁၀)သန်းခန့် တင်သွင်းနေကြောင်း၊ မြန်မာနိုင်ငံ၏ကော်ဖီဈေးကွက်ဝေစုသည် နည်းပါးနေပြီး ၂၀၁၇ ခုနှစ် နောက်ပိုင်း အီးယူနိုင်ငံများသို့တင်ပို့မှုတိုးတက်လာသော်လည်း ဂျာမနီနိုင်ငံသို့တင်ပို့မှု ကျဆင်းလာခြင်းအတွက် အဖြေရှာစဉ်းစားရန်လိုအပ်ကြောင်း၊ မိမိတို့အသင်းအနေဖြင့် အဖွဲ့ဝင်များနှင့် ဂျာမန်ကော်ဖီလုပ်ငန်းကဏ္ဍအတွက် မူဝါဒ၊ ဥပဒေရေးရာ၊ နည်းပညာနှင့် ထုတ်ကုန်အရည်အသွေးပိုင်း၊ ဈေးကွက်သုတေသနပိုင်း၊ သင်တန်းနှင့် ဆွေးနွေးပွဲများ စသည်တို့တွင် ပံ့ပိုးပေးနေပြီး ကုန်သွယ်မှုပိုင်း၊ ဈေးကွက်ဝင်ရောက်မှုပိုင်းနှင့် ပတ်သက်၍ ဂျာမနီနိုင်ငံအခြေစိုက် Coffee trading houses များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အကြံပြုလိုကြောင်း၊

Agribusiness & Trade

ဆက်သွယ်ရမည့် Contacts များပေးပို့ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ trading houses များသည် Specialty Coffee ကို အလေးထားလုပ်ကိုင်နေကြသူ များလည်းဖြစ်ပြီး အီးယူ ကော်ဖီလုပ်ငန်း အများစုနှင့် ချိတ်ဆက်ဆောင်ရွက်နေကြသူများလည်း ဖြစ်ကြောင်း၊ အာရှဒေသတွင် ဗီယက်နမ် နိုင်ငံသည် အီးယူဒေသသို့ ကော်ဖီအများဆုံးတင်ပို့သူ ဖြစ်သော်လည်း အရည်အသွေးပိုင်းတွင် မြန်မာနိုင်ငံကဲ့သို့ အထူးတန်းဝင်မဟုတ်ဘဲ ကွာခြားမှုရှိသည်ဟု ယူဆကြောင်း၊ ဆွေးနွေးပါသည်။

ဆက်လက်၍ ဂျာမနီနိုင်ငံ၏ ကော်ဖီဈေးကွက်အခြေအနေနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြရာ Certification လိုအပ်ချက်သည် ဈေးကွက်အလိုက် အမျိုးမျိုးကွာခြားကြောင်း၊ ဂျာမနီနိုင်ငံ ကော်ဖီဈေးကွက်တွင် Fairtrade Certificate သည် ၅ ရာခိုင်နှုန်း၊ Rainforest Certificate သည် ၁၀ ရာခိုင်နှုန်းခန့်နှင့် အော်ဂဲနစ် Certificate သည် ၃ ရာခိုင်နှုန်းခန့်သာ နေရာယူထားကြောင်း၊ ယေဘူယျအားဖြင့် ဂျာမနီနိုင်ငံရှိကော်ဖီထုတ်ကုန် အများစုသည် Certificate ကို များစွာအသုံးပြုမှုမရှိကြကြောင်း၊ Specialty Coffee အတွက်မူ အများအားဖြင့် Certification လိုအပ်ချက် အတွက် သီးခြားသတ်မှတ်မှုမျိုးမရှိကြဘဲ အရည်အသွေးကောင်းမွန်မှုကိုသာ အဓိကထားကြကြောင်း၊ ဂျာမန် စားသုံးသူများက Specialty Coffee ကို ပိုမိုသောက်သုံးလာကြပြီး ထုတ်လုပ်သူ Small roasters ပေါင်း (၁၀၀၀) ခန့်ရှိပြီး Specialty Coffee သည်ကော်ဖီဈေးကွက်ဝေစု၏ ၇ ရာခိုင်နှုန်းရှိကြောင်း၊ ဂျာမနီနိုင်ငံတွင် ကော်ဖီသောက်သုံးမှုမှာ တစ်နှစ်ပျမ်းမျှ တန်ချိန်(၄၅၀၀၀၀) ခန့်ရှိရာ Specialty Coffee ၇ ရာခိုင်နှုန်းရှိခြင်းကြောင့် ဈေးကွက်အလားအလာများစွာရှိကြောင်း၊ ဘရီမင်၊ ဟမ်းဘတ်၊ဘာလင်တို့တွင် roasting industry လုပ်ငန်းကြီးများ အဓိကလုပ်ကိုင်နေကြကြောင်း၊ ဂျာမန်ကော်ဖီလုပ်ငန်းများသည် နိုင်ငံအသီးသီးမှ ကော်ဖီအမျိုးအစားများကို ရောနှော၍ roasting နှင့် blending ပြုလုပ်ကြပြီး အရသာတစ်မျိုးတည်းဖြစ်စေရန် နှစ်စဉ်ပြုလုပ်ကြကြောင်း၊ roasted coffee ကို တင်သွင်းခြင်း မပြုလုပ်ကြကြောင်း၊ Packaging အများစုတွင် country of origin ကို ဖော်ပြခြင်းမပြုကြဘဲ Specialty Coffee များတွင်သာ မြင်တွေ့နိုင်ကြောင်း ဆွေးနွေးသိရှိရပါသည်။

မြန်မာနိုင်ငံရွှေတောင်သူကော်ဖီအဖွဲ့မှ ထုတ်လုပ်သော Catuai အမျိုးအစား Dry Natural နှင့် fully washed ကော်ဖီနမူနာများကို စီးပွားရေးသံမှူးက မိတ်ဆက်ပြသခဲ့ရာ Mr.Holger Preibisch က Coffee houses များသို့ အဆိုပါနမူနာအထုပ်များပေးပို့၍ ဆက်သွယ်ဆောင်ရွက်ရန်အကြံပြုလိုကြောင်း၊ မြန်မာနိုင်ငံမှ ကော်ဖီသည် Specialty Coffee တန်းဝင်အမျိုးအစားအနေဖြင့် အရည်အသွေးပြည့်ဝစွာ ထုတ်လုပ်နိုင်ပြီး ပြည့်စုံကောင်းမွန်မှုရှိသည်ကို သိရှိထားပါကြောင်း၊ ပိုမိုတိုးတက်ထုတ်လုပ် တင်ပို့စေလိုကြောင်း၊ မြန်မာကော်ဖီနှင့် ကော်ဖီစိုက်တောင်သူများအတွက် ဆုမွန်ကောင်းတောင်းပေးပါကြောင်းစသည်ဖြင့် ဆွေးနွေးပြောကြားပါသည်။ ဆွေး

Agribusiness & Trade

နွေးပွဲပြီးနောက် German Coffee Association က ဆက်သွယ်ဆောင် ရွက်ရမည့် Coffee trading houses များစာရင်းကို ပေးပို့လာခဲ့ပြီး ဆက်လက်ဆက်သွယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာစီးပွားရေးသံမှူး(ဘာလင်)
သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

……………………………………………………………………………………………………

Agribusiness & Trade